# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ခုနှစ် ၊ ဝါဆိုလဆန်း (၁၃) ရက် ၊ ကြာသပတေးနေ့ ၊ (18-7-2024) ၊ အတွဲ (၃၃) ၊ အမှတ် (၀၇၉)


ဒို့တာဝန်အရေးသုံးပါး

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ၂၀၂၄ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ မဟာမင်္ဂလာအခမ်းအနားကျင်းပ

**နေပြည်တော် ဇူလိုင် ၁၇**

၂၀၂၄ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) အနော်ရထာခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ တို့တက်ရောက်ကြည်ညို၍ ဝါဆိုသင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းတို့ကို ဆက်ကပ်လှူဒါန်းသည်။

**စာမျက်နှာ ၁၆ ကော်လံ ၁ ☞**



**နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ တို့က ဝါဆိုသင်္ကန်းဆက်ကပ် လှူဒါန်းစဉ်။**




# ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း မိကျောင်းကွမ်းဖတ် ပိဿာချိန် ၈၄၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့

**ငပုတော ဇူလိုင် ၁၇**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း မိကျောင်းကွမ်းဖတ် ပိဿာချိန် ၈၄၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း ငပုတောမြို့နယ် လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်သန်းသန်းဆွေက ပြောပြ၍ သိရသည်။

ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ်မေလအတွင်းက မိကျောင်းကွမ်းဖတ် ပိဿာချိန် ၆၆၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန် ၁ ရက်မှ ၃၀ ရက်ထိ တစ်လအတွင်း မိကျောင်းကွမ်းဖတ် ပိဿာချိန် ၈၄၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"မိကျောင်းကွမ်းဖတ်တွေကို ငပုတောမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ထဲကို တင်ပို့ရောင်းချနေပါတယ်။ ဇွန်လအတွင်း မိကျောင်းကွမ်းဖတ် ပိဿာချိန် ၈၄၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ကနေတစ်ဆင့် ပြည်ပဈေးကွက်ကို တင်ပို့ရောင်းချတာလို့သိရတယ်။ တင်ပို့ရောင်းချအားတက်လာတော့ စိုက်တဲ့သူတွေလဲ အဆင်ပြေနေပါတယ်။ ပြည်ပဈေးကွက် ဝယ်လိုအားရှိလာတာကြောင့် တင်ပို့ရောင်းချအားပါတက်လာတာပါ။ မိကျောင်းကွမ်းဖတ်လုပ်ငန်းက ငပုတောမြို့နယ်ဘက်မှာ အရင်ကထက် လုပ်ကိုင်သူတွေ ပိုများလာပါတယ်"ဟု ငပုတောမြို့နယ် လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်သန်းသန်းဆွေက ပြောပြသည်။

ငပုတောမြို့နယ်တွင် မိကျောင်းကွမ်းဖတ်များကို ပင်လယ်ကမ်းစပ်နှင့်နီးသည့် ကျေးရွာများတွင် အများဆုံးစိုက်ပျိုးကြပြီး စိုက်ပျိုးပြီး ချိန်ကစ၍ ပိုးသတ်ဆေး၊ မှိုသတ်ဆေးများဖျန်းပေးရပြီး လိုအပ်ပါက ရေတင်ပေးရကြောင်း၊ အဆိုပါ မိကျောင်းကွမ်းဖတ်တစ်ကေလျှင် ပျမ်းမျှအထွက်နှုန်း ၁၈ တင်းမှ ၂၇ တင်းထိထွက်ရှိကြောင်း ငပုတောမြို့နယ် လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်သန်းသန်းဆွေက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့ ဇီဝိတဒါနသံဃာ့ဆေးရုံ သီလရှင်ဆောင်ကြီးကြပ်ရေးအမျိုးသမီးဆပ်မကော် မတီ အလှူရှင်အဖွဲ့က တစ်နေ့တာ ဆွမ်းအလှူငွေကျပ် ၇၀၀၀၀၀ လှူဒါန်းရာ ဆေးရုံကြီးကြပ်ရေးနှင့် အထောက်အကူပြု အဖွဲ့ ခေါင်းဆောင် သုဓမ္မမဏိဇောတဓရ ဦးစိုးလင်း၊ ဆေးရုံအုပ်ကြီး ဒေါက်တာ ဦးခင်မောင်နှင့် တာဝန်ရှိသူများက လက်ခံရယူစဉ်။

# ယင်းမာပင်ခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသောနွေစပါး ၁၀၀၄ ဧက ရိတ်သိမ်းပြီးစီး



**ယင်းမာပင် ဇူလိုင် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသောနွေစပါး ၁၀၀၄ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းမာပင်ခရိုင်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ စိုက်ပျိုးထားသောနွေစပါးစိုက်ခင်းများကို ဇွန်လမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၁၀၀၄ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၇၉ ဒသမ ၉၇ တင်းထွက်ရှိခဲ့ကြောင်း သိရသည်။

"ယင်းမာပင်ခရိုင် နွေသီးနှံစိုက်ပျိုးရာသီမှာ နွေစပါး ၁၀၀၄ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိအချိန်မှာတော့ ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ နွေစပါးစိုက် တောင်သူတွေကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးတာတွေ၊ ပိုးမွှားကျရောက်မှုကာကွယ်ရေးအသိပညာပေးတာတွေ၊ သီးနှံများ ပျက်စီးဆုံးရှုံးမှုမရှိစေရေး၊ ရိတ်သိမ်းပြီးစပါးများ အမိုးအကာအောက်ကို အချိန်မီရောက်ရှိစေရေး စတဲ့ အသိပညာတွေ ပေးခဲ့ပါတယ်"ဟု ယင်းမာပင်ခရိုင်စိုက်ပျိုးရေးဦးစီး ဌာန ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

ယင်းမာပင်ခရိုင်တွင် မြို့နယ်အလိုက် နွေစပါးရိတ်သိမ်းပြီးစီးမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၂၁၇ ဧက၊ ကနီမြို့နယ်တွင် ၃၂၉ ဧက၊ ဆားလင်းကြီးမြို့နယ်တွင် ၄၂၂ ဧကနှင့်ပုလဲမြို့နယ်တွင် ၃၆ ဧက စုစုပေါင်း ၁၀၀၄ ဧကတို့ဖြစ်ကြောင်း သိရသည်။

ယင်းမာပင်ခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါးစိုက်ပျိုးရာမှာ အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့်ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ယခုနှစ် ယင်းမာပင်ခရိုင်တွင် နွေစပါးစိုက်တောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နွေစပါးအထွက်နှုန်းတိုးတက်ရေး မြေဩဇာကျွေးနည်းစနစ်၊ သဘာဝမြေဩဇာ အသုံးပြုတတ်စေရေး၊ ပေါင်းရှင်းတတ်စေရေးနှင့် ပိုးသတ်ဆေးသုံးစွဲ တတ်စေရေးစသည့် အသိပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(၂၀၆)

# မြန်အောင်မြို့နယ် ငါးသိုင်းအင်းကျေးရွာ၌ ကျောက်ရောမြေနီလမ်းခင်းခြင်း စစ်ဆေး

**မြန်အောင် ဇူလိုင် ၁၇**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် မြန်အောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ငါးသိုင်းအင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ကျေးရွာတွင်း ကျောက်ရောမြေနီလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဇူလိုင် ၁၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြန်အောင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်အေးအေးလှိုင်နှင့် တာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ငါးသိုင်းအင်းကျေးရွာ၌ ကျေးရွာတွင်း ကျောက်ရောမြေနီလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီးဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိမ်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

မြန်အောင်မြို့နယ် ငါးသိုင်းအင်းကျေးရွာ၌ ကျေးရွာတွင်း အရှည် ၄၄၅ ပေ၊ အကျယ် ၁၇ ပေ၊ အမြင့် ခြောက်လက်မရှိ ကျောက်ရောမြေနီလမ်း ခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေကျပ်သိန်း ၁၅၀ အသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဇွန်လ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**သံသာ**

# သာစည်မြို့နယ် ဈေးရွာကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**သာစည် ဇူလိုင် ၁၇**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)အကောင်အထည်ဖော်ဆောင်ရွက်မည့် ညောင်ရမ်းဈေးကျေးရွာအုပ်စု ဈေးရွာကျေးရွာ၌ စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့်ကော်မတီဖွဲ့စည်းခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်းသိရသည်။


ရှေးဦးစွာ သာစည်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းစဉ်အဆင့်ဆင့် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်အကြောင်းအရာတို့ကို ကျေးရွာသို့ ချပြရှင်းလင်းခြင်း၊ နှစ်အလိုက်ဦးစားပေးလုပ်ငန်းများရွေးချယ်နိုင်ရန် ဆွေးနွေးခြင်း ပြောကြားခဲ့သည်။

ထို့နောက် ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်က စီမံကိန်းလက်စွဲစာစောင်ပါ ကော်မတီဝင်များရွေးချယ်ရာတွင် လိုက်နာရမည့် အချက်များ၊ ကော်မတီဝင်များ၏ လုပ်ငန်းတာဝန်များနှင့် ကျေးရွာစွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုစနစ်ဆောင်ရွက်ကြရန် ရှင်းလင်းဆွေးနွေးပြောကြားခဲ့သည်။

ဆက်လက်၍ အစည်းအဝေးတက်ရောက်လာသည့်ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ၁၁ ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ပေးခဲ့ကြောင်း သိရသည်။

ဈေးရွာကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကို နိုင်ငံတော်ပံ့ပိုးငွေကျပ် သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေများဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက အနီးကပ်ကြီးကြပ်၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သာစည်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းထံမှ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**



# တောင်ဖီလာဆရာတော်နှင့် ဝေဿန္တရာပျို့ (၁)

ဗိုလ်ရှိတ်(ရတနာပူရ)

တောင်ဖီလာဆရာတော်ကြီးသည် ညောင်ရမ်းခေတ်ဦးကာလတွင် လွန်စွာထင်ရှားကျော်စောတော်မူသော ဆရာတော်ကြီးဖြစ်သည်။ မြန်မာပြည် သာသနာဝင်အကြောင်းကို ရေးမည်၊ ပြောမည်ဆိုလျှင် တောင်ဖီလာဆရာတော်ကြီး မပါလျှင်မဖြစ်ပေ။ ပိဋကတ်သုံးပုံစာတမ်းကို ရေးသားပြုစုခဲ့သော မိုင်းခိုင်းမင်းကြီးဦးယမ်က ပိဋကတ်သုံးပုံစာတမ်းကျမ်း၌ ကျော်စောခြင်း လေးပါးနှင့် ပြည့်စုံသော ဆရာတော်ကြီးဖြစ်ကြောင်း တခုတ်တရမှတ်တမ်းတင်ဖော်ပြထားသည်။ ဦးယမ်ဖော်ပြထားသော တောင်ဖီလာဆရာတော်၏ ကျော်စောခြင်း လေးပါးမှာ-

၁။ သူငယ်ဘဝ၌ ကျော်စောခြင်း

၂။ သာမဏေဘဝ၌ ကျော်စောခြင်း

၃။ ပဥ္စင်းအဖြစ်၌ ကျော်စောခြင်း

၄။ မဟာထေရ်ဘဝ၌ ကျော်စောခြင်း ဟူ၍ဖြစ်သည်။ ဆရာကြီးဦးဆန်းထွန်း(မန်းတက္ကသိုလ်)၏ မှတ်တမ်းတွင်လည်း တောင်ဖီလာဆရာတော်သည်-

၁။ ကျောင်းသားကျော်

၂။ သာမဏေကျော်

၃။ ပဥ္စင်းကျော်

၄။ ပုဂ္ဂိုလ်ကျော် ဟူသော ကျော်လေးချက်နှင့် ကျော်စောကြောင်း ပြဆိုထားသည်။

ထိုမျှကျော်စောသော တောင်ဖီလာဆရာတော်၏ ဘဝအကြောင်းသည် သာသနာဝင်ကျမ်းအသီးသီးတို့တွင် တစ်စစီပြန့်ကျဲလျက်ရှိသည်။ တောင်ဖီလာဆရာတော် ဘဝဖြစ်စဉ်နှင့်ပတ်သက်၍လည်းကောင်း၊ ဆရာတော်တောထွက်ရခြင်းအကြောင်းနှင့်ပတ်သက်၍လည်းကောင်း ကွဲလွဲမှုတချို့ရှိသည်။ ထို့အတူ ဆရာတော်ကြီးပြုစုခဲ့သော စာပေများနှင့်စပ်လျဉ်း၍ အငြင်းပွားဖွယ်ရာများရှိသည်။ တောင်ဖီလာဆရာတော်ရေးသည်ဟုဆိုခဲ့သော ဖျက်စု၊ ခက်စု၊ ခဲစုဆုံးမစာများသည် တကယ်ပင် တောင်ဖီလာဆရာတော်ရေးသလော၊ တောင်ဖီလာဆရာတော်ရေးခဲ့သော ဝေဿန္တရာပျို့သည် ဝေဿန္တရာဟောစာလော၊ ပျို့လော စသည်ဖြင့် အငြင်းပွားဖွယ်ရာများရှိသည်။ ထိုသို့ မညီညွတ်သော အငြင်းပွားဖွယ်ရာများပြန့်ကျဲနေသော ဘဝဖြစ်စဉ်များကို တစ်စုတစ်စည်းတည်း ရှိစေရန်ရည်ရွယ်ပြီး ဘဝအကြောင်းကို ရှာဖွေရေးသားရန် ဆန္ဒဖြစ်မိသည်။ ထိုဆန္ဒပြီးမြောက်စေရန် တောင်ဖီလာဆရာတော်နှင့်ပတ်သက်သည့် စာပေများ၊ ကျမ်းဂန်များကို ရှာဖွေစုဆောင်းခဲ့သည်။ ရလာသမျှ အထောက်အထားများကို တစ်ခုချင်းစစ်ဆေးသည်။ ခေတ်ပြိုင်မှတ်တမ်းများကို အလေးထားသည်။ အဓိကအားဖြင့် မြန်မာဘာသာ၊ နိဿယကျမ်း များကို အထောက်အထားပြုပြီး တောင်ဖီလာဆရာတော်အကြောင်းကို ရေးသားရခြင်းဖြစ်သည်။ တောင်ဖီလာဆရာတော်သည် ပါဠိဘာသာဖြင့် ရေးသားပြုစုခဲ့သည်များရှိသည်။ ကျွန်တော်သည် ပါဠိဘာသာ မတတ်ခြင်းကြောင့် ပါဠိဘာသာဖြင့်ရေးခဲ့သော အထောက်အထားများအသုံးပြုမှု နည်းပါးသည်။ သို့သော်လည်း တတ်ကျွမ်းသောပညာရှင်များ ဘာသာပြန်ထားသည်များကို တတ်နိုင်သမျှရှာဖွေကိုးကားခဲ့သည်။ စွမ်းနိုင်သမျှစေ့အောင် ကြိုးစား၍ တောင်ဖီလာဆရာတော်ကြီးအကြောင်းကို သုတေသနပြုရေးသားလိုက်ခြင်းဖြစ်သည်။

**ဇာတိနှင့်မွေးဖွားရျိန်**

တောင်ဖီလာဆရာတော်သည် စလင်းမြို့ဇာတိဖြစ်သည်။ သက္ကရာဇ် ၉၄၀ ပြည့်နှစ်တွင် မွေးဖွားသည်။ မင်းလှသီရိသီဟသူရေးသော ဆရာတော် ၁၀၅ ပါး ဦးရေစာရင်း၌ တောင်ဖီလာဆရာတော်အကြောင်းကို ဤသို့ တိုတိုတုတ်တုတ်မှတ်တမ်းတင်ထားသည်။

"သက္ကရာဇ် ၉၄၀ ပြည့်နှစ်တွင် ဖွားမြင်တော်မူသည်။ နံ ၅ တေး၊ ဇာတိ စလင်းမြို့၊ ရဟန်းမည် မုနိန္ဒဃောသ၊ သက်တော် ၇၃ နှစ်၊ ဘကြီးတော် ငါးထပ်ဒါယကာလက်ထက် သက္ကရာဇ် ၁၀၁၃ ခုနှစ်တွင် ဘဝပြောင်းတော်မူသည်။ ကျောင်းတိုက် စစ်ကိုင်းတောင်ဖီလာတွင်သီတင်းသုံးသည်။ တံဆိပ် တိပိဋကာလင်္ကာရ။"

အထက်ပါမှတ်တမ်းအရ ဆရာတော်သည် စလင်းမြို့ဇာတိဖြစ်ကြောင်း သိရသည်။ ဆရာတော်၏မွေးဖွားနှစ်၊ ဇာတိကို တိတိကျကျသိရသော်လည်း မိဘနှစ်ပါး၏ အမည်ကိုမသိရပါ။

**လူဝင်စားဆရာတော်**

ရှေးမှတ်တမ်းများတွင် တောင်ဖီလာဆရာတော်သည် လူဝင်စားဆရာတော်တစ်ပါးဖြစ်ကြောင်း ဖော်ပြကြသည်။ ဘကြီးတော် စစ်ကိုင်းမင်းလက်ထက် မင်းတိုင်ပင်အမတ်ကြီး မဟာဓမ္မသင်္ကြံပြုစုသော သာသနာလင်္ကာရစာတမ်းတွင် တောင်ဖီလာဆရာတော်ကို လူဝင်စားဆရာတော်တစ်ပါးဖြစ်ကြောင်း ဖော်ပြထားသည်။ မင်းလှသီရိသီဟသူပြုစုသော ဆရာတော် ၁၀၅ ပါးစာရင်းတွင်လည်း လူဝင်စားပင်ဖြစ်ကြောင်း ဖော်ပြထားသည်။ ဟသ်ာတသပြေပင်ဆရာတော်ကြီး သီရိသောဘနထေရ်အရှင်ပြုစုသော သာသနဝံသဒီပနီကျမ်းတွင်လည်း ထိုနည်းတူစွာ ဖော်ပြထားသည်။ အဓိကအားဖြင့် ရှေးကျသည့် သာသနာလင်္ကာရစာတမ်းအတိုင်းသာ ဖော်ပြထားခြင်းဖြစ်သည်။

❖ တောင်ဖီလာဆရာတော်ကြီး၏ ဘဝအကြောင်းသည် သာသနာဝင်ကျမ်းအသီးသီးတို့တွင် တစ်စစီပြန့်ကျဲလျက်ရှိသည်။ တောင်ဖီလာဆရာတော်ဘဝဖြစ်စဉ်နှင့်ပတ်သက်၍လည်းကောင်း၊ ဆရာတော်တောထွက်ရခြင်းအကြောင်းနှင့်ပတ်သက်၍လည်းကောင်း ကွဲလွဲမှုတချို့ရှိသည်။ ထို့အတူ ဆရာတော်ကြီးပြုစုခဲ့သော စာပေများနှင့်စပ်လျဉ်း၍ အငြင်းပွားဖွယ်ရာများရှိသည်။ တောင်ဖီလာဆရာတော်ရေးသည်ဟုဆိုခဲ့သော ဖျက်စု၊ ခက်စု၊ ခဲစုဆုံးမစာများသည် တကယ်ပင် တောင်ဖီလာဆရာတော်ရေးသလော၊ တောင်ဖီလာဆရာတော်ရေးခဲ့သော ဝေဿန္တရာပျို့သည် ဝေဿန္တရာဟောစာလော၊ ပျို့လော စသည်ဖြင့် အငြင်းပွားဖွယ်ရာများရှိသည်။ ❖

တောင်ဖီလာဆရာတော်သည် ပထမအင်းဝခေတ်တွင် ထင်ရှားကျော်ကြားသော ဆီးတောဆရာတော်ကြီး ဝင်စားသည်ဟု သာသနာလင်္ကာရစာတမ်း၌ဆိုသည်။ ဆီးတောဆရာတော်သည် ပထမအင်းဝခေတ် ဒုတိယမင်းခေါင်လက်ထက်တွင် ထင်ရှားသောဆရာတော်ဖြစ်သည်။ ဆီးတောဆရာ စလင်းမြို့အသည်ကြီး၏ သားဖြစ်သည်။ ဆရာတော် ၁၀၅ ပါး ဦးရေစာရင်း၌ ဆီးတောဆရာတော်ကြီးအကြောင်းကို "သက္ကရာဇ် ၈၄၀ ပြည့်နှစ်တွင် ဖွားမြင်တော်မူသည်။ နံ-၊ ဇာတိ ဆီးတောရွာ၊ သက်တော် ၉၉၊ သက္ကရာဇ် ၉၄၀ ပြည့်နှစ်တွင် တောင်ဖီလာပုဂ္ဂိုလ်ကျော်ဖြစ်လာကြောင်းကို ရှေးဆရာစဉ်ဆက်အာစရိယဝါဒအားဖြင့် မှတ်သားကြသည်"ဟူ၍ မှတ်တမ်းတင်ထားသည်။

ဒုတိယမင်းခေါင်၏ ညီတော် စလင်းစားသတိုးကျော်စွာသည် စလင်းမြို့မှာနေစဉ် သတိုးကျော်စွာ မိဖုရားက ငါးနှစ်သားအရွယ် ဆီးတော်ဆရာတော်လောင်းလျာကို မွေးစားခဲ့သည်။ စလင်းစားသတိုးကျော်စွာလွန်သည့်အခါ မိဖုရားသည် မိသားစုနှင့်အတူ အင်းဝသို့လာရာ မွေးစားသားဆီးတောဆရာတော်လျောင်းလျာလည်းပါခဲ့သည်။ အရွယ်ရောက်သောအခါ မိဖုရားကပင် ရဟန်းပြုစေသည်၊ စာပေကျမ်းဂန်နှံ့စပ်လှသောကြောင့် ဒုတိယမင်းခေါင်က ကိုးကွယ်သည်။ ဒုတိယမင်းခေါင်သားတော် ရွှေနန်းကြော့ရှင်လက်ထက်တွင် မင်းဝံလေးထပ်မြေနေရာတွင် ရွှေကျောင်းဆောက်ပြီး တင်လှူသည်။ လေးထပ်ကျောင်းတော်ဝန်းကျင်တွင် ဆီးပင်များစွာရှိသောကြောင့် ဆီးတောရွှေကျောင်း၊ ဆီးတောဆရာတော်ဟုတွင်သည် သာသနာလင်္ကာရကျမ်း၌ မိန့်ဆိုသည်။ ဇာတိ ဆီးတောရွာကို အစွဲပြုပြီးလည်း ဆီးတောဆရာတော်ဟု အမည်တွင်ခြင်းလည်းဖြစ်နိုင်သည်။

သက္ကရာဇ် ၈၈၈ ခုနှစ်တွင် မိုးညှင်းဇလုံတိုက်၍ အင်းဝပျက်သည်။ အင်းဝကို သိုဟန်ဘွားအုပ်ချုပ်မင်းလုပ်သည်။ သိုဟန်ဘွားလက်ထက်၌ ဆီးတောဆရာတော်သည် အင်းဝ၌ မရှိချေ။ အုန်းဘောင်စော်ဘွားက ပင့်ဆောင်၍ ကိုးကွယ်သောကြောင့် အုန်းဘောင်တွင် နေရသည်။ အုန်းဘောင်မင်းဆရာဖြစ်သည်။ ထို့နောက်တွင် အုန်းဘောင်ခုံမှိုင်း၏သား မိုးဗြဲစားသည် အင်းဝသို့ဆင်း၍ မင်းပြုသောအခါတွင် ဆီးတောဆရာတော်ကို အင်းဝသို့ပင့်ဆောင်၍ ကိုးကွယ်ခဲ့သည်။

မိုးဗြဲနရပတိနှင့် စစ်ကိုင်းစည်သူကျော်ထင်တို့သည် စစ်ဖြစ်ကြရာ မိုးဗြဲနရပတိရှုံး၍ ဟံသာဝတီပြည့်ရှင်ဘုရင့်နောင်မင်းတရားထံ ကျွန်ဝင်စံသည်။ ထိုအခါ စစ်ကိုင်းစည်သူကျော်ထင်သည် စစ်ကိုင်းမှ အင်းဝသို့ကူး၍ နရပတိစည်သူဟူသော အမည်ဖြင့် မင်းပြုသည်။ ဆီးတောဆရာတော်ကို ကိုးကွယ်သည်။ စစ်ကိုင်းစည်သူကျော်ထင်ကို ဆင်ဖြူရှင် ဘုရင့်နောင်လာတိုက်၍ နန်းကျသည်။ ဘုရင့်နောင်သည် ညီတော် သတိုးမင်းစောကို အင်းဝဘုရင်ခံအဖြစ် အုပ်ချုပ်စေခဲ့သည်။ သတိုးမင်းစောသည်လည်း ဆီးတောဆရာတော်ကို မင်းဆရာအဖြစ် ကိုးကွယ်ခဲ့သည်။ ထို့ကြောင့် ဆီးတောဆရာတော်သည်-

၁။ ဒုတိယမင်းခေါင်

၂။ ရွှေနန်းကြော့ရှင်နရပတိ

၃။ အုန်းဘောင်စော်ဘွား(အုန်းဘောင်ခုံမှိုင်း)

၄။ မိုးဗြဲနရပတိ

၅။ စစ်ကိုင်းစည်သူကျော်ထင်

၆။ သတိုးမင်းစော တို့က ကိုးကွယ်ခဲ့သော မင်းဆရာတော်ဖြစ်သည်။ မင်းခြောက်ဆက်၏ ဆရာဖြစ်သည်။ ဆီးတောဆရာတော်ကို ဆီးတောဆရာ၊ ဆီးတောရွှေကျောင်းဆရာ၊ ဆီးတောဘုရင့်ဆရာဟူ၍ အမည်သုံးမျိုးဖြင့် ထင်ရှားသည်။ ဆီးတောဆရာတော်သည် သတိုးမင်းစောလက်ထက် သက္ကရာဇ် ၉၃၁ ခုနှစ်၌ ပျံလွန်တော်မူသည်။

ဆီးတောဆရာတော် လွန်ပြီးသောအခါတွင် တောင်ဖီလာဆရာတော်၏မိခင်သည် အိပ်မက်မြင်မက်သည်။ အိပ်မက်တွင် "ငါဆီးတောဆရာ ဝင်၍နေမည်"ဟုမြင်မက်သည်။ ထို့နောက် ပဋိသန္ဓေနေ၍ ဆယ်လကြာသောအခါ တောင်ဖီလာဆရာတော်လောင်းလျာကို ဖွားမြင်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် တောင်ဖီလာဆရာတော်ကို ဆီးတောဆရာတော်ဝင်စားသည်ဟု သာသနာဝင်ကျမ်းများ၌ ဆိုကြခြင်းဖြစ်သည်။ ယခုဖော်ပြခဲ့သော တောင်ဖီလာဆရာတော် လူဝင်စားဖြစ်သည့်အကြောင်းသည် သာသနာလင်္ကာရကျမ်း၊ ဆရာတော် ၁၀၅ ပါးစာရင်း၊ သာသနာဝံသဒီပနီကျမ်းတို့နှင့်အညီဖြစ်သည်။

**ပညာသင်ခြင်း**

တောင်ဖီလာဆရာတော်သည် ငယ်ရွယ်စဉ်အခါကတည်းကပင် သာမဏေဘောင်သို့ဝင်၍ ပညာသင်ကြားခဲ့သည်။ သာသနာဝံသကျမ်းစာတမ်းတို့၌ ၁၃ နှစ်အရွယ်တွင် သာမဏေဝတ်၍ ပညာသင်ကြားသည်ဟု ဖော်ပြကြသည်။ သာမဏေဘွဲ့မှာ မုနိန္ဒဃောသဖြစ်သည်။ အသက် ၁၃ နှစ်အရွယ် ၉၅၃ ခုနှစ်တွင် ငါးဆူဒါယကာမင်းတရားကြီး၏ သားတော်အငယ် မင်းကြီးနှောင်း ပင့်ဆောင်သဖြင့် ပြည်မြို့သို့ရောက်သည်။ မင်းကြီးနှောင်းက ပင့်ဆောင်ရသည့်အကြောင်းမှာ ဤသို့ဖြစ်သည်။

သက္ကရာဇ် ၉၅၀ ပြည့်နှစ်တွင် ငါးဆူဒါယကာမင်း၏ ဘထွေးတော် ပြည်ဘုရင် သတိုးဓမ္မရာဇာ အနိစ္စရောက်တော်မူသည်။ ထိုအခါတွင် ငါးဆူဒါယကာမင်းသည် သားတော်အငယ် မင်းကြီးနှောင်းကို ဘထွေးတော်၏ ဘွဲ့အမည် သတိုးဓမ္မရာဇာဟူသောဘွဲ့ကိုပင်ပေး၍ ပြည်ဘုရင်သတိုးဓမ္မရာဇာအဆောင်အယောင်အတိုင်းပင်ပေးတော်မူသည်။ ပြည်မြို့ကိုပေးရာတွင် ငါးဆူဒါယကာမင်းတရားကြီးက "ငါ့အကျိုးတော်ကိုလိုလျှင် ပြည်သူ၊ လူ၊ ရဟန်းတို့ကို အကျိုးကိုဆောင်ပါ။ ငါ့ကိုချစ်လျှင် ပြည်သူ၊ လူ၊ ရဟန်းတို့ကို ဝမ်းသားကဲ့သို့ချစ်ပါ"ဟူ၍ သားတော်မင်းကြီးနှောင်းကို မှာတော်မူသည်။ မင်းကြီးနှောင်းသည် ခမည်းတော်မိန့်မှာတော်မူသည့်အတိုင်း ပြည်သူလူထုအကျိုးကိုဆောင်ရွက်သည်။ ရဟန်းသံဃာများကို ခမည်းတော်မိန့်မှာသည့်အတိုင်း ပင့်ဆောင်ကိုးကွယ်သည်။ ထို့သို့ပင့်ဆောင်ကိုးကွယ်သဖြင့် တောင်ဖီလာဆရာတော်လောင်းလျာသာမဏေငယ်မှာ စလင်းမြို့မှပြည်မြို့သို့ရောက်ခဲ့ရခြင်းဖြစ်သည်။

**နဝင်းကျောင်းဆရာတော်ထံပညာသင်ခြင်း**

တောင်ဖီလာဆရာတော်လောင်းလျာသာမဏေငယ်သည် ပြည်မြို့ရောက်သောအခါ ပြည်မြို့ မြောက်နဝင်းကျောင်းဆရာတော် အဘိသင်္ကေတသာရထံ၌ ပညာသင်ကြားသည်။ အဘိသင်္ကေတသာရဆရာတော်သည် အလွန်ကျမ်းဂန်တတ်လှသည်။ မင်းကြီးနှောင်း ပြည်ဘုရင်ဖြစ်သောအခါ အရှင်အဘိသင်္ကေတသာရ ဆရာတော်ကို ဘိုးတော်ကျောင်းကိုတင်လှူကာ တစ်လလျှင် ဆွမ်းဆန် တင်း ၁၂၀ လှူဒါန်း၍ အလုပ်အကျွေးပြုကိုးကွယ်တော်မူသည်။ ထို့နောက် မင်းကြီးနှောင်းကို ရန်နိုင်စားလုပ်ကြံ၍ မင်းဖြစ်သောအခါ မြောက်နဝင်းအရပ်၌ ရတနာဗိမာန်အမည်ရှိသော မှန်ကင်းခြောက်ဆူနှင့်တကွ သုံးထပ်ဇေတဝန်ကျောင်းကိုဆောက်၍ အဘိသင်္ကေတသာရဆရာတော်အား တင်လှူကိုးကွယ်ခဲ့သည်။ ရန်နိုင်စား၏ မင်းဆရာဖြစ်သည်။ တောင်ဖီလာဆရာတော်သည် ထိုနဝင်းသုံးထပ်ဇေတဝန်ကျောင်း၌ ပညာသင်ကြားခဲ့ခြင်းဖြစ်သည်။ အရှင်အဘိသင်္ကေတသာရ၏ တပည့်ဖြစ်သည်။ ထိုသို့ဆိုလျှင် သာသနာလင်္ကာရစာတမ်း၌ "တောင်ဘီလာပုဂ္ဂိုလ်ကျော်ကား ပြည်မြို့မြောက်နန္ဒင်းရွှေကျောင်း" သီဟိုဠ်ရောက် အတုလဝံသအနွယ်တော်တည်း"ဟု အဘယ်ကြောင့်ရေးသည်ဟု မေးဖွယ်ရှိသည်။ အမှန်က သာသနာလင်္ကာရစာတမ်းကျမ်းပြုဆရာသည် အနွယ်အဆက်ကိုရည်၍ ဆိုခြင်းဖြစ်သည်။ ၎င်းကို ရှင်းစေရန် ဆရာအစဉ်အဆက်ကို အထက်အောက်စဉ်ပြပါမည်။

၁။ အတုလဝံသဆရာတော်

၂။ အရှင်ရတနရံသီ

၃။ အရှင်အဘိသင်္ကေတသာရ

၄။ တောင်ဖီလာဆရာတော်

အထက်ပါ အထက်အောက်စာရင်းကိုကြည့်လျှင် ရှင်းသွားမည်ဖြစ်သည်။ တောင်ဖီလာဆရာတော်၏ ဆရာသည် အရှင်အဘိသင်္ကေတသာရ၊ အရှင်အဘိသင်္ကေတသာရ၏ ဆရာသည် အရှင်ရတနရံသီ၊ အရှင်ရတနရံသီ၏ ဆရာသည် အတုလဝံသဆရာတော်ဖြစ်သည်။ ၎င်းကိုရည်ရွယ်၍ သာသနာလင်္ကာရစာတမ်းဆရာက အတုလဝံသအနွယ်တော်ဟုဆိုခဲ့ခြင်းဖြစ်သည်။

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ ကြွက်သားတွေကလည်း ပိုမို အဆီပိုတွေ မရှိတော့ဘူးဆိုရင် ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။

ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀ မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ရေဘဝဲ ပိဿာချိန် ၇၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**ဖျာပုံ ဇူလိုင် ၁၇**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ရေဘဝဲ ပိသာချိန် ၇၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဆွေဦးက ပြောပြ၍ သိရသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်းက ရေဘဝဲ ပိဿာချိန် ၅၄၀၀၀ ထိသာတင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန် ၁ ရက်မှ ၃၀ ရက်ထိ ရေဘဝဲ ပိဿာချိန် ၇၆၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း၊ အဆိုပါဒေသမှရေဘဝဲများကို ရန်ကုန်ဈေးကွက်ကအဝယ်လိုက်နေကြောင်း သိရသည်။

"ဒေသထွက် ရေထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကို အဆင်ပြေပြေ တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့ ဇွန်လအတွင်းက ရေဘဝဲ ပိဿာချိန် ၇၆၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ တင်ပို့ရောင်းချခဲ့တဲ့ ရေဘဝဲတွေရဲ့ လတ်ဆတ်မှုနဲ့ အရွယ်အစား၊ အလေးချိန်အပေါ် မူတည်ပြီး ဈေးအပြောင်းအလဲရှိပါတယ်။ လက်ရှိ ဇူလိုင်လထဲမှာလဲ ရေဘဝဲတွေ အဝယ်လိုက်နေပါတယ်။ ဖျာပုံကနေတင်ပို့တဲ့ရေဘဝဲတွေကို ဒေသဈေးကွက်က ဒေသတွင်းအပြင် အခြားဒေသတွေကိုလဲ ပြန်လည်တင်ပို့ရောင်းချနေတယ်လို့ သိရပါတယ်"ဟု ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဆွေဦးက ပြောပြသည်။

ဖျာပုံမြို့နယ်မှ တင်ပို့ရောင်းချခဲ့သည့် ရေဘဝဲ အသေး လက်ရှည် တစ်ကီလိုလျှင် ငွေကျပ် ၂၅၀၀၀၊ ရေဘဝဲ လက်တို တစ်ကီလိုလျှင် ငွေကျပ် ၂၂၅၀၀ ဈေးပေါက်နေကြောင်း၊ အဆိုပါဒေသမှ ရေဘဝဲများအပြင် အခြားရေထွက်ကုန်များ အရောင်းအဝယ် ကောင်းမွန်ပြီး တင်ပို့အားကောင်းလာသည့်အတွက် ရေလုပ်သားများ၊ တစ်နိုင်တစ်ပိုင် အရောင်းအဝယ်လုပ်ငန်းရှင်များ၊ ပွဲရုံလုပ်ငန်းရှင်များ၊ ကုန်သည်များနှင့် ကုန်တင်ယာဉ်အငှားလိုက်လုပ်ငန်းရှင်များအလုပ်အကိုင်အခွင့်အလမ်းများကောင်းမွန်ပြီး စီးပွားရေးများ ပိုမိုအဆင်ပြေလာကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ပေါင်မြို့နယ် ပိတောက်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**ပေါင် ဇူလိုင် ၁၇**

မွန်ပြည်နယ် သထုံခရိုင် ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုဘဏ္ဍာနှစ်တွင် ပိတောက်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် မြစိမ်းရောင်ကျေးရွာ စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့ နံနက်ပိုင်းက ကျုံကကျေးရွာအုပ်စု ပိတောက်ကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်လတ်က မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း ရည်ရွယ်ချက်နှင့် စီမံကိန်းလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဖူးပွင့်ခိုင်က ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ စီမံကိန်းကော်မတီဝင်များ၏တာဝန်ဝတ္တရားများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေတွင်ပါရှိသော ကျေးရွာသူ၊ ကျေးရွာသားများ လိုက်နာရမည့် တာဝန်များနှင့် ရပိုင်ခွင့်များကို အသေးစိတ် ရှင်းလင်းပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသား၊ ရပ်မိရပ်ဖများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ခဲ့ကြောင်း သိရသည်။

ပေါင်မြို့နယ် ပိတောက်ကုန်းကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်း၊ အခြားလုပ်ငန်းနှင့်ရေလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေများ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်လတ်ထံမှ သိရသည်။

**သုတ**

# ခါဝသန်မှာ

- ဝါဆိုဝါခေါင်
ရေဖောင်ဖောင်
ကျွန်းသောင်မြုပ်ခဲ့ပြီ။

- ချောင်းမြစ်ပြင်ငေး
ရေဖွေးဖွေး
ငွေသွေးဆင်ခဲ့ပြီ။

- ပုန်းညက်ခတ္တာ
ရန့်ဖြာ
ကြေညာဖြန့်ခဲ့ပြီ။

- မိုးဆွေ့ငှက်လေး
ညည်းဆိုတေး
နီးဝေးကြားရပြီ။

- လယ်ကွင်းတစ်ခွင်
မြရောင်ဆင်
ပျိုးပင်သန်ခဲ့ပြီ။

- လယ်လုပ်သားမောင်
ပျိုးစည်နှောင်
လုပ်ဆောင်နိုင်ခဲ့ပြီ။

- ကောက်စိုက်လုံမေ
တေးသံဝေ
လယ်တွေစိုက်ကြပြီ။

- ဝသန်ရှုခင်း
စိမ်းစိုဝင်း
ရင်တွင်းချမ်းမြကြည်။ ။

**မန်းတင့်မော်**

# ပျော်ဘွယ်မြို့နယ် သနပ်ခါးတောကျေးရွာ၌ မြေသားရေကန်တူးဖော်နေမှု စစ်ဆေး

**ပျော်ဘွယ် ဇူလိုင် ၁၇**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိစေရန်ရည်ရွယ်၍ သနပ်ခါးတောကျေးရွာ၌ မြေသားရေကန်တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဇူလိုင် ၁၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးမင်းနိုင်နှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ သနပ်ခါးတောကျေးရွာ၌ မြေသားရေကန်တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးအေးမင်းနိုင်က လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး ဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားသည်။

ပျော်ဘွယ်မြို့နယ် သနပ်ခါးတောကျေးရွာ၌ ယခုဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရခွင့်ပြုရန်ပုံငွေကျပ် ၁၂ ဒသမ ၇၈ သန်းဖြင့် အလျား ပေ ၂၅၀၊ အနံ ပေ ၁၂၀၊ အနက် သုံးပေရှိ မြေသားရေကန်တူးဖော်ခြင်းလုပ်ငန်းကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရှိ အင်ဂျင်နီယာစုဖွဲ့မှုဖြင့် ဇွန်လ ပထမပတ်ကစ၍ တာဝန်ယူဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးအေးမင်းနိုင်ထံမှ သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**

## နိုင်ငံတကာ သတင်းများ

# ထိုင်းနိုင်ငံ ဟိုတယ်တစ်ခုအတွင်း သေဆုံးခဲ့သူခြောက်ဦးမှာ ဆိုင်ယာနိုက်အဆိပ်သင့်မှုကြောင့်ဖြစ်နိုင်ဟုဆို

**ဘန်ကောက် ဇူလိုင် ၁၇**

ထိုင်းနိုင်ငံ ဘန်ကောက်မြို့လယ်ရှိ ဇိမ်ခံဟိုတယ်ခန်းတစ်ခန်းတွင် သေဆုံးနေသူ ခြောက်ဦးမှာ ဆိုင်ယာနိုက်အဆိပ်သင့်ထားသည့် လက္ခဏာများတွေ့ရှိရကြောင်း ထိုင်းရဲတပ်ဖွဲ့က ယနေ့တွင် ပြောကြားခဲ့သည်။

ဂရန်းဟယ် အာရာဝန်အမည်ရှိ ဇိမ်ခံဟိုတယ် အခန်းတစ်ခန်း၌ သေဆုံးနေသည့် လူခြောက်ဦးတို့၏ ရုပ်အလောင်းများကို ထိုင်းရဲတပ်ဖွဲ့က ဇူလိုင် ၁၆ ရက်တွင်ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါ သေဆုံးနေသူခြောက်ဦးမှာ ဗီယက်နမ်နိုင်ငံသား လေးဦးနှင့် ဗီယက်နမ်နွယ်ဖွား အမေရိကန်နိုင်ငံသား နှစ်ဦးတို့ဖြစ်ကြသည်။

ထိုင်းရဲတပ်ဖွဲ့၏ စစ်ဆေးတွေ့ရှိချက်အရ သေဆုံးသူ ခြောက်ဦးစလုံးတွင် ဆိုင်ယာနိုက်အဆိပ်သင့်နေမှု လက္ခဏာများရှိနေကြောင်း ထိုင်းမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

အဆိုပါ သေဆုံးသူခြောက်ဦးတို့မှာ ဆိုင်ယာနိုက်အဆိပ်ခတ်ထားသည့် လက်ဖက်ရည်နှင့် ကော်ဖီများကြောင့် အသက်ဆုံးရှုံးခဲ့ခြင်းဖြစ်ကြောင်း ထိုင်းရဲတပ်ဖွဲ့ကပြောကြားထားသည်။

ထို့ပြင် ရင်းနှီးမြှုပ်နှံမှုကိစ္စများနှင့် ဆက်စပ်နေသော ပြဿနာတစ်ရပ်ရှိခဲ့ပြီးနောက် ၎င်းတို့ခြောက်ဦးမှာ အဆိပ်ခတ် အသတ်ခံရခြင်းဖြစ်နိုင်သည်ဟု ထိုင်းရဲတပ်ဖွဲ့ကသုံးသပ်ထားကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# ဟေတီနိုင်ငံ တည်ငြိမ်ရေးမစ်ရှင်တွင်ပါဝင်မည့် ကင်ညာရဲတပ်ဖွဲ့ဝင် ဦးရေ ၂၀၀ ပို့အော်ပရင့်စ်မြို့သို့ ရောက်ရှိ




**ပို့အော်ပရင့်စ် ဇူလိုင် ၁၇**

ဟေတီနိုင်ငံ တည်ငြိမ်ရေး မစ်ရှင်တွင်ပါဝင်မည့် ကင်ညာရဲတပ်ဖွဲ့ဝင် ဦးရေ ၂၀၀ တို့သည် ဇူလိုင် ၁၆ ရက်တွင် ဟေတီနိုင်ငံ ပို့အော်ပရင့်စ်မြို့သို့ ရောက်ရှိလာကြောင်းသိရသည်။

ဟေတီနိုင်ငံ တည်ငြိမ်ရေး မစ်ရှင်သည် ကုလသမဂ္ဂက သဘောတူခွင့်ပြုထားပြီး ကင်ညာရဲတပ်ဖွဲ့ကဦးဆောင်မည့် နိုင်ငံတကာမစ်ရှင်တစ်ခုဖြစ်သည်။

လက်ရှိအချိန်တွင် ဟေတီနိုင်ငံ တည်ငြိမ်ရေးမစ်ရှင်တွင် ပါဝင်သည့် ကင်ညာရဲတပ်ဖွဲ့ဝင် ဦးရေ ၂၀၀ ထပ်မံရောက်ရှိလာမှုကြောင့် ပို့အော်ပရင့်စ်မြို့၌ ကင်ညာရဲတပ်ဖွဲ့ဝင် ဦးရေ ၄၀၀ ထိ ရှိလာပြီဖြစ်ကြောင်း သိရသည်။

ကင်ညာနိုင်ငံသည် ဟေတီနိုင်ငံ တည်ငြိမ်ရေး မစ်ရှင်အတွက် ရဲတပ်ဖွဲ့အင်အား ၁၀၀၀ ထိ စေလွှတ်ဖြန့်ကြက်ရန် စီစဉ်ထားသည်။

အဆိုပါ ကင်ညာရဲတပ်ဖွဲ့ဝင်များသည် ဟေတီနိုင်ငံ၏ လက်နက်ကိုင် ရာဇဝတ်ဂိုဏ်း အကြမ်းဖက်မှုပြဿနာကို ဖြေရှင်းနိုင်ရေးအတွက် ကူညီရမည်ဖြစ်သည်။

ဟေတီနိုင်ငံ တည်ငြိမ်ရေးမစ်ရှင်အတွက် ရဲတပ်ဖွဲ့ဝင်များ စေလွှတ်ပေးရန် အာဖရိကနှင့် ကာရစ်ဘီယံဒေသတို့မှ အခြားနိုင်ငံများကလည်း ကတိပြုထားကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

# ဘင်္ဂလားဒေ့ရှ်အစိုးရက စာသင်ကျောင်းများနှင့် တက္ကသိုလ်များအားလုံး ရက်အကန့်အသတ်မရှိပိတ်ထားရန် ညွှန်ကြား

**ဒါကာ ဇူလိုင် ၁၇**

အစိုးရအလုပ်အကိုင် ခွဲတမ်းသတ်မှတ်မှုပုံစံ ဆန့်ကျင်ရေးဆန္ဒပြပွဲများအတွင်း ကျောင်းသားခြောက်ဦး သေဆုံးခဲ့ရပြီးနောက် နိုင်ငံတစ်ဝန်းရှိ စာသင်ကျောင်းများနှင့် တက္ကသိုလ်များအားလုံး ဇူလိုင် ၁၆ ရက်မှစ၍ ရက်အကန့်အသတ်မရှိ ပိတ်ထားရန် ဘင်္ဂလားဒေ့ရှ်အစိုးရက ညွှန်ကြားထားကြောင်း သိရသည်။

ညွှန်ကြားချက် အသစ်များ ထပ်မံမထုတ်ပြန်မချင်း နိုင်ငံတစ်ဝန်းလုံးရှိ စာသင်ကျောင်းများနှင့် တက္ကသိုလ်များ ပိတ်ထားရမည်ဖြစ်ကြောင်း ဘင်္ဂလားဒေ့ရှ် ပညာရေးဝန်ကြီးဌာန၏ ကြေညာချက်၌ ဖော်ပြထားသည်။

ဇူလိုင် ၁၆ ရက်က အစိုးရအလုပ်အကိုင် ခွဲတမ်းသတ်မှတ်မှုပုံစံ ဆန့်ကျင်ရေးကျောင်းသား ဆန္ဒပြသမားများနှင့် လက်ရှိအာဏာရ အဝါမီလိဂ်ပါတီကို လိုလားသူကျောင်းသားများကြား တစ်ဖက်နှင့်တစ်ဖက် ပဋိပက္ခများဖြစ်ပွားခဲ့ရသည်။

ပြိုင်ဘက်ကျောင်းသား အုပ်စုနှစ်စုကြား ပဋိပက္ခအတွင်း ကျောင်းသားခြောက်ဦး သေဆုံးခဲ့ပြီး လူဦးရေ ၄၀၀ ထိ ဒဏ်ရာများရရှိခဲ့ရာ ဘင်္ဂလားဒေ့ရှ်အစိုးရက အခြေအနေကို ထိန်းချုပ်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များ ဖြန့်ကြက်ခဲ့ရသည်။

လက်ရှိကျင့်သုံးနေသည့် အစိုးရအလုပ်အကိုင် ခွဲတမ်းစနစ်သည် ဝန်ကြီးချုပ် ရှိတ်ခ်ဟာဆီနာ ဦးဆောင်သော လက်ရှိအာဏာရ အဝါမီလိဂ်ပါတီကို ထောက်ခံသူများအတွက်သာ အကျိုးရှိကြောင်း အစိုးရအလုပ်အကိုင် ခွဲတမ်းချမှတ်စနစ်ဆန့်ကျင်ရေး ဆန္ဒပြကျောင်းသားများက ပြောကြားထားကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

# ပီရူး၌ ခရီးသည်တင်ဘတ်စကား ချောက်ထဲထိုးကျ အနည်းဆုံး လူ ၂၉ ဦးသေဆုံးပြီး ၁၃ ဦးဒဏ်ရာရ

**လီမာ ဇူလိုင် ၁၇**

ပီရူးနိုင်ငံ အင်ဒီးစ်တောင်တန်းဒေသ အဝေးပြေးလမ်းပေါ်၌ ဇူလိုင် ၁၆ ရက်က ခရီးသည်တင်ဘတ်စကားတစ်စီး လမ်းချော်ထွက်၍ ချောက်ထဲထိုးကျခဲ့ရာ အနည်းဆုံး လူ ၂၉ ဦး သေဆုံးခဲ့ရကြောင်း သိရသည်။

အဆိုပါ ခရီးသည်တင်ဘတ်စကားသည် လီမာမြို့မှ ပီရူးနိုင်ငံတောင်ပိုင်း အေယာကူချိုသို့ မောင်းနှင်နေစဉ် လမ်းပေါ်မှချော်ထွက်၍ အနက်ပေ ၆၅၀ ရှိ ချောက်အတွင်း ထိုးကျခဲ့ခြင်းဖြစ်သည်။

အဆိုပါ ယာဉ်မတော်တဆမှုအတွင်း လူ ၁၃ ဦးလည်း ဒဏ်ရာများရရှိခဲ့ရာ နီးစပ်ရာဆေးရုံများသို့ တင်ပို့ထားကြောင်း ပီရူးတာဝန်ရှိသူများက ပြောကြားထားသည်။

ထို့ပြင် ယာဉ်မတော်တဆမှုဖြစ်ပွားချိန်၌ ၎င်းခရီးသည်တင်ဘတ်စကားပေါ်၌ ခရီးသည်ဦးရေ ၄၀ ကျော် လိုက်ပါလာကြောင်း သိရသည်။

ပီရူးနိုင်ငံ၌ အန္တရာယ်များသည့် တောင်ပေါ်လမ်းများကြောင့် ယာဉ်မတော်တဆမှုများ မကြာခဏဖြစ်ပွားလေ့ရှိပြီး ပြီးခဲ့သည့်နှစ်အတွင်းကလည်း ယာဉ်မတော်တဆမှုပေါင်း ၈၇၀၀၀ ကျော်ရှိခဲ့ရာ လူဦးရေ ၃၁၃၀ သေဆုံးခဲ့ရကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**



# ရေလွှမ်းမိုးမှုကြောင့် မြောက်ကိုရီးယားမြေမြှုပ်မိုင်းများ မျောပါလာမည့်အန္တရာယ်ကို တောင်ကိုရီးယားစစ်ဘက် သတိပေး

**ဆိုးလ် ဇူလိုင် ၁၇**

ရေလွှမ်းမိုးမှုများကြောင့် မြောက်ကိုရီးယား မြေမြှုပ်မိုင်းများ တောင်ကိုရီးယားနိုင်ငံဘက်သို့ ရေနှင့်အတူ မျောပါ ရောက်ရှိလာနိုင်ကြောင်း တောင်ကိုရီးယား စစ်ဘက်က ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

တောင်နှင့် မြောက်ကိုရီးယား နှစ်နိုင်ငံ နယ်စပ်တစ်လျှောက်၌ မြောက်ကိုရီးယား စစ်ဘက်က မကြာသေးမီ လများအတွင်းက မြေမြှုပ်မိုင်း ထောင်ပေါင်းများစွာ ထပ်ချထားခဲ့ပြီးနောက် တောင်ကိုရီးယားစစ်ဘက်၏ အဆိုပါသတိပေးချက် ပေါ်ထွက်လာခြင်းဖြစ်သည်။



မြောက်ကိုရီးယား နိုင်ငံသည် ယခုနှစ် ဧပြီလမှစ၍ တောင်နှင့် မြောက်ကိုရီးယား နှစ်နိုင်ငံ နယ်စပ်တစ်လျှောက်၌ ခံစစ်စည်းတည်ဆောက်မှုများ၊ လမ်းအဆင့်မြှင့်တင်ခြင်းများ ပြုလုပ်ခဲ့သလို မြေမြှုပ်မိုင်းများကိုလည်း စတင်ချထားခဲ့သည်။

ထို့ပြင် မြောက်ကိုရီးယားနိုင်ငံသည် ၎င်းတို့၏နိုင်ငံသားများ နယ်စပ်ဖြတ်၍ တောင်ကိုရီးယားနိုင်ငံဘက်သို့ ဘက်ပြောင်းဝင်ရောက်မှုကို တားဆီးရေးအတွက် နယ်စပ်လုံခြုံရေး မြှင့်တင်နေခြင်းဖြစ်နိုင်ကြောင်း တောင်ကိုရီးယား အစိုးရက ပြောကြားထားသည်။

သို့ရာတွင် နွေမိုးရွာသွန်းမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ရေလွှမ်းမိုးမှုများနှင့်အတူ မြောက်ကိုရီးယားမြေမြှုပ်မိုင်းများ ရေနှင့်အတူ တောင်ကိုရီးယားဘက်သို့ ရောက်လာနိုင်ကြောင်း တောင်ကိုရီးယားစစ်ဘက်က သတိပေးထားသည်။

တောင်နှင့် မြောက်ကိုရီးယား နှစ်နိုင်ငံအကြားရှိ အရှည် ၁၅၄ မိုင်ရှိသော နယ်စပ်တစ်လျှောက်တွင် မြေမြှုပ်မိုင်း နှစ်သန်းခန့်ထိရှိနိုင်ကြောင်းသိရသည်။

**Ref : RT**
**Trs : KKO**

# SCIENCE AND TECHNOLOGY

## ရမ်မဆီးအာကာသယာဉ်ကိုလွှတ်တင်ရန် ဥရောပအာကာသအေဂျင်စီ စီစဉ်ထား



**ပဲရစ် ဇူလိုင် ၁၇**

အပိုးဖစ်အမည်ရှိ ဂြိုဟ်သိမ်ကို လေ့လာရေးအတွက် ရမ်မဆီးအမည်ရှိ အာကာသယာဉ်တစ်စင်းကို လွှတ်တင်ရန် ဥရောပအာကာသအေဂျင်စီက စီစဉ်ထားကြောင်း ဇူလိုင် ၁၆ ရက် သတင်းများအရ သိရသည်။

ဥရောပအာကာသအေဂျင်စီ၏ ရမ်မဆီး အာကာသယာဉ်သည် ကမ္ဘာဂြိုဟ်ကို အပိုးဖစ်ဂြိုဟ်သိမ် အနီးကပ်ဖြတ်သန်းချိန်တွင် အတူယှဉ်တွဲလိုက်ပါပျံသန်း၍ လေ့လာမည်ဖြစ်သည်။

ဥရောပအာကာသအေဂျင်စီသည် ထိုကဲ့သို့ အပိုးဖစ်ဂြိုဟ်သိမ်ကို အနီးကပ်ပျံသန်းလေ့လာရေးအတွက် ရမ်မဆီးအာကာသယာဉ်ကို ၂၀၂၈ ခုနှစ် ဧပြီလတွင် လွှတ်တင်ဖွယ်ရှိသည်။

၂၀၂၉ ခုနှစ် ဧပြီ ၁၃ ရက်တွင် အပိုးဖစ်ဂြိုဟ်သိမ်သည် ကမ္ဘာမြေကို မိုင်ပေါင်း ၁၉၇၉၄ မိုင် အကွာမှတစ်ဆင့် အနီးကပ်ဖြတ်ကျော် ပျံသန်းမည်ဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီးချိန်၌ ရမ်မဆီး အာကာသယာဉ်သည် ၂၀၂၉ ခုနှစ် ဖေဖော်ဝါရီလတွင် အပိုးဖစ်ဂြိုဟ်သိမ်ထံ ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် အပိုးဖစ်ဂြိုဟ်သိမ်သည် နေနှင့် ၈၅ ဒသမ ၅ မိုင်အကွာတွင် တည်ရှိနေကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**

## လပေါ်သို့အာကာသယာဉ်မှူးများစေလွှတ်ရာတွင် အသုံးပြုမည့် SLS ဒုံးပျံ၏ ပင်မကိုယ်ထည်ကို ကနေဒီအာကာသစခန်းသို့ ပို့ဆောင်ရေးအတွက် နာဆာ ပြင်ဆင်နေ

**ဝါရှင်တန် ဇူလိုင် ၁၇**

လပေါ်သို့ အာကာသယာဉ်မှူးများစေလွှတ်ရာတွင် အသုံးပြုမည့် SLS ဒုံးပျံ၏ ပင်မကိုယ်ထည်ကို ဖလော်ရီဒါပြည်နယ် ကနေဒီ အာကာသစခန်းသို့ ပို့ဆောင်ရေးအတွက် အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)က ပြင်ဆင်နေပြီဖြစ်ကြောင်း ဇူလိုင် ၁၆ ရက် သတင်းများအရ သိရသည်။

နာဆာအင်ဂျင်နီယာများသည် နယူးအော်လင်းပြည်နယ် မစ်ချောက် ဒုံးပျံတပ်ဆင်ရေးအလုပ်ရုံ၌ အပြီးသတ်တပ်ဆင်ထားပြီးဖြစ်သော SLS ဒုံးပျံ၏ပင်မကိုယ်ထည်ကို ကနေဒီ အာကာသခရီးစဉ်အတွက် အလုပ်ရုံပြင်ပသို့ ဇူလိုင် ၁၆ ရက်တွင် ဆွဲထုတ်လာပြီဖြစ်ကြောင်း သိရသည်။

ကိုယ်ထည်အလျား ၆၅ မီတာရှိပြီး အာရ်အက်စ်-၂၅ အမျိုးအစား ဒုံးအင်ဂျင်လေးလုံး တပ်ဆင်ထားသည့် SLS ဒုံးပျံ၏ပင်မကိုယ်ထည်ကို ရေကြောင်းခရီးဖြင့် ဖလော်ရီဒါပြည်နယ်သို့ ပို့ဆောင်မည်ဖြစ်ကြောင်း သိရသည်။



နာဆာအဖွဲ့သည် ၂၀၂၅ ခုနှစ်တွင် အာကာသယာဉ်မှူး လေးဦးကို အားတီးမစ်-၂ အမည်ရှိ မစ်ရှင်ဖြင့် လကမ္ဘာအနီးသို့ လွှတ်တင်ရန် စီစဉ်ထားကြောင်း သိရသည်။

အားတီးမစ်-၂ မစ်ရှင်ဖြင့် အာကာသယာဉ်မှူးလေးဦးကို အိုရီယွန် အာကာသယာဉ်နှင့်အတူလွှတ်တင်ရာတွင် SLS ဒုံးပျံကို အသုံးပြုရန် စီစဉ်ထားကြောင်း နာဆာအဖွဲ့က သတင်းထုတ်ပြန်ထားသည်။

နာဆာအဖွဲ့သည် ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၆ ရက်တွင် အားတီးမစ်-၁ မစ်ရှင်ဖြင့် အိုရီယွန်အာကာသ လူသယ်ယာဉ်ကို လွှတ်တင်ရာတွင် SLS ဒုံးပျံကို အသုံးပြုထားပြီးဖြစ်ကြောင်း သိရသည်။


**Ref : Russia Today**

**Trs : KKO**

## လကမ္ဘာပေါ်ရှိ မြေအောက်ဥမင်လိုဏ်ခေါင်းတစ်ခုကို အီတလီသိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိ

**ရောမ ဇူလိုင် ၁၇**

လကမ္ဘာပေါ်ရှိ မြေအောက်ဥမင်လိုဏ်ခေါင်းတစ်ခုကို အီတလီသိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း ဇူလိုင် ၁၆ ရက် သတင်းများအရ သိရသည်။



အဆိုပါ မြေအောက်လိုဏ်ဂူသည် ဆီးအော့ဖ်ထရန်ကွီလ်တီအမည်ရှိ လမျက်နှာပြင်ချိုင့်တစ်ခု၏အတွင်း တည်ရှိနေသည်။

အဆိုပါ လကမ္ဘာမြေအောက်လိုဏ်ဂူသည် လအခြေစိုက်စခန်းတစ်ခုထားရှိရေးအတွက် ဆီလျော်သည့်နေရာမျိုးဖြစ်လာနိုင်ကြောင်း အီတလီ သိပ္ပံပညာရှင်များက ပြောကြားသည်။

အဆိုပါ လကမ္ဘာမြေအောက်လိုဏ်ဂူသည် သိပ္ပံပညာရှင်များ ပထမဆုံးအကြိမ် ရှာဖွေတွေ့ရှိခဲ့သော လကမ္ဘာမြေအောက်လိုဏ်ဂူဖြစ်ကြောင်း သိရသည်။

လကမ္ဘာပေါ်၌ လူသားများကို ဖြာထွက်ရောင်ခြည် ရိုက်ခတ်မှုဒဏ်မှ ကာကွယ်ပေးနိုင်မည့် မြေအောက်လိုဏ်ဂူများ ရှိနေနိုင်သည်ဟု သိပ္ပံပညာရှင်များက လွန်ခဲ့သောနှစ် ၅၀ ခန့်ကပင် အဆိုပြုတင်ပြခဲ့ကြကြောင်း သိရသည်။

အီတလီသိပ္ပံပညာရှင်များ လမျက်နှာပြင် ရေဒါအချက်အလက်များကို လေ့လာပြီးနောက် ပထမဆုံး လမျက်နှာပြင် မြေအောက်လိုဏ်ဂူကို ဖော်ထုတ်တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

# HEALTH

## UPFs များပုံမှန်စားသုံးသော အမျိုးသမီးများ၌ ခုခံအားစနစ်ဖောက်ပြန်မှုရောဂါဖြစ်နိုင်ခြေ မြင့်မားနိုင်

**နယူးယောက် ဇူလိုင် ၁၇**

အလွန်အကျွံပြုပြင်စီရင်ထားသည့်အစားအစာ (UPFs) များ ပုံမှန်စားသုံးသော အမျိုးသမီးများတွင် ခုခံအားစနစ်ဖောက်ပြန်မှုရောဂါပုံစံတစ်မျိုးဖြစ်နိုင်ခြေ မြင့်မားလာနိုင်ကြောင်း ဇူလိုင် ၁၆ ရက် သတင်းများအရ သိရသည်။

အမေရိကန်နိုင်ငံ ဟားဗတ်တက္ကသိုလ်မှ သုတေသနပညာရှင်များ၏ အဆိုအရ UPFs အစားအစာများကို ပုံမှန်စားသုံးသည့် အမျိုးသမီးများတွင် Lupus ခေါ် ခုခံအားစနစ် ဖောက်ပြန်မှုရောဂါဖြစ်နိုင်ခြေ ၅၆ ရာခိုင်နှုန်းထိ မြင့်တက်လာနိုင်ကြောင်း သိရသည်။

Lupus ရောဂါဖြစ်ပွားပါက အရိုးအဆစ်များ နာကျင်ကိုက်ခဲခြင်း၊ အရေပြား၌ အကွက်များပေါ်လာခြင်း၊ မောပန်းနွမ်းနယ်ခြင်း စသည့်ပြဿနာများ ခံစားရတတ်ကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ UPFs အစားအစာများ စားသုံးမှုသည် အမျိုးသမီးများ၌ Lupus ရောဂါဖြစ်နိုင်ခြေတို့ကြား ဆက်စပ်မှုရှိနေသည်ကို တွေ့ရကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

ထို့ပြင် ဓာတုသကြားများနှင့် သကြားဓာတ်ပါ အချိုရည်ပုံမှန်သောက်သုံးသူ အမျိုးသမီးများတွင်လည်း Lupus ရောဂါဖြစ်နိုင်ခြေ ပုံမှန်ထက် ၄၅ ရာခိုင်နှုန်းမြင့်တက်လာတတ်ကြောင်း သိရသည်။

UPFs အစားအစာများစားသုံးမှုသည် Lupus ရောဂါအပြင် ကင်ဆာ၊ အယ်ဇိုင်းမားနှင့် နှလုံးရောဂါများအပါအဝင် နာတာရှည်ရောဂါအမျိုးမျိုး ဖြစ်ပွားနိုင်ခြေနှင့်လည်း ဆက်စပ်လျက်ရှိကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**

## ဆီးကျိတ်ကင်ဆာ ပြန်ပေါ်လာနိုင်မှုကို ရောဂါစစ်ဆေးမှုပုံစံတစ်မျိုးဖြင့် ၁၀ နှစ်ကြို၍ စစ်ဆေးဖော်ထုတ်ပေးနိုင်

**လန်ဒန် ဇူလိုင် ၁၇**

ဆီးကျိတ်ကင်ဆာ ရောဂါ တစ်ကျော့ပြန်ပေါ်လာနိုင်မှု ရှိ၊ မရှိကို ရောဂါစစ်ဆေးမှုပုံစံတစ်မျိုးဖြင့် ၁၀ နှစ်ကြို၍ စစ်ဆေးဖော်ထုတ်ပေးနိုင်ဖွယ်ရှိကြောင်း ဇူလိုင် ၁၆ ရက် သတင်းများအရ သိရသည်။

ဆီးကျိတ်ကင်ဆာလူနာအမျိုးသားများအနက် ထက်ဝက်ခန့်မှာ ရောဂါ တစ်ကျော့ပြန်ပေါ်လာမှုဖြင့် ရင်ဆိုင်ရလေ့ရှိသည်။

သို့ရာတွင် မိမိတို့ဖန်တီးထားသော ရောဂါစစ်ဆေးမှုပုံစံသစ်သည် ဆီးကျိတ်ကင်ဆာ လူနာများ၌ ရောဂါပြန်ပေါ်လာနိုင်ခြေ ရှိ၊ မရှိကို ရောဂါပြန်မပေါ်မီ ၁၀ နှစ်အလိုလောက်မှာပင် စစ်ဆေးဖော်ထုတ်ပေးနိုင်ကြောင်း ဗြိတိန် သုတေသန ပညာရှင်များက ပြောကြားသည်။

အဆိုပါရောဂါ စမ်းသပ်မှုပုံစံသည် မျိုးဗီဇအစဉ်ဇယားချမှုနှင့် အသိဉာဏ်တု နည်းပညာတို့ကို ပေါင်းစပ်ထားသော ရောဂါစစ်ဆေးနည်းပုံစံဖြစ်ကြောင်း သိရသည်။

ဆီးကျိတ်ကင်ဆာရောဂါ ပြန်ပေါ်လာနိုင်မှုကို ကြိုတင်ခန့်မှန်းနိုင်ခဲ့ပါက ဆေးပညာရှင်များအနေဖြင့် ထိရောက်သောကုထုံးများဖြင့် ကြားဝင်တားဆီးပေးနိုင်မည်ဖြစ်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ဗြိတိန်သုတေသနပညာရှင်များ ရောဂါစစ်ဆေးနည်းသစ်ကို လာမည့် သုံးနှစ်အတွင်း ဆီးကျိတ်ကင်ဆာလူနာများအတွက် လက်တွေ့ အသုံးပြုနိုင်ဖွယ်ရှိကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**






# IBO ၊ WBC ယာယီလိုက်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံစိန်ခေါ်ပွဲအဖြစ် မိုနီယိုက ဒူဘွိုက်စ်နှင့် ယှဉ်ပြိုင်ထိုးသတ်မည်




**ဘန်စလေ ဇူလိုင် ၁၇**

WBC ယာယီလိုက်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံ ဥရုဂွေးအမျိုးသမီး လက်ဝှေ့မယ် မိုနီယိုနှင့် IBO လိုက်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံ ဒူဘွိုက်စ်တို့ ချန်ပီယံစိန်ခေါ်ပွဲအဖြစ် ဩဂုတ်လ ၃ ရက်တွင် ဗြိတိန် ဘန်စလေမြို့တွင် ယှဉ်ပြိုင် ထိုးသတ်သွားမည်ဖြစ်ကြောင်း BOXXER ကုမ္ပဏီက ယနေ့တွင် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

အသက် ၂၃ နှစ်အရွယ် ဗြိတိန် လက်ဝှေ့မယ် ဒူဘွိုက်စ်သည် ရှုံးပွဲမရှိသေးသည့် လက်ဝှေ့မယ်တစ်ဦးဖြစ်ကာ လက်ရှိ ချန်ပီယံဆုအား ပထမဦးဆုံးအကြိမ် ကာကွယ်ထိုးသတ် သွားမည်ဖြစ်သကဲ့သို့ မိုနီယိုအနေဖြင့်လည်း WBC ယာယီလိုက်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံကို တတိယအကြိမ်မြောက် ကာကွယ်ထိုးသတ်သွားမည်ဖြစ်သည်။

ဒူဘွိုက်စ်သည် Youth Olympic အားကစားပွဲတော်၊ World Youth အားကစားပွဲတော်တို့တွင် ချန်ပီယံဆုကို ရရှိထားသည့် လက်ဝှေ့မယ်တစ်ဦးဖြစ်ပြီး European Youth အားကစားပွဲတော်တွင် အပျော်တမ်းလက်ဝှေ့မယ်ဘဝဖြင့် ချန်ပီယံဆုကို လေးကြိမ်တိုင်တိုင် ဆွတ်ခူးရရှိထားသူဖြစ်သည်။

ဒူဘွိုက်စ်က "BOXXER ကုမ္ပဏီနဲ့ စာချုပ်သစ် ချုပ်ဆိုနိုင်ခဲ့တာ ဝမ်းသာဂုဏ်ယူပါတယ်။ ကျွန်မအတွက် အရေးပါတဲ့စာချုပ်တစ်ရပ်ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ အမျိုးသမီး လက်ဝှေ့လောကမှာ ဒီဇွန်၊ ဖာရဲရားနဲ့ ကေတီတေလာတို့လို အောင်မြင်မှုများစွာရယူနိုင်တဲ့ လက်ဝှေ့သမားတစ်ယောက်ဖြစ်ခွင့်ရချင်တယ်။ ထိုးသတ်တဲ့ဝိတ်တန်းတွေမှာ ပြိုင်ဘက်ကင်းချန်ပီယံဖြစ်ချင်ပါတယ်။ အမျိုးသမီးလက်ဝှေ့လောကကို ပြောင်းလဲပေးနိုင်တဲ့ လက်ဝှေ့မယ်တစ်ဦးလဲဖြစ်ချင်ပါတယ်။ မိုနီယိုနဲ့ ထိုးသတ်ရမဲ့ စိန်ခေါ်ပွဲဟာ ကျွန်မရဲ့ လက်ဝှေ့သမားဘဝကို လယ်ဗယ်တစ်ခုအထိ ဆွဲတင်ပေးနိုင်မဲ့ စိန်ခေါ်ပွဲဖြစ်လာလိမ့်မယ်လို့ ယုံကြည်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : AZL**

# ရီးရဲလ်မက်ဒရစ်အသင်းက ခံစစ်ကစားသမား အာနိုးကိုခေါ်ယူရန် ထပ်မံကြိုးပမ်း

**မက်ဒရစ် ဇူလိုင် ၁၇**

ရီးရဲလ်မက်ဒရစ် အသင်းသည် ခံစစ်ပိုင်း လိုအပ်ချက်အတွက် ဥရောပထိပ်သီး ကစားသမားများကို ခေါ်ယူရန် ပစ်မှတ်ထားခဲ့ပြီး ယခုအခါ လီဗာပူးအသင်း ခံစစ်ကစားသမားအာနိုးကိုခေါ်ယူရန် ထပ်မံကြိုးပမ်းခဲ့ကြောင်း သိရသည်။

ခံစစ်ကစားသမား အာနိုးသည် လီဗာပူးအသင်းနှင့် စာချုပ်ကုန်ဆုံးရန် ၁၂ လသာ ကျန်ရှိတော့သဖြင့် အသင်း တာဝန်ရှိသူများက သက်တမ်းတိုးရန် ကြိုးပမ်းနေပြီး ကစားသမားအနေဖြင့် လက်ရှိအချိန်ထိ သဘောတူညီမှုမရခဲ့ဘဲ ကြန့်ကြာနေသောကြောင့် ရီးရဲလ်မက်ဒရစ်အသင်းက ခေါ်ယူရန် ထပ်မံချဉ်းကပ်၍ ခံစစ်ပိုင်းလိုအပ်ချက်ကိုဖြည့်တင်းရန် စီစဉ်လျက်ရှိသည်။

အသက် ၂၅ နှစ်ရှိ ခံစစ်ကစားသမားအာနိုးသည် အင်္ဂလန်အသင်းနှင့်အတူ ယူရို ၂၀၂၄ ပြိုင်ပွဲ ကစားနေသဖြင့် အနာဂတ်နှင့်ပတ်သက်၍ ဆုံးဖြတ်ချက် မရသေးသော်လည်း ယခုအခါ လီဗာပူးအသင်းနှင့် စာချုပ်သစ်ကိစ္စကို ဆွေးနွေးသွားမည်ဖြစ်ပြီး သဘောတူညီမှုမရဘဲ ကြန့်ကြာနေပါက နောက်ဆုံးခြောက်လမတိုင်မီ ကြိုက်နှစ်သက်ရာကလပ်အသင်းများနှင့် တရားဝင်ဆွေးနွေးခွင့် ရှိသောကြောင့် လီဗာပူးအသင်း တာဝန်ရှိသူများက သက်တမ်းတိုးနိုင်ရန် ပစ်မှတ်ထားနေသည်။

သို့သော် ရီးရဲလ်မက်ဒရစ်အသင်း၏ကမ်းလှမ်းမှုကို အာနိုးက စိတ်ဝင်စားနေပြီး ဘာနေဗျူးတွင် အနာဂတ် တောက်ပလာနိုင်သည့်အတွက် ပြောင်းရွှေ့နိုင်ဖွယ်ရှိနေသည့်အပြင် ရီးရဲလ်မက်ဒရစ်အသင်းမှ ညာတောင်ပံခံစစ်ကစားသမား ကာဗာဂျယ်ကလည်း အသက် ၃၂ နှစ် ရှိပြီဖြစ်ရာ အာနိုးအနေဖြင့် ရီးရဲလ်မက်ဒရစ်အသင်းသို့ပြောင်းရွှေ့ပါက ပွဲထွက်ခွင့်ရရှိရန် သေချာလျက်ရှိကြောင်း သိရသည်။

ခံစစ်ကစားသမား အာနိုးသည် ပြီးခဲ့သည့်ရာသီက လီဗာပူးအသင်းနှင့် ပြိုင်ပွဲစုံ ၃၇ ပွဲ ပါဝင်ကစားခဲ့ရာတွင် သွင်းဂိုး သုံးဂိုးနှင့် ဂိုးဖန်တီးမှု ကိုးကြိမ်ထိ ပြုလုပ်နိုင်ခဲ့ကြောင်း သိရသည်။

**Ref : Sputnik**
**Trs : ML**




## အားကစားသတင်းအတိုအထွာများ

- ❑ မန်စီးတီးအသင်းက ဂိုးသမားအီဒါဆန်ကိုရောင်းချမည်ဟု ထုတ်ပြန်ထားသော်လည်း ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၂၅ သန်းဖြင့် ကမ်းလှမ်းလာသည့် အယ်နာဆာအသင်း၏ ကမ်းလှမ်းမှုကို တရားဝင်ငြင်းပယ်ခဲ့သည်။
- ❑ ကိုပါအမေရိကဖလားပြိုင်ပွဲတွင် ရရှိခဲ့သည့် တိုက်စစ်မှူး မက်ဆီ၏ ဒဏ်ရာအခြေအနေမှာ အရွတ်ထိခိုက်မှုရှိနေသည့်အတွက် ကာလရှည်အနားယူရမည်ဖြစ်ကြောင်း အင်တာမီယာမီအသင်းက ထုတ်ပြန်ခဲ့သည်။
- ❑ ဆော်ဒီပရီလိဂ် အယ်အီသီဟတ်အသင်းက ဂိုးသမား ကီပါကိုခေါ်ယူရန် တစ်နှစ်လုပ်ခ ယူရို ခုနစ်သန်းဖြင့် ကမ်းလှမ်းခဲ့ပြီး ချဲလ်ဆီးအသင်း၏ တုံ့ပြန်မှုကို စောင့်ဆိုင်းနေကြောင်း သိရသည်။

**ML**

# Swedish Open တစ်ဦးချင်း တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်သို့ စပိန်ကစားသမား ရာဖေးလ်နာဒယ်တက်ရောက်

**ဘက်စတက် ဇူလိုင် ၁၇**

ဆွီဒင်နိုင်ငံ ဘက်စတက်မြို့တွင်ကျင်းပနေသည့် Swedish Open တစ်ဦးချင်း တင်းနစ်ပြိုင်ပွဲ ပထမအဆင့်တွင် စပိန်တင်းနစ်ကစားသမား ရာဖေးလ်နာဒယ်နှင့် ဆွီဒင်တင်းနစ်ကစားသမား လီယိုဘော့တို့ ယှဉ်ပြိုင်ကစားခဲ့ရာ ရာဖေးလ်နာဒယ်က (၆-၃ ၊ ၆-၄) ရလဒ်ဖြင့် အနိုင်ရရှိကာ ဒုတိယအဆင့်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ရာဖေးလ်နာဒယ်သည် နှစ်ယောက်တွဲပြိုင်ပွဲတွင်လည်း ကပ်စပါရုဒ်နှင့်တွဲဖက်ကာ ပထမအဆင့်တွင် အနိုင်ရရှိထားသည်။

ရာဖေးလ်နာဒယ်သည် ၂၀၀၅ ခုနှစ် ၎င်း၏ အသက် ၁၉ နှစ်အရွယ်၌ ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ရာ ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့ပြီးနောက်ပိုင်း Swedish Open တင်းနစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခြင်းမရှိတော့ဘဲ ယခုအခါ ပထမဆုံးအကြိမ် ပြန်လည်ပါဝင်လာခဲ့ခြင်းဖြစ်သည်။

ရာဖေးလ်နာဒယ်လ်က "နှစ် ၂၀ နီးပါးကြာ ဝေးကွာနေတဲ့ ပြိုင်ပွဲမှာ ပြန်လည်ပါဝင်ခွင့်ရခဲ့ခြင်းအပေါ်မှာ စိတ်လှုပ်ရှားမိပါတယ်။ ကျွန်တော့်အနေနဲ့ ဒဏ်ရာကြောင့် ပြိုင်ပွဲတွေနဲ့ ဝေးကွာနေတာကြာပါပြီ။ နောက်ဆုံးကစားခဲ့တာက မေ ၂၇ ရက်က ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အိုလံပစ်အတွက် ပြင်ဆင်ဖို့ နှစ်ယောက်တွဲပြိုင်ပွဲမှာလဲ ကပ်စပါနဲ့ တွဲဖက်ပြီး ကစားနေတယ်။ ပြိုင်ပွဲနှစ်ရပ်စလုံးမှာ အကောင်းဆုံးကစားထားနိုင်တယ်။ ဒီလို အကောင်းဆုံး ကစားထားနိုင်တာက ကျွန်တော့်နည်းပြအသင်းကြောင့်ပါ။ သူတို့တွေ ကျွန်တော့်အတွက် အများကြီးကြိုးစားပေးနေပါတယ်"ဟု ပြောကြားခဲ့သည်။

ရာဖေးလ်နာဒယ်သည် ဒုတိယအဆင့်တွင် ဗြိတိန်တင်းနစ်ကစားသမား ကင်မရွန်းနော်ရီနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : AZL**

# မက်ဇ်အသင်းတိုက်စစ်မှူး မီကာတာဇီကို လိုင်ယွန်အသင်း ကြားဖြတ်ခေါ်ယူ

**ပဲရစ် ဇူလိုင် ၁၇**

ယူရို ၂၀၂၄ ပြိုင်ပွဲတွင် ဂျော်ဂျီယာအသင်း တိုက်စစ်ပိုင်းကို ဦးဆောင်၍ အသင်းနှင့်အတူ ခြေစွမ်းပြသခဲ့သည့် တိုက်စစ်မှူး မီကာတာဇီကို လိုင်ယွန်အသင်းက ကြားဖြတ်ခေါ်ယူ၍ ဆေးစစ်မှုပြုလုပ်ရန် စီစဉ်နေကြောင်း သိရသည်။

မက်ဇ်အသင်း တိုက်စစ်ကစားသမား မီကာတာဇီသည် ယူရိုပြိုင်ပွဲမတိုင်မီက မိုနာကိုအသင်းသို့ ပြောင်းရွှေ့ကြေး ယူရို ၂၅ သန်းဖြင့် ပြောင်းရွှေ့ရန် သဘောတူညီမှုရရှိခဲ့ပြီး အသင်းနှင့် ဆေးစစ်မှုများ ပြုလုပ်ပြီးနောက် နောက်ဆုံးလက်မှတ်ရေးထိုးမည့် အချိန်တွင် ကစားသမားက ငြင်းဆိုမှုပြုလုပ်ခဲ့ပြီး လိုင်ယွန်အသင်း၏ ကမ်းလှမ်းမှုကို လက်ခံခဲ့ခြင်းဖြစ်သည်။

လိုင်ယွန်အသင်းသည် ကစားသမားကိုခေါ်ယူရန် မက်ဇ်အသင်းနှင့် တရားဝင်ဆွေးနွေးမှုပြုလုပ်ခဲ့ပြီးနောက် ကစားသမားကို လုပ်ခလစာတိုးမြှင့်၍ ခေါ်ယူရန် ကြိုးပမ်းခဲ့သဖြင့် မီကာတာဇီကို ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ပြီး လက်ရှိတွင် ဆေးစစ်မှုပြုလုပ်ရန် ပြင်ဆင်နေကာ ဆေးအောင်ပါက ၂၀၂၉ ခုနှစ်ထိ ငါးနှစ်စာချုပ် ချုပ်ဆိုမည်ဖြစ်ကြောင်း သိရသည်။

တိုက်စစ်မှူး မီကာတာဇီသည် ပြီးခဲ့သည့် ဘောလုံးရာသီက မက်ဇ်အသင်းကိုဦးဆောင်၍ အသင်းအတွက် သွင်းဂိုး ၁၃ ဂိုးထိ သွင်းယူပေးခဲ့သော်လည်း အသင်းအနေဖြင့် ဒုတိယတန်းသို့ တန်းဆင်းခဲ့ရသဖြင့် လီဂူးဝမ်းမှ ထိပ်သီးအသင်းများဖြစ်သည့် မိုနာကိုနှင့် လိုင်ယွန်အသင်းတို့က ခေါ်ယူရန်ကြိုးပမ်းခဲ့ရာ လိုင်ယွန်အသင်းက လက်ဦးမှုရယူနိုင်ခဲ့သည်။




အသက် ၂၃ နှစ်ရှိ မီကာတာဇီသည် ယူရိုပြိုင်ပွဲတွင် ဂျော်ဂျီယာအသင်းအတွက် သွင်းဂိုး သုံးဂိုး သွင်းယူ၍ အိုလ်မို၊ ဟယ်ရီကိန်း၊ ဂတ်ပို၊ ရှရန်နို့ဇ်၊ မူစီအာလာတို့နှင့်အတူ ဂိုးသွင်းအများဆုံးစာရင်းတွင် ပူးတွဲရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : ML**

# မြန်မာအမျိုးသမီးလိဂ် ပွဲစဉ်(၈)တွင် ရောဝတီအသင်းက ရှမ်းယူနိုက်တက်အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိ



**ရန်ကုန် ဇူလိုင် ၁၇**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက် ရှိသည့် မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၈)အဖြစ် ယနေ့ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ စလင်းအားကစားကွင်းတွင် ရှမ်းယူနိုက်တက်အသင်းနှင့် ရောဝတီအသင်းတို့ ကစားခဲ့ရာ ရောဝတီအသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက ခြေစွမ်းပိုင်းကွာခြားမှုမရှိခဲ့ဘဲ အပြန်အလှန် ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ပြီး ပွဲချိန် ၃၈ မိနစ်တွင် မေသကြန်မိုးက ရောဝတီအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူပေးနိုင်ခဲ့သည့်အတွက် ပထမပိုင်းအပြီးတွင် ရောဝတီအသင်းက တစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် ရှမ်းယူနိုက်တက်အသင်းက ချေပဂိုးအတွက် ပြန်လည် ဖိအားပေးမှုများကြောင့် ရောဝတီအသင်း အခက်တွေ့ခဲ့ရပြီး ပွဲချိန် ၆၆ မိနစ်တွင် ယုယနိုင်က ရှမ်းယူနိုက်တက် အသင်းအတွက် ချေပဂိုး သွင်းယူပေးနိုင်ခဲ့သော်လည်း ပွဲချိန် ၇၈ မိနစ်တွင် နန့်ရှင်းသန့်ဖြူဇင်ဖြိုးက ရောဝတီအသင်းအတွက် ဦးဆောင်ဂိုးထပ်မံသွင်းယူနိုင်ခဲ့သောကြောင့် ပွဲပြီးဆုံးချိန်တွင် ရောဝတီအသင်းက ရှမ်းယူနိုက်တက်အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး အဆိုပါပွဲစဉ်၏ အကောင်းဆုံးကစားသမားဆုကို ရောဝတီအသင်းတိုက်စစ်မှူး စန်းသော်သော်က ဆွတ်ခူးနိုင်ခဲ့သည်။

မြန်မာအမျိုးသမီးလိဂ် ပြိုင်ပွဲ ပွဲစဉ်(၈)အဖြစ် ဇူလိုင် ၁၈ ရက် ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ ပဒုမ္မာအားကစားကွင်း၌ ISPE အသင်းနှင့် မြဝတီအသင်း၊ YUSC အားကစားကွင်းတွင် ရန်ကုန်ယူနိုက်တက်အသင်းနှင့် YREO အသင်းတို့ ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**STA**

# အာဆီယံ ယူ-၁၉ ချန်ပီယံရှစ်ပြိုင်ပွဲ ပွဲကြိုသတင်းစာရှင်းလင်းပွဲ ကျင်းပ

**ရန်ကုန် ဇူလိုင် ၁၇**

အင်ဒိုနီးရှားနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် အာဆီယံ ယူ-၁၉ ချန်ပီယံရှစ်ပြိုင်ပွဲအတွက် ပွဲကြို သတင်းစာရှင်းလင်းပွဲအခမ်းအနားကို ယနေ့တွင် အင်ဒိုနီးရှားနိုင်ငံ ဆူရာဘာယားမြို့ရှိ **Gelora Bung Tomo Stadium** တွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲ အခမ်းအနားသို့ မြန်မာ့လက်ရွေးစင် ယူ-၁၉ အသင်းနည်းပြ ဦးအောင်နိုင်နှင့်အတူ ပြိုင်ဘက်အသင်းနည်းပြများ တက်ရောက်ခဲ့ကြပြီး ဒေသတွင်းမီဒီယာများ၏ မေးမြန်းမှုများကို အသီးသီးဖြေကြားခဲ့ကြသည်။

မြန်မာ့လက်ရွေးစင် ယူ-၁၉ အသင်းနည်းပြ ဦးအောင်နိုင်က "အားလုံးသိထားတဲ့အတိုင်း မြန်မာအသင်းက အုပ်စုကျပ်မှာ ကျရောက်နေပါတယ်။ ဩစတြေးလျ၊ ဗီယက်နမ်စတဲ့ အသင်းကောင်းတွေပါဝင်နေသလို လာအိုအသင်းကလည်း တိုးတက်နေတဲ့အသင်းဖြစ်ပါတယ်။ ပြိုင်ပွဲအတွက် အသင်းတိုင်းက သေချာပြင်ဆင်လာမှာဖြစ်သလို မြန်မာအသင်းအနေနဲ့လဲ အကောင်းဆုံး ပြင်ဆင်လာခဲ့ပါတယ်။ ပွဲစဉ်တိုင်းကို သေချာအာရုံစိုက်ပြီး အကောင်းဆုံးယှဉ်ပြိုင်သွားမှာပါ။ လက်ရှိမှာတော့ ဗီယက်နမ်နဲ့ အဖွင့်ပွဲကစားရမယ့်အပေါ် အာရုံစိုက်ထားပါတယ်"ဟု ပြောကြားခဲ့သည်။

မြန်မာ့လက်ရွေးစင် ယူ-၁၉ အသင်းသည် အုပ်စုပွဲစဉ်များအဖြစ် ဇူလိုင် ၁၈ ရက်တွင် ဗီယက်နမ်အသင်း၊ ဇူလိုင် ၂၁ ရက်တွင် လာအိုအသင်း၊ ဇူလိုင် ၂၄ ရက်တွင် ဩစတြေးလျအသင်းတို့နှင့် အသီးသီး ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်ကြောင်း သိရသည်။

**STA**

# ကွင်းလယ်ကစားသမား တိုရီ ခွဲစိတ်ကုသမှုခံယူနေရကြောင်း ဘာစီလိုနာအသင်းထုတ်ပြန်

**ဘာစီလိုနာ ဇူလိုင် ၁၇**

ဘာစီလိုနာအသင်း ကွင်းလယ်ကစားသမား တိုရီသည် ရာသီအကြိုခြေစမ်းပွဲစဉ်အတွက် အသင်းနှင့်ပြုလုပ်ခဲ့သည့် လေ့ကျင့်ရေးအစီအစဉ်တွင် လက်ဒဏ်ရာရရှိခဲ့သည့်အတွက် ခွဲစိတ်ကုသမှုခံယူခဲ့ရကြောင်း အသင်းတာဝန်ရှိသူများက ထုတ်ပြန်ခဲ့သည်။

ကွင်းလယ်ကစားသမား တိုရီသည် ပြီးခဲ့သည့် ဘောလုံးရာသီက ဂျီရိုနာအသင်းသို့ အငှားစာချုပ်ဖြင့် ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး ယခုအခါ နည်းပြသစ် ဖလစ်လက်အောက်တွင် ရာသီအကြိုခြေစမ်းပွဲအတွက် ပြီးခဲ့သည့်ရက်ပိုင်းက လေ့ကျင့်ရေးပြုလုပ်ခဲ့ရာ လက်ဒဏ်ရာရရှိခဲ့သောကြောင့် ခွဲစိတ်ကုသမှု ခံယူခဲ့ရခြင်းဖြစ်သည်။

ဘာစီလိုနာအသင်းက "ပထမအသင်းကစားသမား တိုရီဟာ အသင်းနဲ့ ပူးပေါင်းလေ့ကျင့်ချိန်မှာ ဘယ်ဘက်လက်အရိုး ထိခိုက်ဒဏ်ရာရခဲ့တာဖြစ်ပါတယ်။ ဒဏ်ရာကိုစစ်ဆေးတဲ့အခါ ခွဲစိတ်ကုသရမှာဖြစ်လို့ အသင်းဆရာဝန် ဇာဗီမီယာက ကြီးကြပ်ပြီး ခွဲစိတ်ခဲ့တာပါ။ ခွဲစိတ်ကုအောင်မြင်ခဲ့ပေမဲ့ အသေးစိတ်အချက်အလက်ကိုတော့ မသိရသေးပါဘူး"ဟုပြောကြားခဲ့သည်။



လက်ရှိ ဘာစီလိုနာအသင်းတွင် တိုရီအပါအဝင် ကွင်းလယ်ကစားသမား ဂါဗီနှင့် ဖရန်ကီဒီဂျောင်းတို့သည် ပြီးခဲ့သည့်ရာသီမတိုင်မီကတည်းက ဒဏ်ရာကြောင့် အနားယူနေရသည့်အပြင် ပက်ထရီက ယူရိုပြိုင်ပွဲတွင်လည်းကောင်း၊ အာရူဂျိုက ကိုပါအမေရိကဖလားပြိုင်ပွဲတွင်လည်းကောင်း ဒဏ်ရာရရှိခဲ့သောကြောင့် ကာလရှည်အနားယူရမည်ဖြစ်ပြီး ဖာမင်လိုပက်ဇ်မှာလည်း စပိန်အသင်းနှင့် အိုလံပစ်ပြိုင်ပွဲ ကစားရမည်ဖြစ်သဖြင့် ရာသီအကြိုခြေစမ်းပွဲစဉ်များတွင် အဓိကကစားသမားများကို လက်လွှတ်ရမည်ဖြစ်ကြောင်း သိရသည်။

**Ref : Sputnik**

**Trs : ML**

# မန်ယူအသင်းက လိုင်လီအသင်းမှ ယိုရိုကိုခေါ်ယူရန် သဘောတူညီမှုရရှိ

**မန်ချက်စတာ ဇူလိုင် ၁၇**

မန်ယူအသင်းက လက်ရှိနွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလအတွင်း ဒုတိယမြောက် ကစားသမားခေါ်ယူမှုအဖြစ် လိုင်လီအသင်းမှ ခံစစ်ကစားသမား ယိုရိုကို ပြောင်းရွှေ့ကြေးယူရို ၆၂ သန်းဖြင့် ခေါ်ယူရန် သဘောတူညီမှု ရရှိခဲ့ကြောင်း သိရသည်။

မန်ယူအသင်း ဗဟိုခံစစ်ပိုင်းတွင် ဗာရာနီအနေဖြင့် အသင်းနှင့် စာချုပ်သက်တမ်း ကုန်ဆုံးကာ လမ်းခွဲခဲ့သည့်အပြင် လူငယ်ကစားသမား ကမ်ဘွာလာကိုလည်း ဗီလာရီးရဲလ်အသင်းကို ရောင်းချခဲ့ပြီး မက်ဂွဲယားနှင့် လင်ဒီလော့ဖ်တို့ အနာဂတ်မှာလည်း မရေမရာဖြစ်နေကာ မာတီနက်ဇ်တစ်ဦးတည်းသာရှိသည့် အသင်းခံစစ်ပိုင်းအတွက် ယိုရိုကိုခေါ်ယူရန် ကြိုးပမ်းခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်းသည် ယိုရိုကို ခေါ်ယူရန် အစောပိုင်းကတည်းက လိုင်လီအသင်းနှင့် သဘောတူညီမှုရှိထားပြီးဖြစ်သော်လည်း ယိုရိုက မန်ယူအသင်းထက် ရီးရဲလ်မက်ဒရစ်အသင်းသို့သာ ပြောင်းရွှေ့ကစားလိုသည့်အတွက် အနည်းငယ်ကြန့်ကြာခဲ့ပြီး လက်ရှိတွင် ယိုရိုက မန်ယူအသင်းသို့ ပြောင်းရွှေ့ကစားရန် ဆုံးဖြတ်ခဲ့သည့်အတွက် သဘောတူညီမှုရရှိခဲ့ပြီး ယခုရက်သတ္တပတ်အတွင်း ဆေးစစ်မှုများပြုလုပ်၍ တရားဝင်စာချုပ်ချုပ်ဆိုသွားမည်ဖြစ်သည်။

မန်ယူအသင်းသည် လက်ရှိကစားသမား အပြောင်းအရွှေ့ကာလတွင် ပထမဆုံးခေါ်ယူမှုအဖြစ် ဘိုလော့ဂ်နာအသင်းမှ တိုက်စစ်မှူး ဇက်ခ်ဇီးကို ခေါ်ယူနိုင်ခဲ့ပြီး ယခုအခါ ဒုတိယမြောက်ခေါ်ယူမှုအဖြစ် ယိုရိုကို ခေါ်ယူနိုင်ခဲ့ခြင်းဖြစ်ပြီး လိုအပ်ချက်များရှိနေသည့် အသင်းကွင်းလယ်ပိုင်းအတွက် ပီအက်စ်ဂျီအသင်းမှ ကွင်းလယ်ကစားသမား အူဂါတီကို ထပ်မံခေါ်ယူရန် ဆက်လက်ကြိုးပမ်းလျက် ရှိကြောင်း သိရသည်။

**Ref : Xinhua**

**Trs : STA**



# ဂေါက်သီးရိုက်လောကမှ အနားယူမည့်သတင်းများကို တိုက်ဂါးဝုဒ်ငြင်းဆို

**ဝါရှင်တန် ဇူလိုင် ၁၇**

ဂေါက်သီးရိုက် လောကတွင် အအောင်မြင်ဆုံး ဂေါက်သီးရိုက်ကစားသမားစာရင်းတွင် ပါဝင်နေသည့် အမေရိကန်ဂေါက်သီးရိုက်ကစားသမား တိုက်ဂါးဝုဒ်သည် ကြံ့ခိုင်မှုပြဿနာကြောင့် ဂေါက်သီးရိုက်လောကမှ အနားယူတော့မည်ဖြစ်ကြောင်း သတင်းမီဒီယာများက ဖော်ပြခဲ့ခြင်းနှင့် ပတ်သက်ပြီး မဟုတ်မှန်ကြောင်း တိုက်ဂါးဝုဒ်က ယနေ့တွင် တုံ့ပြန်ပြောကြားခဲ့သည်။

တိုက်ဂါးဝုဒ်သည် မော်တော်ယာဉ်တိမ်းမှောက်မှုဖြစ်စဉ် ဖြစ်ပွားခဲ့ပြီးနောက်ပိုင်း အသက်ဘေးမှ လွတ်မြောက်ခဲ့သော်လည်း ယာဉ်တိမ်းမှောက်စဉ် ရရှိခဲ့သောဒဏ်ရာများကြောင့် မကြာခဏအနားယူနေရသကဲ့သို့ ဆေးကုသမှုများပြုလုပ်နေရပြီး ယင်းဒဏ်ရာများကြောင့် ပြိုင်ပွဲများဖြင့် လွဲချော်ခဲ့ရသည်။

တိုက်ဂါးဝုဒ် အနားယူတော့မည့် သတင်းများနှင့်ပတ်သက်ပြီး အဓိကပြောကြားခဲ့သူမှာ ၃၁ ကြိမ်မြောက် European Tourတွင် ချန်ပီယံဆု ဆွတ်ခူးရရှိခဲ့သူ စကော့တလန်ဂေါက်သီးရိုက်ကစားသမားဟောင်း မောင့်ဂိုမာရီဖြစ်သည်။

မောင့်ဂိုမာရီ၏ ပြောကြားချက်နှင့်ပတ်သက်ပြီး တိုက်ဂါးဝုဒ်က "ကျွန်တော့်အနေနဲ့ အသက် ၆၀ နှစ်မတိုင်မီလောက်အထိ ဂေါက်သီးရိုက်လောကမှာ ကျင်လည်သွားဖို့ ဆုံးဖြတ်ထားပါတယ်။ ချန်ပီယံဟောင်း တစ်ယောက်အနေနဲ့ပေါ့။ ကျွန်တော်နဲ့ပတ်သက်ပြီး မှတ်ချက်ပြုလာတဲ့ မောင့်ဂိုမာရီဟာ ဂေါက်သီးရိုက်လောကမှာ အောင်မြင်မှုတွေ အများကြီးရယူထားတဲ့ ချန်ပီယံဟောင်းတစ်ယောက်မဟုတ်ပါဘူး။ သူ့အနေနဲ့ဆိုရင်တော့ ကျွန်တော့်လိုအသက်အရွယ်မှာ အနားယူကောင်း အနားယူလိမ့်ပါမယ်။ ကျွန်တော့်အနေနဲ့ကတော့ အနားယူဖို့ မစဉ်းစားသေးပါဘူး"ဟု တုံ့ပြန်ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : AZL**

# ဝါဆိုလပြည့် ဓမ္မစကြာနေ့နှင့် ဗုဒ္ဓဖြစ်တော်စဉ်များ

ခိုင်(မိတ္ထီလာ)

တရွေ့ရွေ့နှင့် စည်းချက်မှန် လျှောက်လှမ်းလာသော နာရီလက်တံ နာရီမှန်ကလေးသည် မောပန်းသွားသည့်အလား တစ်ခုသောနားခိုရာသစ်ရိပ်အောက်တွင် ရပ်တန့်လိုက်သည်။ လာရာလမ်းဆီစောင်းကြည့်လိုက်သော် မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် ဝါဆိုလပြည့်နေ့မှ ၁၃၈၆ ခုနှစ် ဝါဆိုလပြည့်ပင် ရောက်လုပြီကော။ မကြာသေးဟု ထင်ထားရလင့်ကစား တစ်နှစ်တင်းတင်းပြည့်တော့မည်ဖြစ်သည်။ ယခုကျရောက်မည့် ဇူလိုင် ၂၀ ရက်သည် ၂၀၂၄ ခုနှစ်၊ မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ်၏ ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့ပါတကား။

ဝါဆိုလကား ဘုရားသာသနာတော်ကိုထူထောင်၍ သာသနာတော်၏ အထောက်အပံ့ဖြစ်သော သံဃာအဖွဲ့အစည်းကို ကျစ်လျစ်ခိုင်မာစေရန် ပြုစုသောသဘောရှိခြင်းကြောင့် သာသနာပြုလုပ်ငန်းနှင့်ယှဉ်၍ စဉ်းစားလျှင် ဝါဆိုလသည် အထွတ်အမြတ်ပြုရာလဖြစ်ပေသည်။ မြတ်စွာဘုရား၏ ဖြစ်တော်စဉ် ဗုဒ္ဓဝင်များနှင့်လည်း အတိပြီးသောလဖြစ်သည်။ ကဆုန်လပြည့်နည်းတူလည်း လွန်စွာထူးခြားသည်။ ဘုရားအလောင်းတော်သည် တုသိတာနတ်ပြည်၌ စုတေပြီးသော် လူ့ပြည်၌ ပဋိသန္ဓေနေသည်မှာ ဝါဆိုလပြည့်နေ့ဖြစ်သည်။ နိမိတ်ကြီးလေးပါးကိုမြင်၍ တောထွက်တော်မူသည်မှာလည်း ဝါဆိုလပြည့်နေ့ဖြစ်သည်။ ဘုရားအဖြစ်သို့ရောက်၍ ဓမ္မစကြာတရားဦးဟောတော်မူသည်မှာလည်း ဝါဆိုလပြည့်နေ့ပင်ဖြစ်သည်။ ထို့ကြောင့်ပင် "သန္ဓေတောထွက်၊ ဓမ္မစက်၊ ဟောမြွက် ခါကိုးလဝါဆို"ဟူသော ဆိုရိုးတွင်ခဲ့ခြင်းမဟုတ်ပါလော။

ဤမည်သော အကြောင်းချင်းကတို့နှင့်အတူ သာဝတ္ထိပြည် သရက်ဖြူပင်ရင်း၌ တိတ္ထိတို့ကိုနှိမ်နင်း၍ တန်ခိုးပြာဋိဟာပြသောနေ့သည်လည်း ဝါဆိုလပြည့်နေ့ဖြစ်သည်။ အဆိုပါ ထူးခြားချက်ငါးရပ်နှင့်ပြည့်စုံသောကြောင့် ဝါဆိုလပြည့်နေ့ကို ဗုဒ္ဓဘာသာဝင်များ အထွတ်အမြတ်ထားကြသည်။ ဝါဆိုလဟူသည် ရဟန်းသံဃာတော်တို့ မိမိ၏ကျောင်းသင်္ခမ်းအတွင်း၌ ဝါတွင်းသုံးလပတ်လုံး အရပ်တစ်ပါးသို့ မရွေ့ပြောင်းဘဲ နေထိုင်သီတင်းသုံးခြင်းကိုရည်စူး၍ ဝါဆိုလဟုခေါ်ကြောင်း အစဉ်အဆက် မှတ်သားချက်လည်းရှိပေသည်။

မြတ်စွာဘုရားလက်ထက်၌ ဘိက္ခုနှင့်ဘိက္ခုနီမအပါအဝင် သံဃာသည် မိုးတွင်းကာလ၌ အခြားတစ်ပါးသောကာလကဲ့သို့ အရပ်တစ်ပါးသို့ ဒေသစာရီကြွချီလေ့ရှိသည်။ ထိုအခါ စိမ်းစိုသောမြက်ခင်းနှင့်တကွ စိုက်ပျိုးထားသောလယ်ယာတို့သည် ပျက်စီးခြင်းသို့ရောက်ကြကုန်၏။ ထို့ကြောင့် လူဝတ်ကြောင်တို့က "ဘိက္ခု၊ ဘိက္ခုနီမတို့သည် မိုးတွင်း၌ အဘယ်ကြောင့် ခရီးသွားကြကုန်သနည်း။ စိမ်းစိုသောမြက်ခင်းကိုနင်း၍ ပိုးမွှားအစရှိသော သတ္တဝါတို့၏အသက်ကို ဖျက်ဆီးကြလေသည်တကား"ဟူ၍ ဝေဖန်ပြောဆိုကြလေသည်။ ဤသည်ကိုအကြောင်းပြု၍ မြတ်စွာဘုရားသည် "ဘိက္ခု၊ ဘိက္ခုနီမအပါအဝင် သံဃာသည် မိုးတွင်း၌ ဒေသစာရီ လှည့်လည်သွားလာလျှင် ပါစိတ်အာပတ်သင့်၏"ဟု ဆုံးမတော်မူလေသည်။ ထိုမှအစပြုကာ ဝါဆိုလပြည့်နေ့မှ သီတင်းကျွတ်လပြည့်နေ့ထိဖြစ်သော မိုးတွင်းသုံးလတွင် သံဃာသည် မိမိ၏ကျောင်းအရပ်မှ တစ်ပါးသောအရပ်သို့ ခရီးသွားခြင်းမှ ရှောင်ကြဉ်ရသည်။

ဝါကပ်သောအခါ သံဃာသည် "ဣမသ္မိံ ဝိဟာရေ ဣမံ တေ မာသံ ဝဿံ ဥပေမိ"ဟု ရွတ်ဆို၍ မိုးတွင်းသုံးလပတ်လုံး ဤကျောင်းအရပ်၌ ကပ်ရောက်ခိုကိုးပါ၏ဟု အဓိဋ္ဌာန်ပြုရသည်။

ဤကဲ့သို့ ဝါကပ်ပါသည်ဟုဆိုပြီးလျှင် မိုးတွင်းကာလပတ်လုံး သံဃာနှင့်ဆိုင်သော အကျင့်သီလသိက္ခာကို စောင့်ထိန်းကြရသည်ကို အကြောင်းပြု၍လည်း ဝါဆိုလဟု ခေါ်လေသည်။ ဤလတွင် ရဟန်းတော်များ ကျောင်း၌ အစုံအလင်ရှိကြသောကြောင့် ဒါယကာ၊ ဒါယိကာမတို့သည် ပဥ္စင်းတော်ခံပွဲကို ကျင်းပကြလေသည်။

ရှေးမြန်မာဘုရင်မင်းမြတ်တို့သည် နယုန်လ၌ စာပြန်ပွဲကို ကျင်းပပြီးသော် ရှင်သာမဏေနှင့်တကွသော ရဟန်းသံဃာတော်တို့ကို ပညာအရည်အချင်းအလိုက် အဆင့်ဆင့်ရွေးချယ်၍ ချီးမြှောက်ပူဇော်တော်မူကြသည်။ ထို့နောက် ပဥ္စင်းတက်ရန် အရွယ်ရောက်သော ရှင်သာမဏေတို့ကို ပဥ္စင်းခံပေးကြသည်။ သို့ဖြစ်ရာ နယုန်လကုန်၍ ဝါဆိုလသို့ရောက်သောအခါ

> ❖ ဘုရားအလောင်းတော်သည် တုသိတာနတ်ပြည်၌ စုတေပြီးသော် လူ့ပြည်၌ ပဋိသန္ဓေနေသည်မှာ ဝါဆိုလပြည့်နေ့ဖြစ်သည်။ နိမိတ်ကြီးလေးပါးကိုမြင်၍ တောထွက်တော်မူသည်မှာလည်း ဝါဆိုလပြည့်နေ့ဖြစ်သည်။ ဘုရားအဖြစ်သို့ရောက်၍ ဓမ္မစကြာတရားဦး ဟောတော်မူသည်မှာလည်း ဝါဆိုလပြည့်နေ့ပင်ဖြစ်သည်။ ထို့ကြောင့်ပင် "သန္ဓေတောထွက်၊ ဓမ္မစက်၊ ဟောမြွက် ခါကိုးလဝါဆို"ဟူသော ဆိုရိုးတွင်ခဲ့ခြင်းမဟုတ်ပါလော။ ဤမည်သော အကြောင်းချင်းကတို့နှင့်အတူ သာဝတ္ထိပြည် သရက်ဖြူပင်ရင်း၌ တိတ္ထိတို့ကိုနှိမ်နင်း၍ တန်ခိုးပြာဋိဟာပြသောနေ့သည်လည်း ဝါဆိုလပြည့်နေ့ဖြစ်သည်။ ❖

ပဥ္စင်းတော်ခံပွဲများ ကျင်းပကြသည်မှာ များစွာသဘာဝကျပေသည်။

ရှေးအခါက ပဥ္စင်းခံပွဲကျင်းပပုံကို အင်ရုံရွာစားဝန်ကြီး သီရိဥဇနာစီရင်သည့် လောကဗျူဟာအင်ရုံစာတမ်းတွင် ဤသို့သိမှတ်ကြရသည်။ ရှေးဦးစွာ ပဥ္စင်းလောင်း၊ ရှင်လောင်းစာရင်းများကို လွှတ်တော်ကကောက်ယူရန် ဘုရင်နှင့် အိမ်ရှေ့မင်းသားတို့မှအစ ရှင်ဒါကာ၊ ပဥ္စင်းဒါကာတို့ထံ အပ်နှံသည်။ ထို့နောက် ပဥ္စင်းလောင်း၊ ရှင်လောင်းတို့ကို ရွှေစည်းခုံသို့ ထမ်းစင်ဖြင့်ပင့်ဆောင်၍ လှည့်လည်ကြသည်။ ရွှေစည်းခုံတွင် ဘုရင်မင်းမြတ်က "လူအဖြစ်ကို ရခဲလှသည်။ လူဖြစ်ပါသော်လည်း ယောကျ်ားစင်စစ် ဖြစ်ခဲလှသည်။ ယောကျ်ားကောင်းစင်စစ်ဖြစ်ပါသော်လည်း အသိပညာနှင့် ပြည့်စုံရန်ခက်ခဲလှသည်။ အသိပညာပြည့်စုံပါသော်လည်း ရဟန်းဘဝကို ရခဲလှသည်။ ပဥ္စင်းလောင်း၊ ရှင်လောင်းတို့သည် ရခဲခြင်းငါးပါးနှင့် ပြည့်စုံကြသည့်အခါ ရှင်တော်ဘုရား၏ အဆုံးအမနှင့်အညီ ကျင့်ဆောင်ကြရမည်"ဟူ၍ အမိန့်တော်ပြန်လေသည်။ ထို့နောက် ရှင်လောင်း၊ ပဥ္စင်းလောင်းတို့သည် မိမိတို့၏ အသီးသီးသော ကျောင်းသင်္ခမ်းသို့ ပြန်လည်ကြွရောက်ကြ၏။ အတွင်းတော်၊ အိမ်ရှေ့မင်းနှင့် အခြား ဒါယကာ၊ ဒါယိကာမအသီးသီးတို့က ဆွမ်းပင့်ဖိတ်ကျွေးမွေးပြုစုသည်။

ထို့နောက် ဆိုင်ရာဆိုင်ရာတို့က ပရိက္ခရာရှစ်ပါးနှင့်တကွ ရဟန်းအသုံးအဆောင်များကို အစုံအစေ့လှူဒါန်းသည်။ ဤတွင် ပဥ္စင်းလောင်း၊ ရှင်လောင်းတို့သည် မိမိတို့နှင့်ဆိုင်ရာဆိုင်ရာ နေရာဌာနတို့၌ ရှင်သာမဏေဘဝ၊ ပဥ္စင်းဘဝသို့ ရောက်ကြလေတော့သည်။

ရှေးမြန်မာဘုရင်တို့သည် ပါဝင်အမိန့်တော်ကို ထုတ်ပြန်လေ့ရှိ၏။ အမိန့်တော်ကို ရုံးတော်ကစီစဉ်၍ မောင်းတီးကာ ဆင်ထက်မှဖြစ်စေ၊ မြင်းထက်မှဖြစ်စေ မြို့တွင်း၊ မြို့ပြင်၊ လမ်းဆုံလမ်းမတို့၌ အမိန့်တော်ပြန်ရသည်။ အမိန့်တော်၏သဘောမှာ ဝါဆိုကာလသို့ရောက်ပြီဖြစ်၍ တိုင်းသူပြည်သားတို့သည် ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ဆယ်ပါးသီလကိုဆောက်တည်၍ အလှူပေးခြင်း၊ ဘာဝနာစီးဖြန်းခြင်း စသည်တို့ကို ဆောင်ရွက်ရမည်ဟု ဆိုလေသည်။

ဝါဆိုလ၏ ရာသီသဘာဝကို ဥတုဘောဇနသင်္ဂဟကျမ်းတွင် ဤသို့ဆို၏။ "ဝါဆို ဝါခေါင်နှစ်လသည် ဝဿာနဥတုမည်၏။ ဤဝဿာနဥတု၌ စိုစွတ်၏။ ပူထုံအေးထုံရှိ၏။ အိုက်၏။ ကောင်းကင်၌ မိုးတိမ်မပြတ်ရှိ၏။ အနောက်က လေကျတတ်၏။ တိမ်၊ မအူ၊ လက်ထုတ်၊ ဆပ်သွား၊ မုလေး၊ ပုန်းညက် စသောပန်းတို့သည် ပွင့်ကုန်၏။ မြစ်ရေတို့သည် ပြည့်လျှံကုန်၏။ ရေကန်၊ရေအိုင် စသည်တို့၌ ကြာဖြူ၊ ကြာညိုတို့သည် ပွင့်ကြကုန်၏။ မြေအပြင်၌ မိုးရေဖြင့်မထင်ရှားသော ကုန်းကြည်းရှိကုန်၏"ဟူ၍ ဖော်ပြထားရာ ဝါဆိုလ၏ တစ်ပွင့်စံ ပုန်းညက်ရာသီပန်းကိုလည်း တွေ့ရှိရပေသည်။

ဒီပင်္ကရာမြတ်စွာဘုရားသည် သုမေဓာရှင်ရသေ့တို့ ခရီးလမ်းညီဖို့ရာအရပ်သို့ ကြွတော်မူလာသောအခါ လူတို့က ပန်းအမျိုးမျိုးဖြင့် ကြိမြှောက်ပူဇော်ကြလေသည်။ ထိုပန်းတို့တွင် ပုန်းညက်ပန်းလည်း ပါဝင်သည်။ ပန်းအမည်တို့ကို ထောက်ရှုသော် ဝါဆိုလဆီတွင် ကြွလာသည်ဟု မှတ်ယူဖွယ်ရှိ၏။ ပုန်းညက်ပန်းကို ပညာရှင်အများက ဝါဆိုလ၏ရာသီပန်းဟု မှတ်ယူဖွဲ့ဆိုကြသော်လည်း ကင်းဝန်မင်းကြီး၏ ရာသီပန်းကဗျာတွင်ကား "ပန်းကံ့ကော်ရွှေစကား"၊ ငွေသားနုစံပယ်မှန်၊ မုလေးခတ္တာနှင့်၊ ရွှေရင်းမာ ကြာခဝဲ ဖွဲ့စနင်းလျှံ" စသည်ဖြင့် ပုန်းညက်ပန်းရှိသင့်သောနေရာတွင် မုလေးပန်းကို ထည့်သွင်းဖွဲ့ဆိုခဲ့ပေသည်။

ဗုဒ္ဓ၏ဖြစ်တော်စဉ်များတွင် သိဒ္ဓတ္ထမင်းသားဘဝလည်း ပါဝင်နေပါသည်။ သိဒ္ဓတ္ထမင်းသားသည် သူအို၊ သူနာ၊ သူသေ၊ ရဟန်းတည်းဟူသော နိမိတ်ကြီးလေးပါးကိုမြင်တော်မူ၍ သံဝေဂရတော်မူကာ ရွှေအိမ်ရွှေနန်း ရွှေကြငှန်းနှင့် အိမ်ရှေ့မိဖုရား ယသော်ဓရာ၊ ရင်နှစ်သည်းချာ သားတော်ရာဟုလာတို့ကိုစွန့်ပစ်ကာ တောထွက်တော်မူသည်မှာလည်း ဝါဆိုလပြည့်နေ့ပင်ဖြစ်သတည်း။

အလောင်းတော်သည် တောရပ်မှီးကာ ခြောက်နှစ်လုံးလုံး ဒုက္ကရစရိယာကျင့်တော်မူခဲ့ရ၏။ ဗောဓိညောင်ပင်ရွှေပလ္လင်၌ သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရားအဖြစ်သို့ ရောက်တော်မူပြီးနောက် မိဂဒါဝုန်တောအတွင်း၌ ပဥ္စဝဂ္ဂီငါးဦးတို့အား တရားဦး ဓမ္မစကြာကို ဤဝါဆိုလပြည့်နေ့၌ပင် ဟောကြားတော်မူလေသည်။

"တိမ်ခြေမိုမို့၊ မှိုင်းဝေညို့မျှ၊ ကောင်းကင်ဝဝယ်၊
လနှင့်အာသာဠ်၊ ပြည့်ကြရံလျက်၊ ယဉ်ထန်
ရေရှူး၊ မိုးလေဦးကို၊ ကြိုင်မြူးအေးမြတ်၊
ပုန်းညက်စံမီ၊ ပွင့်ပြိုင်ညီ၍၊ ရာသီလှည့်ပတ်
ကရကဋ် ဟု၊ နတ်လည်းစက်လိုလဝါဆို"ဟူသော

ဆီသည်ရွာစားဦးအောင်ကြီး၏ ဆယ့်နှစ်ရာသီဘွဲ့လူးတားလာ ဝါဆိုလဘွဲ့အရ ဝါဆိုလ၏စန်းယှဉ်နက္ခတ်နှင့် ရာသီပန်းကို တွေ့ရပါသည်။ ဝါဆိုလပြည့်နေ့ညသန်းခေါင်အချိန်တွင် လပြည့်ဝန်းနှင့် ပြုဗ္ဗာသဠ်နက္ခတ်တို့သည် ယုဂန်တောင်ထိပ်ဆီတွင် ယှဉ်ပြိုင်ထွန်းတောက်ကြသည်ဟု မှတ်ယူရကြောင်း ဆရာကြီးမင်းသုဝဏ်က ဆိုမိန့်ပါသည်။

ဝါဆိုလသည် ဗုဒ္ဓဘာသာဝင်တို့၏ ဝါတွင်းကာလအစဖြစ်သည်။ ဝါတွင်းပိပိ ဥပုသ်သီတင်းဆောက်တည်ခြင်း၊ ဝါဆိုသင်္ကန်းကပ်လှူခြင်း၊ ကုသိုလ်ကောင်းမှုပြုခြင်းတို့ကို ပြုလုပ်ကြမြဖြစ်သည်။ မြတ်စွာဘုရားရှင်သည် သတ္တဝါအားလုံး အကျိုးစီးပွားများစေရန် ပွင့်ထွန်းပေါ်ပေါက်တော်မူလာရသည်။ မိမိတစ်ဦးတည်းအကျိုးအတွက်ဆိုပါမူ ဘုရားရှင်သည် ဖလသမာပတ်ဝင်စား၍ ချမ်းသာစွာ နေတော်မူနိုင်သော်လည်း ဝေနေယျတို့အတွက် မနေမနား ကြိုးစားတော်မူလေသည်။ ထို့ကြောင့်လည်း "အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏ သမ္ပန္နော၊ သုဂတော၊ လောကဝိဒူ" အစချီသော ဂုဏ်တော်ကိုးပါး အထူးထင်ရှားသော သဗ္ဗညုမြတ်စွာဘုရားဟု ကိုးကွယ်ဆည်းကပ်ကြခြင်းဖြစ်ပေသည်။

မြတ်စွာဘုရား သက်တော် ၈၀ ပြည့်သည့်ည ပရိနိဗ္ဗာန်စံခါနီး၌ ကုသိနာရုံပြည် အင်ကြင်းဥယျာဉ်ကြီးအတွင်းဝယ် ကိုးကွယ်ရာဘာသာအယူဝါဒ အမှားအမှန် ဝေဖန်ရွေးချယ်နိုင်ရန် သုဘဒ္ဒပရိဗိုဇ်အား "မဂ္ဂင်ရှစ်ပါးကျင့်စဉ် ဝါစသာ ဘာသာအယူဝါဒသည်သာလျှင် ကိလေသာကို ငြိမ်းစေ၏။ ကိလေသာငြိမ်းမှ ဆင်းရဲငြိမ်း၏။ ဆင်းရဲငြိမ်းစေမှ မှန်ကန်သောအယူဝါဒ မှန်ကန်သောကိုးကွယ်ရာဖြစ်၏"စသည့်သဘောတရားကို ဟောကြားတော်မူခဲ့သည်။ မြတ်စွာဘုရားလက်ထက်တော်က အင်္ဂုဒတ္တရသေ့ကြီးနှင့် တပည့်တစ်သောင်းတို့သည် သစ်ပင်၊ တောတောင်၊ သစ်သီးဥယျာဉ်၊ ပန်းဥယျာဉ်၊ နတ်ကွန်းများကို ကိုးကွယ်နေကြရာ မြတ်စွာဘုရား၏ ညွှန်ပြဆုံးမစကားကြောင့် အင်္ဂုဒတ္တနှင့်တပည့်အပေါင်း အသိမှန်အမြင်ရကာ ရဟန္တာဖြစ်သွားကြပါသည်။

ထိုသည့်ထုံးကို နှလုံးမူကာ သစ္စာလေးအင် ကိုယ်တိုင်မြင်၍ များမြင်ဝေနေ တပည့်များကို သိစေတော်မူသော ဗုဒ္ဓေါဂုဏ်တော်အပါအဝင် ဂုဏ်တော်ကိုးပါးတည်ရှိကိန်းအောင်းသော မြတ်စွာဘုရားရှင်အား များဝေနေယျ တို့သည် ယုံကြည်၊ သဒ္ဓါကိုင်းရှိုင်းသော ဗုဒ္ဓဘာသာဝင်များအဖြစ် သီလ၊ သမာဓိ၊ စရဏ သိက္ခာတရားများ ခိုင်ကျည်စေလိုကြောင်း ခေတ္တနားရင်း အတွေးနယ်ချဲ့နေမိသော ရာသီလက်တံကလေးက "ဝါဆိုလပြည့် ဓမ္မစကြာနေ့နှင့် ဗုဒ္ဓဖြစ်တော်စဉ်များ"အား ရိုသေညွတ်တွားဦးခိုက်လျက် ဆန္ဒပြုသံသည် လောကတစ်ခွင် ပဲ့တင်ရိုက်ဟည်းမြည်တမ်းလျက်နေပါတော့သတည်း။

# ရင်ဖွင့်ပြချင်သည် ဇာတ်လမ်းတွဲ Press Conference Show ကျင်းပ



**ရန်ကုန် ဇူလိုင် ၁၇**

ရွှေစည်တော် ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်ပြီး Mahar Application တွင် ပြသနေသည့် ရင်ဖွင့်ပြချင်သည် ဇာတ်လမ်းတွဲ Press Conference Show ကို ဇူလိုင် ၁၆ ရက်က ရန်ကုန်တိုင်း ဒေသကြီး စမ်းချောင်းမြို့နယ်ရှိ Novotel Hotel တွင် ကျင်းပပြုလုပ်ခဲ့ကြောင်း ဒါရိုက်တာပွင့်သိင်္ဂီဇော်(အရုဏ်ဦး)က ပြောပြ၍ သိရသည်။

ရင်ဖွင့်ပြချင်သည် ဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းကို အထင်ကရ က ရေးသားထားပြီး မယ်ခိုင်က ဇာတ်ညွှန်းခွဲထားကာ ဒါရိုက်တာပွင့်သိင်္ဂီဇော်(အရုဏ်ဦး)က ရွှေစည်တော် ရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူ ပုံဖော်ရိုက်ကူးထားကြောင်း သိရသည်။

"ရင်ဖွင့်ပြချင်သည်ဇာတ်လမ်းတွဲမှာက အားလုံးက သူ့နေရာနဲ့သူ ကာရိုက်တာပိုင်းမှာ ပီပြင်အောင် ပါဝင်သရုပ်ဆောင်ထားကြပါတယ်။ ဒီဇာတ်လမ်းတွဲထဲက စိတ်မွန်းကျပ်ရတာတွေ တစ်ယောက် တစ်မျိုးစီ များနေကြတော့ ရင်ဖွင့်ပြချင်တဲ့ Title လေး ပေးဖြစ်တာပါ"ဟု ဒါရိုက်တာ ပွင့်သိင်္ဂီဇော်(အရုဏ်ဦး) က ပြောပြသည်။

ရင်ဖွင့်ပြချင်သည် ဇာတ်လမ်းတွဲတွင် အပိုင်း ၂၀ ပါရှိမည်ဖြစ်ကာ Mahar Application မှ HD Quality ဖြင့် ဇူလိုင် ၁၅ ရက်မှ စတင်ကာ နေ့စဉ် ည ၇ နာရီတွင် ထုတ်လွှင့်ပြသ ပေးနေပြီဖြစ်ကြောင်း၊ အဆိုပါဇာတ်လမ်းတွဲတွင် သရုပ်ဆောင် ရန်အောင်၊ အောင်ရေချမ်း၊ ရတနာဗို၊ သင်းသဲဗို၊ သဇင်ထူးမြင့်၊ ခြူးစစ်ဟန်၊ ယွန်းရွှေရည်၊ အေးသီတာ စသည့် အနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# တေးရေး တေးဆို ဟဲလေး၏ Old Service တစ်ကိုယ်တော် ဂီတဖျော်ဖြေပွဲပြုလုပ်မည်

**ရန်ကုန် ဇူလိုင် ၁၇**

တေးရေး တေးဆို ဟဲလေး၏ ဂီတသက်တမ်း ၂၄ နှစ်ပြည့် အထိမ်းအမှတ်အဖြစ် Old Service အမည်ရှိ တစ်ကိုယ်တော် တေးဂီတဖျော်ဖြေပွဲကို ဇူလိုင် ၂၆ ရက်တွင် ပြုလုပ်မည်ဖြစ်ကြောင်း ၎င်းက ပြောပြ၍ သိရသည်။

အဆိုပါ Old Service အမည်ရှိ တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်ရှိ Modern Radio Club တွင် ပြုလုပ်သွားမည်ဖြစ်ပြီး ဂီတလောကမှ ဂီတမိတ်ဆွေများလည်း ဂီတဖျော်ဖြေပွဲတွင် ပါဝင်ဖျော်ဖြေကြမည်ဖြစ်ကြောင်း သိရသည်။

"၂၀၀၀ ပြည့်နှစ် ကတည်းက ဂီတလောကထဲ ရောက်ခဲ့တာဆိုတော့ ဂီတသက်တမ်းက ဒီနှစ်မှာ ၂၄ နှစ်ပြည့်ပါပြီ။ အဲဒီ အထိမ်းအမှတ်နဲ့ ဖျော်ဖြေပွဲလေးလုပ်ဖြစ်မှာပါ။ Old Service ဆိုတဲ့ တေးအယ်လ်ဘမ်နဲ့ လူသိများခဲ့ပြီး ဘဝမှာ အပြောင်းအလဲတွေဖြစ်ခဲ့အတွက် ဒီပွဲလေးရဲ့နာမည်ကိုလဲ



အဲဒီနာမည်ပဲ ပေးထားပါတယ်။ ဒီပွဲမှာ ဂီတမိတ်ဆွေတွေဖြစ်တဲ့ လွှမ်းပိုင်၊ သီအိုရီ၊ ချစ်ငယ်(မေခလာ)၊ ဝိုင်းစုခိုင်သိန်း၊ ရတနာမိုင်၊ ယွန်းမြတ်သူ၊ ချမ်းမြေ့မောင်ချို တို့လဲ အားဖြည့်ဖျော်ဖြေပေးကြမှာပါ။ ဂီတသက်တမ်းတစ်လျှောက်မှာတော့ ဒီလို တစ်ကိုယ်တော်ပွဲက ပထမဆုံးပါပဲ"ဟု တေးရေးတေးဆို ဟဲလေးက ပြောပြသည်။

လက်ရှိတွင် အဆိုတော်ဟဲလေး၏ Cover Oke Project အဖြစ် အဆိုတော် ယွန်းမြတ်သူနှင့် တွဲဖက်သီဆို သရုပ်ဆောင်ထားသည့် နှလုံးသားရဲ့ နေရာတိုင်းမှာ MV တေးသီချင်း၊ အဆိုတော် ပိုင်သစ်နှင့် တွဲဖက်သီဆို သရုပ်ဆောင်ထားသည့် I'am Oo Cover Song တေးသီချင်း MV များထွက်ရှိထားပြီးဖြစ်ကြောင်း သိရသည်။

ASH

# ဗဟန်းမြို့နယ် Golden Valley Art Centre တွင် ပုဂံခေတ်အဝတ်ပန်းချီ၊ သဲပန်းချီပြပွဲ ပြုလုပ်သွားမည်

**ရန်ကုန် ဇူလိုင် ၁၇**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ Golden Valley Art Centre တွင် ပန်းချီဝါသနာရှင် ၅၄ ဦး ရေးဆွဲထားသည့် ပုဂံခေတ်အဝတ်ပန်းချီ၊ သဲပန်းချီပြပွဲကို ဇူလိုင် ၂၀ ရက်မှ ၂၂ ရက်ထိ ပြုလုပ်သွားမည်ဖြစ်ကြောင်း အဆိုပါ ပန်းချီပြပွဲစီစဉ်သူ Rainbow Art Centre သင်တန်းကျောင်းမှ ဆရာပန်းချီက ပြောပြ၍ သိရသည်။

အဆိုပါ ပုဂံခေတ်အဝတ်ပန်းချီ၊ သဲပန်းချီပြပွဲတွင် Rainbow Art Centre ဆရာ၊ ဆရာမ ကိုးဦးနှင့် ပန်းချီဝါသနာရှင် ကလေးများ စုစုပေါင်း ၄၅ ဦးတို့၏လက်ရာ ပန်းချီကား ၅၄၀ ကို ပြသပေးသွားမည်ဖြစ်ကြောင်းသိရသည်။

"မြန်မာ့ပန်းချီ သမိုင်းမှာ တစ်ကြိမ်တစ်ခါမှ မပြသဖူးခဲ့သည့် ပထမဆုံးအကြိမ်အဖြစ်ပြသမဲ့ ပုဂံခေတ်အဝတ်ပန်းချီ၊ သဲပန်းချီပြပွဲ ဖြစ်ပေါ်လာဖို့အတွက် ကျွန်တော်နဲ့အတူ ပန်းချီသင်တန်းသား၊ သင်တန်းသူ ကလေးတချို့ဟာ ၂၀၁၈-၂၀၁၉ ခုနှစ်လောက်က စတင်ပြီးတော့ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ စေတီပုထိုးများစွာဆီ အကြိမ်ပေါင်းများစွာ သွားရောက်ခဲ့ပါတယ်။ ဂူဘုရားနံရံတွေအတွင်းရှိ လွန်ခဲ့တဲ့ နှစ်ပေါင်း ၁၀၀၀ လောက်ဆီက နံရံဆေးရေးပန်းချီကားတွေကို လေ့လာကြည့်ရှုခဲ့ကြပါတယ်။ အဲဒီကမှတစ်ဆင့် ၂၀၂၃-၂၀၂၄ ကာလတွေမှာပန်းချီဆရာ၊ ဆရာမတွေနဲ့ ဝါသနာရှင်တပည့်တွေ အချိန်ယူကြိုးစားလေ့ကျင့်ရေးဆွဲရင်း မြန်မာ့ပန်းချီသမိုင်းမှာ ပထမဆုံးအကြိမ်အဖြစ်မှတ်ကျောက်တင် ထင်ကျန်ရစ်စေမဲ့ ပန်းချီဝါသနာရှင် ကလေးတွေရဲ့ ပုဂံခေတ် အဝတ်ပန်းချီ၊ သဲပန်းချီ ပြပွဲကို အကောင်အထည်ဖော်ဆောင်နိုင်ခဲ့ပါပြီ။ သူတို့လေးတွေကို အသိအမှတ်ပြုအားပေးဖို့ လာရောက်ကြည့်ရှုအားပေးဖို့ ဖိတ်ခေါ်ပါရစေ"ဟု အဆိုပါပန်းချီပြပွဲစီစဉ်သူ Rainbow Art Centre သင်တန်းကျောင်းမှ ဆရာပန်းချီက ပြောပြသည်။

အဆိုပါပန်းချီပြပွဲတွင် ပြသပေးမည့် ပန်းချီကားများ၏ အရွယ်အစားများမှာ (၂၄×၂၄) လက်မ၊ (၃၆×၂၄) လက်မ၊ (၁၈×၂၄) လက်မ၊ (၁၈×၁၈) လက်မ စသည်ဖြင့် အရွယ်အစားအစုံ ပါဝင်ပြီး ဈေးနှုန်းမှာ အနည်းဆုံး ငွေကျပ်သုံးသိန်းမှ ငွေကျပ်သိန်း ၂၀ ထိ ရှိကြောင်း သိရသည်။

ASH

# Marty Supreme ဇာတ်ကား၌ မင်းသား တင်မိုသီချားမက် ပါဝင်ဖွယ်ရှိ

**နယူးယောက် ဇူလိုင် ၁၇**

A24 ရုပ်ရှင်ကုမ္ပဏီ၏ Marty Supreme ဇာတ်ကားသစ်၌ မင်းသား တင်မိုသီချားမက်ပါဝင်သရုပ်ဆောင်ဖွယ် ရှိကြောင်း ဇူလိုင် ၁၆ ရက် သတင်းများအရ သိရသည်။

လက်ရှိအချိန်တွင် Marty Supreme ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်ရေးအတွက် တင်မိုသီချားမက်နှင့် A24 ကုမ္ပဏီတို့ကြား အပြီးသတ်ဆွေးနွေးမှုများ ပြုလုပ်နေကြောင်း သိရသည်။

Marty Supreme ဇာတ်ကားကို ဒါရိုက်တာ ဂျို့ဆက်ဒီးက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း A24 ရုပ်ရှင်ကုမ္ပဏီက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

Marty Supreme ဇာတ်ကားသည် ဒါရိုက်တာ ဂျို့ဆက်ဒီးအတွက် Uncut Gems (2019) ဇာတ်ကားနောက်ပိုင်း ပထမဆုံး ရုပ်ရှင်ဇာတ်ကားဖြစ်သည်။

လက်ရှိအချိန်တွင် Marty Supreme ဇာတ်ကား၏ ဇာတ်လမ်း၊ ဇာတ်အိမ်အသေးစိတ်ကို A24 ကုမ္ပဏီက ထုတ်ဖော်ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

ထို့ပြင် Marty Supreme ဇာတ်ကားစတင်ရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို မသိရသေးကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**





# Mission Impossible-8 ဇာတ်ကားတွင် မင်းသား စတီဖင်အိုယန်း ပါဝင်သရုပ်ဆောင်ထား

**နယူးယောက် ဇူလိုင် ၁၇**

Paramount ရုပ်ရှင်ကုမ္ပဏီ၏ Mission Impossible-8 ရုပ်ရှင်ဇာတ်ကားသစ်တွင် မင်းသား စတီဖင်အိုယန်း ပါဝင်သရုပ်ဆောင်ထားကြောင်း ဇူလိုင် ၁၆ ရက် သတင်းများအရ သိရသည်။

Mission: Impossible-8 ဇာတ်ကားသစ်တွင် စတီဗင်အိုယန်းသည် မင်းသား တွမ်ခရုစ်နှင့်အတူ သရုပ်ဆောင်ထားခြင်းဖြစ်ကြောင်း သိရသည်။

Mission:Impossible-8 ဇာတ်ကားကို ဒါရိုက်တာခရစ္စတိုဖာမက်ကွာရီက တာဝန်ယူရိုက်ကူးထားပြီး ဝတ္ထုဇာတ်ညွှန်းလည်း ကိုယ်တိုင်ရေးသားထားသည်။

လက်ရှိအချိန်တွင် Mission: Impossible-8 ဇာတ်ကား၏ ဇာတ်လမ်း ဇာတ်အိမ်အသေးစိတ်ကို မသိရသေးကြောင်း သိရသည်။

လက်ရှိအချိန်တွင် Mission: Impossible-8 ဇာတ်ကားကို ဗြိတိန်နိုင်ငံနှင့် အခြားရိုက်ကွင်းများ၌ ရိုက်ကူးနေဆဲဖြစ်ကြောင်း သိရသည်။

Mission: Impossible-8 ဇာတ်ကားကို ၂၀၂၅ ခုနှစ် မေ ၂၃ ရက်တွင် စတင်ရုံတင်ပြသရန် စီစဉ်ထားကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**



# Families of Office of Commander-in-Chief of Defence Services (Army, Navy and Air) hold Waso robes offering ceremony for 2024





Senior General Min Aung Hlaing, Daw Kyu Kyu Hla and the congregation listen to the sermon by Sayadaws.

**Nay Pyi Taw July 17**

Families of the Office of the Commander-in-Chief of Defence Services (Army, Navy and Air) held a ceremony to offer Waso robes for 2024 at Anawrahta Hall of the Office of the Commander-in-Chief (Army) here this morning. Chairman of the State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing and wife Daw Kyu Kyu Hla attended the ceremony and offered Waso robes, alms and a day meal.

Present to pay respects to 27 Sayadaws led by Ovadacariya Sayadaws of Uppatasanti Pagoda Board of Trustees led by Chairman of the State Sangha Maha Nayaka Committee Patron of Thanlyin Minkyaung Pathamapyan Sarthintaik in Thanlyin, Yangon Region, Sayadaw Agga Maha Pandita Agga Maha Saddhamma Jotikadhaja Dr Bhaddanta Candima Bhivamsa, and Secretary of SSMNC Patron of Masoeyein Taikthit, Mandalay, Sayadaw of Dhammathamiddhi Monastery Agga Maha Pandita Agga Maha Saddhamma Jotikadhaja Maha Dhamma Kathika Bahujana Hitadhara Bhaddanta Vasethabhivamsa were the Senior General and wife, Vice Chairman of the SAC Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win, Chief of the General Staff (Army, Navy and Air) General Maung Maung Aye and wife, the Commander-in-Chief (Navy) and wife, the Commander-in-Chief (Air) and wife, Union level officials and wives, senior military officers from the Office of the Commander-in-Chief and wives and officials.

First, the Senior General paid homage and offered a meal in an emerald bowl, flowers, water and oil lamps to the Buddha Image in Anawrahta Hall.

Next, the ceremony was opened with a three-time recitation of Namotassa, and the congregation led by the Senior General and wife took the Nine Precepts from the SSMNC Chairman Sayadaw. Sayadaws recited Parittas.

Then, the Senior General and wife offered Waso robes and alms to the SSMNC Chairman Sayadaw.

The Vice-Senior General offered Waso robes and alms to SSMNC Secretary Sayadaw.

After that, those in attendance and wives offered Waso robes and alms to the remaining Sayadaws.

The Senior General and wife and the congregation heard a sermon delivered by the SSMNC Secretary Sayadaw and the merits gained were shared. The ceremony then came to a close after a three-time recitation of Buddha Sasanam Ciram Tittatu.

After the ceremony, the Senior General and wife, the Vice-Senior General and the senior military officers in attendance offered day meal to the Sayadaws.

100



Senior General Min Aung Hlaing and Daw Kyu Kyu Hla offer Waso robe and alms to the SSMNC Chairman Sayadaw.



Senior General Min Aung Hlaing and Daw Kyu Kyu Hla offer meals to Sayadaws.



Vice-Senior General Soe Win offers Waso robe and alms to the SSMNC Secretary Sayadaw.

# PDF terrorists attack Aungthar Village in Pakokku with heavy and small arms, drop bombs: 3 innocent civilians including headmistress killed, 1 injured


**Nay Pyi Taw July 17**

PDF terrorists attacked Aungthar village in Pakokku Town,Magway Region, with heavy and small weapons and drop bombs this morning, resulting in the deaths of three innocent civilians, including a headmistress, and injuring another teacher.


The incident occurred between 5:20 AM and 6:20 AM today, as the terrorists fired heavy and small arms and drop bombs into Aungthar village, located approximately 17,000 meters southwest of Pakokku. The attack killed a headmistress, a male civilian, and a female civilian, totaling three deaths, while another teacher was injured. Additionally, the terrorists set fire to houses in the village, resulting in the destruction of 36 homes. The injured teacher was taken to Pakokku People's hospital by security forces for medical treatment.

Due to the attacks involving heavy and small arms and drop bombs in peaceful towns and villages, the local people's lives, homes, and properties have been destroyed. The local populace strongly condemns these acts of terrorism and cannot accept such actions. Security forces are increasing necessary security operations.

100



The map shows the incident in which the PDF terrorists fired heavy and small arms and drop bombs into Aungthar village.


Photo shows the houses destroyed in arson attacks by the PDF terrorists on Aungthar village.

## Jakarta-Bandung high-speed railway records 4 mln passengers after 9 months of operation

**Jakarta July 17**

Indonesia's Jakarta-Bandung high-speed railway (HSR), locally called Whoosh, recorded on Saturday that it had carried 4 million passengers since it began commercial operations on Oct. 17, 2023.

Eva Chairunisa, general manager corporate secretary of PT Kereta Cepat Indonesia-China (KCIC), said the achievement had proven the high public trust and enthusiasm in Indonesia for the HSR during the nine months of operation.

"We achieved this through the combined efforts and innovations of KCIC and all stakeholders, who continuously strive to enhance our services," Chairunisa said in a statement.

The HSR in Indonesia is the first of its kind in Southeast Asia. With a design speed of 350 kilometers per hour, the train connects Halim station in Jakarta to Tegalluar station in Indonesia's fourth largest city Bandung of West Java province, cutting the travel time between the two cities from over three hours to around 40 minutes.

Chairunisa also said that the existence of Whoosh had a significant positive impact in various sectors, especially tourism and industry in the region.

Xinhua

## Türkiye detains 396 suspects for drug manufacturing, trafficking

**Ankara July 17**

Turkish police detained 396 suspects for manufacturing and trafficking drugs in operations across the country, Interior Minister Ali Yerlikaya said Wednesday.

The security forces seized more than 1.7 tonnes of narcotics and 1.18 million narcotic pills in raids carried out across 57 provinces, Yerlikaya wrote on social media platform X, without specifying the time frame of the operations.

He added that the police teams carried out the raids with the participation of a total of 2,475 personnel, with the support of eight aerial vehicles and 34 narcotic detector dogs.

"Our fight against drug dealers and organized crime groups that poison our people will continue with determination with the support and prayers of our nation," Yerlikaya said.

Türkiye, often used by illegal drug dealers as a transit hub, has been ramping up efforts to crack down on drug smuggling since last year.

In June, Turkish police detained nine people suspected of involvement in international drug trafficking and seized 373 kg of cocaine, which was concealed in a container at the Gemlik port in northwestern Bursa province.

Xinhua

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## ရုရှားနိုင်ငံက Counter-Drone ‘Umbrella’ စနစ်ကို တီထွင်ခဲ့



အကွာအဝေးမီတာ ၅၀၀ (ပေ ၁၆၄၀) ပတ်လည်အတွင်း ဝင်ရောက်လာနိုင်သည့် ရန်သူ့ First-Person View(FPV) ဒရုန်းများကို ဖိဖျက်နှောင့်ယှက်၊ ပိတ်ဆို့နိုင်စွမ်းရှိသော Counter-Drone 'Umbrella' အီလက်ထရွန်နစ်စစ်ဆင်ရေးစနစ်ကို ရုရှားနိုင်ငံက တီထွင်ထုတ်လုပ်နိုင်ခဲ့ကြောင်း The Defense Post သတင်းဌာနက ဇူလိုင် ၁၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

Zont (ရုရှားဘာသာဖြင့် ထီးဟု အဓိပ္ပာယ်ရသည်)သည် FPV ဒရုန်းများ၏ ဆက်သွယ်ရေးလင့်ခ်များ သို့မဟုတ် တိုက်ရိုက် ဗီဒီယိုရိုက်ကူးသည့် လင့်ခ်များကို ဖိဖျက်နှောင့်ယှက်ခြင်းဖြင့် အကာအကွယ်ပေးရမည့် အဝန်းအဝိုင်းအတွင်း တန်ပြန်ဒရုန်းရန်ကာကွယ်ရေး ရပ်ဝန်းတစ်ခုကို ဖန်တီးပေးထားနိုင်လိမ့်မည်ဟု ရုရှားနိုင်ငံအစိုးရပိုင် Izvestia သတင်းစာက ထုတ်လုပ်သည့်ကုမ္ပဏီ Eliars မှ ပြောကြားချက်များကိုကိုးကား၍ ရေးသားဖော်ပြထားကြောင်း သိရသည်။

အလေးချိန် ကီလိုဂရမ် ၂၀ (၄၄ ပေါင်) ခန့်ရှိပြီး လှိုင်းနှုန်း သုည ဒသမ ၄ နှင့် ၅ ဒသမ ၈ GHz ကြား လုပ်ဆောင်နိုင်သည်။ ယူကရိန်းတွင် တပ်စွဲထားသော ရုရှားတပ်ရင်း၊ တပ်ဖွဲ့များက FPV ဒရုန်းများဖြင့် ယူကရိန်းတို့၏ တိုက်ခိုက်မှုများကြောင့် တင့်၊ သံချပ်ကာယာဉ်များထိခိုက်ဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်အတွက် တန်ပြန် FPV ဒရုန်းရန်ကာကွယ်ရေးအတွက် ထပ်မံဖြည့်ဆည်းပေးရန် တောင်းဆိုလာသောကြောင့် တီထွင်ထုတ်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

“ယာဉ်အမြောက်အမြား ရှေ့တန်းမှာ FPV ဒရုန်းရန် ကာကွယ်ရေးမပါဘဲ ရောက်လာခဲ့တဲ့အတွက် တစ်ပတ်အတွင်းမှာ ယူကရိန်းတို့ရဲ့ တိုက်ခိုက်မှုကိုကြုံတွေ့ခဲ့ရတာလို့ တပ်ဖွဲ့ဝင်တွေက ပြောကြားလာခဲ့ပြီး FPV ဒရုန်းရန်ကာကွယ်ရေးစနစ်တွေတောင်းဆိုလာတာပါ”ဟု Izvestia ကုမ္ပဏီမှ ကိုယ်စားလှယ်တစ်ဦးက ပြောကြားခဲ့သည်။

တစ်ချိန်တည်းတွင် ဧပြီလ၌ ယူကရိန်းအထူးစစ်ဆင်ရေးဇုန်အတွင်း လက်တွေ့စမ်းသပ်မှုများ အောင်မြင်စွာပြုလုပ်ဆောင်ရွက်နိုင်ခဲ့ပြီးနောက် အမှတ်စဉ်လိုက် ထုတ်လုပ်မှုစတင်ခဲ့ကြောင်း သိရသည်။

ရုရှားနိုင်ငံက သိမ်းပိုက်ထားပြီးဖြစ်သော ဒွန်းတက်ဒေသ၌ လက်နက်တပ်ဆင်ထားခြင်းမရှိသော သမားရိုးကျဒရုန်းများနှင့် စမ်းသပ်မှုများပြုလုပ်ခဲ့ရာ ကောင်းမွန်စွာဖိဖျက်ဟန့်တားနိုင်ခဲ့ကြောင်းထုတ်လုပ်သည့်ကုမ္ပဏီမှဒီဇိုင်နာချုပ်က ပြောကြားခဲ့သည်။

“တင့်ကားတစ်စီး စစ်မြေပြင်တိုက်ပွဲဝင်နေချိန်မှာ UAV တွေ ချဉ်းကပ်ပျံသန်းလာတာကို တတ်နိုင်သမျှ ဖျက်ချနိုင်ဖို့လိုပါတယ်။ Narrow-Beam နည်းလမ်းနဲ့ ဖမ်းယူထောက်လှမ်း၊ တိုက်ဖျက်တဲ့ အီလက်ထရွန်နစ်စစ်ဆင်ရေးစနစ်တွေမှာ လားရာအရပ်မျက်နှာကို ရွေးချယ်လုပ်ဆောင်ဖို့ အချိန်မရှိပါဘူး”ဟု ရုရှားနိုင်ငံ စစ်ရေးကျွမ်းကျင်သူ Yuri Lyamin ပြောကြားချက်ကို Izvestia သတင်းစာက ရေးသားဖော်ပြခဲ့သည်။

အမိုးအကာပုံစံဖြင့် လွှမ်းခြုံကာကွယ်ထားနိုင်သည့် အီလက်ထရွန်နစ်စစ်ဆင်ရေးစနစ်သည် ၎င်းလုပ်ဆောင်နိုင်သောလှိုင်းနှုန်းအမျိုးအစားများကြားရှိ Signals များအားလုံးကို ဖိဖျက်နှောင့်ယှက်နိုင်ပြီး Narrow-Beam လှိုင်းနှုန်းထောက်လှမ်းမှုပုံစံဖြင့် အီလက်ထရွန်နစ်စစ်ဆင်ရေးစနစ်မှာမူ ဦးစားပေးအဆင့်အတန်းမြင့်မားပြီး လာနိုင်ခြေများသည့် လားရာအရပ်မျက်နှာတစ်ခုကို ရွေးချယ်ရန်လိုအပ်သည်။ ရံဖန်ရံခါတွင် ရုရှားတပ်မတော်အနေဖြင့် တင့်၊ သံချပ်ကာများနှင့် ပူးတွဲစစ်ဆင်ရာ၌ သီးခြားယာဉ်တစ်စီးပေါ်တွင် အမိုးအကာပုံစံ (Dome-Type)ဖြင့် အီလက်ထရွန်နစ်စစ်ဆင်ရေးစနစ်ကိုတင်ဆောင်၍ တိုက်ပွဲဝင်လေ့ရှိကြောင်း Yuri Lyamin က ထည့်သွင်းပြောကြားခဲ့သည်။

**Russia Develops Counter-Drone ‘Umbrella’ System After FPV Losses ကို ဘာသာပြန်ဆိုထားပါသည်။**

## ယူကရိန်းအထူးစစ်ဆင်ရေးတွင် ရုရှားနိုင်ငံက ယာဉ်တင်ရေဒါစနစ်သစ်တစ်မျိုး တပ်ဖြန့်အသုံးပြုခဲ့

ယူကရိန်းအထူးစစ်ဆင်ရေးဇုန်အတွင်း စစ်ဆင်ရေးတာဝန် ထမ်းဆောင်နေသော ရုရှားတပ်ရင်း၊ တပ်ဖွဲ့များသည် ရန်သူ့တပ်ဖွဲ့များမှ တန်ပြန်ထောက်လှမ်းတွေ့ရှိရန် ခက်ခဲစေမည့် Irbis ဟုအမည်ပေးထားသော ယာဉ်တင်ရေဒါစနစ်သစ်တစ်မျိုးကို စတင်တပ်ဖြန့်အသုံးပြုလျက်ရှိကြောင်း ရုရှားနိုင်ငံပိုင် Sputnik သတင်းဌာနက ဇူလိုင် ၈ ရက်တွင် ရေးသားဖော်ပြထားသည်။

Irbis ရေဒါစနစ်သစ်သည် အကွာအဝေး ကီလိုမီတာ ၁၅၀ ထိ ဖမ်းယူထောက်လှမ်းနိုင်စွမ်းရှိသည့် ယာဉ်တင်ရေဒါစနစ်အမျိုးအစားဖြစ်ပြီး မြေပြင်နှင့် ဝေဟင်ခြိမ်းခြောက်မှုအမျိုးမျိုးကို လျင်မြန်စွာရှာဖွေထောက်လှမ်း သိရှိနိုင်မည်ဖြစ်သည်။ ရန်သူ့အမြောက်လက်နက်များ၊ ဒုံးပစ်လောင်ချာများ၊ မော်တာ စိန်ပြောင်းများအပြင် ဒရုန်းများ (UAV)၊ FPV ဒရုန်းများနှင့် လေယာဉ်များကို ရှာဖွေထောက်လှမ်းနိုင်စွမ်းရှိသည့် Irbis ရေဒါစနစ်သည် လေကြောင်းရန်ကာကွယ်ရေးနှင့် တန်ပြန်စစ်ဆင်ရေးများအတွက် အစွမ်းထက်သော ကြိုတင်သတိပေးစနစ် တစ်ခုဖြစ်ကြောင်း သိရသည်။

Irbis ရေဒါ၏ ရွေ့လျားစစ်ကစားနိုင်မှုမြင့်မားကောင်းမွန်ခြင်း၊ တိုက်ပွဲဝင် အနေအထားဖြစ်စေ၊ ခရီးသွားအနေအထားဖြစ်စေ လျင်မြန်စွာဖြန့်ကြက်လုပ်ဆောင်နိုင်စွမ်းတို့ကြောင့် ရန်သူ့တပ်ဖွဲ့များ၏ တန်ပြန်တိုက်ခိုက်ခံရနိုင်ခြေ လွန်စွာခဲယဉ်းစေမည်ဖြစ်သည်။ ထို့ပြင် ရေဒါစနစ်ရပ်တည်ရှင်သန်နိုင်စွမ်း ပိုမိုမြင့်မားစေရေးအတွက် တန်ပြန်ဒရုန်းရန်ကာကွယ်ရေးစနစ်၊ အီလက်ထရွန်နစ် စစ်ဆင်ရေးစနစ်များ တပ်ဆင်ပေးထားသော တပ်စုတစ်စုတွဲဖက်၍ လုံခြုံရေးတာဝန် ဆောင်ရွက်ပေးထားသည်။ Irbis ရေဒါစနစ်၏အော်ပရေတာတပ်ဖွဲ့ဝင်များသည် ဘေးကင်းလုံခြုံစွာ အထူးပြုလုပ်ထားသော သံချပ်ကာအခန်းမှနေ၍ ရေဒါစနစ် လုပ်ငန်းဆောင်တာများကို ဆောင်ရွက်နိုင်မည်ဖြစ်သည်။

ယူကရိန်း အထူးစစ်ဆင်ရေးအတွင်း ခါကိဗ်ဒေသ ရှေ့တန်းစစ်မျက်နှာ၌ မြောက်ပိုင်းစစ်ဒေသ ခရိုင်လက်အောက်ရှိတပ်ရင်းတပ်ဖွဲ့များသည် မကြာသေးမီက အဆိုပါရေဒါစနစ်သစ်ကို လက်ခံရရှိခဲ့ပြီးတပ်ဖြန့်အသုံးပြုလျက်ရှိကြောင်း သိရသည်။



အရပ်ဘက်ပစ်မှတ်များကို အကြမ်းဖက်တိုက်ခိုက်မှုများ ဆောင်ရွက်ခဲ့သော ယူကရိန်းတို့၏ ဒုံးကျည်နှင့် အမြောက်တိုက်ခိုက်မှုများတွင် ဝင်ရောက်လာသော ဒုံးကျည်၊ အမြောက်များကို ဖမ်းယူထောက်လှမ်းတွေ့ရှိပြီး လေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့များထံ အချိန်နှင့်တစ်ပြေးညီ အချက်အလက်များပေးပို့၍ ကြားဖြတ်ပစ်ချနိုင်ရန် အကြိမ်ပေါင်းများစွာ အသုံးပြုနိုင်ခဲ့ပြီဖြစ်ကြောင်း ရုရှားနိုင်ငံကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ပြောကြားထားသည်။

ထို့ပြင် တန်ပြန်စစ်ဆင်ရေးများအတွက်လည်း ပစ်မှတ်အချက်အလက်များကို မိမိအမြောက်လက်နက်များသို့ပေးပို့၍ တိကျစွာ ပစ်ခတ်တိုက်ခိုက်ချေမှုန်းနိုင်ရန် အကူအညီပေးနိုင်ခဲ့ကြောင်း သိရသည်။

Irbis ရေဒါသည် Active Electronically Scanned Array (AESA)ရေဒါအမျိုးအစားဖြစ်သည်။ KamAZ- 6350 စစ်သုံးထရပ်ကားပေါ်တွင် သံချပ်ကာယာဉ်မောင်းခန်းပါရှိကာ ပုံဖျက်ဖုံးကွယ်ပိုက်ကွန်များ၊ Thermal/Radar ပုံဖျက်ဖုံးကွယ်မှုအကာအကွယ်များ တပ်ဆင်ပေးထားသည်။ ယူကရိန်းအထူးစစ်ဆင်ရေးတွင် ရုရှားတပ်ဖွဲ့များ ထိရောက်စွာတိုက်ပွဲဝင်နိုင်စွမ်းအတွက် အဖိုးတန်ရေဒါစနစ်အဖြစ် သက်သေပြနိုင်ခဲ့ပြီးဖြစ်သည်။

**Closer Look at Irbis, New Russian Mobile Radar System Deployed in Ukrainian Conflict ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# မြောက်မက်ဆီဒိုးနီးယား၊ ဘော့စ်နီးယားနိုင်ငံတို့တွင် လောင်ကျွမ်းနေသော တောမီးငြိမ်းသတ်ရန် ဆားဘီးယားနိုင်ငံကို အကူအညီတောင်းခံထား



**ဘဲလ်ဂရိတ် ဇူလိုင် ၁၇**

အပူလှိုင်းဖြတ်သန်းမှုကြောင့် အပူချိန်မြင့်တက်မှုနှင့် ဆက်စပ်ပြီး တောမီးလောင်ကျွမ်းမှုပြဿနာဖြင့် ရင်ဆိုင်နေရသော မြောက်မက်ဆီဒိုးနီးယားနိုင်ငံနှင့် ဘော့စ်နီးယားနိုင်ငံတွင် တောမီးလောင်ကျွမ်းမှုမှာ ထိန်းချုပ်ရခက်သည့် အဆင့်သို့ ရောက်ရှိနေသဖြင့် တောမီးလောင်ကျွမ်းမှုကို အမြန်ဆုံးထိန်းချုပ်နိုင်ရေးအတွက် မြောက်မက်ဆီဒိုးနီးယားနိုင်ငံနှင့် ဘော့စ်နီးယားနိုင်ငံမှ အာဏာပိုင် အဖွဲ့အစည်းများက ဆားဘီးယားနိုင်ငံကို တောမီးငြိမ်းသတ်ရာတွင် ပါဝင် ကူညီပေးရန်အတွက် အကူအညီတောင်းခံထားကြောင်း ဆားဘီးယား ပြည်ထဲရေးဝန်ကြီး အိုင်ဗီကာက ပြောကြားသွားခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

တောမီးလောင်ကျွမ်းမှုကို အမြန်ဆုံးထိန်းချုပ်နိုင်ရေးအတွက် လေကြောင်းအကူအညီလိုအပ်နေသည့်အတွက်ကြောင့်လည်း ဆားဘီးယားနိုင်ငံသို့ အကူအညီတောင်းခံထားခြင်းဖြစ်သည်။

"မြောက်မက်ဆီဒိုးနီးယားနိုင်ငံနဲ့ ဘော့စ်နီးယားနိုင်ငံတို့မှာ တောမီးလောင်ကျွမ်းမှုဖြစ်ပွားနေပြီး တောမီးကို အမြန်ဆုံးထိန်းချုပ်နိုင်ဖို့အတွက် လေကြောင်းအကူအညီတွေ လိုအပ်နေတယ်လို့ သိရတယ်။ အကူအညီပေးဖို့လဲ သက်ဆိုင်ရာနိုင်ငံအလိုက် အာဏာပိုင်အဖွဲ့အစည်းက ကျွန်တော့်ဆီကို ဖုန်းဆက်ပြီး အကူအညီတောင်းခံထားပါတယ်။ ကျွန်တော်တို့ဆီမှာ နှစ်နိုင်ငံစလုံးကို ကူညီပေးဖို့အတွက် လေယာဉ်နဲ့ ရဟတ်ယာဉ်အလုံအလောက်ရှိပါတယ်။ တတ်နိုင်သလောက်ကူညီပေးသွားမှာပါ"ဟု ဆားဘီးယားပြည်ထဲရေးဝန်ကြီး အိုင်ဗီကာက ပြောကြားသွားခဲ့သည်။

ဘောလ်ကန်ဒေသများတွင် အပူလှိုင်း ဖြတ်သန်းမှုကြောင့် အပူချိန်သည် ၃၉ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်လျက်ရှိနေကြောင်း၊ အပူချိန်မြင့်တက်မှုနှင့် ဆက်စပ်ပြီး မြောက်မက်ဆီဒိုးနီးယားနိုင်ငံတွင် တောမီးလောင်ကျွမ်းမှုဖြစ်ပွားနေသည့် နေရာပေါင်း ၁၇ နေရာထိရှိနေပြီး တောမီးကိုအမြန်ဆုံးထိန်းချုပ်နိုင်ခြင်းမရှိပါက ဒေသခံများ၏ အသက်အိုးအိမ်စည်းစိမ်ကို ခြိမ်းခြောက်နိုင်မည့်အခြေအနေဖြစ်နေကြောင်း သိရသည်။

"အိမ်နီးချင်းနိုင်ငံတွေကနေအကူအညီတောင်းခံထားပါတယ်။ မကြာခင် အကူအညီတွေရောက်လာပါလိမ့်မယ်" ဟု မြောက်မက်ဆီဒိုးနီးယားဝန်ကြီးချုပ် မိုက်ကိုစကီးက ပြောကြားသွားခဲ့သည်။

**Ref : Sputnik News**

**Trs : Sai Sat**

# စပိန်နိုင်ငံ ဗလင်စီယာမြို့အနီး မြေထဲပင်လယ်ကမ်းရိုးတန်းတွင် ရေနံယိုဖိတ်ထားမှုကြောင့် စပိန်ကမ်းခြေ သုံးခုကို ပိတ်ထားရ

**မက်ဒရစ် ဇူလိုင် ၁၇**

စပိန်နိုင်ငံ ဗလင်စီယာမြို့အနီး မြေထဲပင်လယ်ကမ်းရိုးတန်းတွင် ဇူလိုင် ၁၆ရက်က ရေနံယိုဖိတ်ထားမှုဖြစ်ပွားခဲ့ပြီး ယိုဖိတ်သွားသည့် ရေနံများကို သန့်ရှင်းရန်အတွက် El Saler ကမ်းခြေအပါအဝင် စပိန်ကမ်းခြေသုံးခုကိုပိတ်ထားခဲ့ရကြောင်း ယနေ့ သတင်းများအရ သိရသည်။

ရေနံယိုဖိတ်မှုကြောင့် ကမ်းခြေမှာ ရေကူးခြင်းများပြုလုပ်၍ မရသေးကြောင်း၊ ထို့ပြင် ရေနံများသည် သောင်ပြင်အပေါ် ထိတင်လာသောကြောင့် ကယ်ဆယ်ရေးဝန်ထမ်းများနှင့် အရေးပေါ်ဆေးကုသရေးအဖွဲ့များရောက်လာပြီး ကမ်းခြေအတွင်း ရေဆင်းကူးမှုများ မရှိစေရေး ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စပိန်၏ တတိယအကြီးဆုံးမြို့ဖြစ်သည့် ဗလင်စီယာရှိအာဏာပိုင်များသည် ရေနံယိုဖိတ်မှုဖြစ်ပွားရခြင်း၏အကြောင်းကို စုံစမ်းနေဆဲဖြစ်ပြီး ရေနံယိုဖိတ်မှု၏ ပြင်းထန်မှုကို တိုင်းတာရန်နှင့် ရေနံများကို ရှင်းလင်းရေးပြုလုပ်ရန် အကာအကွယ်များ ဝတ်ဆင်ထားသည့် အထူးတပ်ဖွဲ့သားများနှင့် အတူ ဒရုန်းတစ်စင်းနှင့် ရဟတ်ယာဉ်တစ်စင်းကိုလည်း စေလွှတ်ပေးခဲ့ကြောင်း အာဏာပိုင်များထံမှ သိရသည်။



**Ref : Russia Today**

**Trs : KZ**

# တရုတ်နိုင်ငံမြောက်ဘက်ပိုင်းဒေသများကို ရေဘေးအန္တရာယ် အနီရောင်အဆင့်အဖြစ် သတ်မှတ်

**ပေကျင်း ဇူလိုင် ၁၇**

မိုးရေချိန်မြင့်တက်လာခြင်းကြောင့် တရုတ်နိုင်ငံမြောက်ဘက်ပိုင်းဒေသများကို ရေဘေးအန္တရာယ် အနီရောင်အဆင့်အဖြစ် သတ်မှတ်ကြောင်း တရုတ်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့ကြောင်း ယနေ့ သတင်းများအရ သိရသည်။

ရေဘေးအန္တရာယ်အရေးပေါ် အခြေအနေအဖြစ် သတ်မှတ်လိုက်သည့်အတွက်ကြောင့် ရေကြီးမှုထိန်းချုပ်ရေးနှင့် မိုးခေါင်မှု၊ ရေရှားပါးမှု ကယ်ဆယ်ရေးအဖွဲ့အစည်းနှင့် အရေးပေါ်စီမံခန့်ခွဲရေးဝန်ကြီးဌာနတို့က ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် ကယ်ဆယ်ရေးဝန်ထမ်းများကို ရေဘေးအန္တရာယ်အနီရောင်အဆင့်သတ်မှတ်ထားသောနယ်မြေဒေသများသို့ စတင် စေလွှတ်ပေးနေပြီဖြစ်ကြောင်း တရုတ်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်။

ရေဘေးအန္တရာယ်ဖြင့် အဓိကရင်ဆိုင်နေရသည့် နယ်မြေများမှာ စီချွမ်းနယ်မြေနှင့် ဟွမ်ဟွိုင်နယ်မြေတို့ဖြစ်ပြီး ဒေသခံများကို ဘေးလွတ်ရာရွှေ့ပြောင်းရန်လည်း သတိပေးချက်ထုတ်ပြန်ထားသည်။

ရေဘေးအန္တရာယ်သတိပေးချက်ထုတ်ပြန်ထားသောနယ်မြေများတွင် ဟီနန်ပြည်နယ်၊ အန်ဟွေပြည်နယ်၊ ကျန်စူးပြည်နယ်နှင့် ရှန်ဒုန်းပြည်နယ်တို့လည်း ပါဝင်လျက်ရှိကြောင်း သိရသည်။

အန်ဟွေပြည်နယ်၊ ဟီနန်ပြည်နယ်နှင့် ရှန်ဒုန်းပြည်နယ်တို့တွင် လာမည့် ၄၈ နာရီအတွင်း မိုးရေချိန် ဆက်လက်မြင့်တက်လာဖွယ်ရှိနေကြောင်း တရုတ်ရေထုအရင်းအမြစ် ဝန်ကြီးဌာနက သတိပေးချက်ထုတ်ပြန်သွားခဲ့ကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : Sai Sat**

# Canadian Natural Resources ကုမ္ပဏီကို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အက်ဥပဒေဖြင့် AER က ဒဏ်ရိုက်

**အော့တဝါ ဇူလိုင် ၁၇**

ကနေဒါနိုင်ငံ၏ စွမ်းအင်ကုမ္ပဏီတစ်ခုဖြစ်သော Canadian Natural Resources ကုမ္ပဏီကို ကနေဒါနိုင်ငံ အယ်ဘာတာပြည်နယ် စွမ်းအင်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းဖြစ်သည့် Alberta Energy Regulator (AER) က သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအက်ဥပဒေဖြင့် ဒဏ်ရိုက်လိုက်ကြောင်း ယနေ့သတင်းများအရ သိရသည်။

Canadian Natural Resources ကုမ္ပဏီက တာဝန်ယူဆောင်ရွက်နေသည့် ရေနံနှင့် သဘာဝဓာတ်ငွေ့တူးဖော်ရေးလုပ်ကွက်များမှ ထုတ်လွှတ်သည့် ဟိုက်ဒရိုကာဗွန်အမျိုးအစား Bitumen ဒြပ်ထုများကြောင့် ငှက်မျိုးစိတ်မျိုးစုံ အကောင်ရေ ၄၁၁ ကောင်ထိ သေဆုံးမှုဖြစ်ပွားခဲ့ပြီး တောခွေးမျိုးစိတ်တချို့နှင့် ဝံပုလွေမျိုးစိတ်တချို့လည်း သေဆုံးမှုဖြစ်ပွားခဲ့သည်။

"၂၀၂၂ ခုနှစ် မေ ၂၁ ရက်နဲ့ ဩဂုတ် ၄ ရက်တို့မှာ Canadian Natural Resources ကုမ္ပဏီအနေနဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာဥပဒေတွေကို ငြိစွန်းစေတဲ့ပြစ်မှုတွေ ကျူးလွန်ခဲ့ပါတယ်။ တောရိုင်းတိရစ္ဆာန်တွေနဲ့ ငှက်မျိုးစိတ်အမြောက်အမြားကိုသေစေတဲ့ Bitumen ဒြပ်ထုတွေ ထုတ်လွှတ်မှုတွေကို တားမြစ်ဖို့ ပျက်ကွက်ခဲ့ပါတယ်။ Bitumen ဒြပ်ထုတွေကို သယ်ယူသူတွေအနေနဲ့လဲ လုံခြုံစိတ်ချရတဲ့ အစီအမံတွေပြုလုပ်ပြီး သယ်ဆောင်ခဲ့တာမျိုး မဟုတ်တဲ့အတွက်ကြောင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေခဲ့ပါတယ်။ ဒီအမှုကို နှစ်နှစ်ကျော်ကြာစစ်ဆေးမှုတွေပြုလုပ်ပြီးတဲ့နောက် ပြစ်မှုထင်ရှားသဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအက်ဥပဒေအရ ဒဏ်ကြေးငွေအဖြစ် ကနေဒါဒေါ်လာ ၂၇၈၀၀၀ ပေးဆောင်ဖို့အတွက် ပြစ်ဒဏ်ချမှတ်လိုက်ပါတယ်။ သတ်မှတ်ရက်အတွင်းဒဏ်ကြေးငွေပေးဆောင်သွားဖို့လဲ ကုမ္ပဏီကို အသိပေးအကြောင်းကြားထားပြီးဖြစ်ပါတယ်" ဟု Alberta Energy Regulator (AER) က ထုတ်ပြန်သွားခဲ့သည်။

အဆိုပါဖြစ်စဉ်သည် ၂၀၂၂ ခုနှစ် မေ ၂၁ ရက်နှင့် ဩဂုတ် ၄ ရက်တို့တွင် ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ပြီး ၎င်းဖြစ်စဉ်ကြောင့် Canadian Natural Resources ကုမ္ပဏီသည် အမှုရင်ဆိုင်နေရပြီး နှစ်နှစ်ကျော်အကြာတွင် Alberta Energy Regulator (AER) က ပြစ်မှုထင်ရှားသဖြင့် Canadian Natural Resources ကုမ္ပဏီကို ဒဏ်ငွေအဖြစ် ကနေဒါ ဒေါ်လာ ၂၇၈၀၀၀ ပေးဆောင်သွားရန် ပြစ်ဒဏ် ချမှတ်လိုက်ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : Sai Sat**

# ပြင်းထန်သောအပူဒဏ်နှင့် လျှပ်စစ်ဓာတ်အား ပြတ်တောက်မှု ယူကရိန်းနိုင်ငံ ရင်ဆိုင်နေရ

**ကီယက်ဗ် ဇူလိုင် ၁၇**

ယူကရိန်းနိုင်ငံသည် ပြင်းထန်သောအပူဒဏ်နှင့် လျှပ်စစ်ဓာတ်အားပြတ်တောက်မှုကို ရင်ဆိုင်နေရကြောင်း ယနေ့သတင်းများအရ သိရသည်။

ပြင်းထန်သည့်အပူချိန်ကြောင့် ယူကရိန်းနိုင်ငံအလယ်ပိုင်း၊ တောင်ပိုင်းနှင့် အရှေ့ပိုင်းဒေသများတွင် ကောက်ပဲသီးနှံများအထွက်နှောက်ကျသည့်အပြင် အထွက်နှုန်း ၃၀ ရာခိုင်နှုန်းထိ ကျဆင်းလာကြောင်း၊ အထွက်နှုန်းကျဆင်းခြင်းက ယူကရိန်းကို စီးပွားရေးအကျပ်အတည်းနှင့် ရင်ဆိုင်ရစေနိုင်ကြောင်းအဆိုပါပြည်နယ်မှ မိုးလေဝသခန့်မှန်းသူများက ပြောကြားခဲ့သည်။

ကီယက်ဗ်မြို့၏ အပူချိန်သည် ဇူလိုင် ၁၅ ရက်က ၉၃ ဒသမ ၅ ဒီဂရီဖယ်ရင်ဟိုက်သို့ ရောက်ရှိခဲ့ကြောင်း Central Geophysical Observatory ၏ ဇူလိုင် ၁၆ ရက် အစီရင်ခံစာတွင် ဖော်ပြထားသည်။

ယူကရိန်းနိုင်ငံတွင် ပြင်းထန်သည့် အပူချိန်နှင့်အတူ နာရီပေါင်းများစွာ လျှပ်စစ်ဓာတ်အားပြတ်တောက်မှုများရင်ဆိုင်နေရကြောင်း၊ လျှပ်စစ်ဓာတ်အားပြတ်တောက်မှုက လေအေးပေးစက်များနှင့် ရေခဲသေတ္တာများကို အသုံးမဝင်ဖြစ်စေသည့်အတွက် အစားအစာများကို ယခင်ကဲ့သို့ အချိန်အကြာကြီး သိမ်းဆည်းမထားနိုင်သဖြင့် အစားအစာများကို အလွယ်တကူ ပုပ်သိုး ပျက်စီးစေကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KZ**

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

# အဋ္ဌကထာကျမ်းစာအုပ် ၅၁ အုပ် ကွန်ပျူတာစာစီမှုဖြင့် ဆဋ္ဌမူအတိုင်းပြန်လည်ပုံနှိပ်ထုတ်ဝေနိုင်ရေး အလှူတော်ငွေပေးအပ်ပွဲ အခမ်းအနားကျင်းပ



နေပြည်တော် ဇူလိုင် ၁၇

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၏ ဩဝါဒနှင့်အညီ အဋ္ဌကထာကျမ်းစာအုပ် ၅၁ အုပ်ကို ကွန်ပျူတာစာစီမှုဖြင့် ဆဋ္ဌမူအတိုင်းပြန်လည်ပုံနှိပ်ထုတ်ဝေနိုင်ရေးအတွက် အလှူတော်ငွေပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရုံးအမှတ် (၃၁) သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ရန်ကုန်မြို့ သန်လျင်မင်းကျောင်း ပထမပြန်စာသင်တိုက်ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသအမှူးပြုသော ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ဒုတိယဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ လူမှုရေးရာဝန်ကြီးများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ "နမောတဿ" သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားဖွင့်လှစ်ပြီး ပြည်ထောင်စုဝန်ကြီးအမှူးပြုသော ဧည့်ပရိသတ်များက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌထံမှ ငါးပါးသီလခံယူဆောက်တည်၍ ဆရာတော်၊ သံဃာတော်များရွတ်ပွား သရဇ္ဈာယ်တော်မူသော မေတ္တာသုတ်ပရိတ်တရားတော်အား နာယူကြည်ညိုကြသည်။

ထို့နောက် အခမ်းအနားသို့ကြွရောက်တော်မူလာကြသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီးအမှူးပြုသောဆရာတော်ကြီးများအား ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့်ဌာနဆိုင်ရာအကြီးအကဲများက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဒေါက်တာဘဒ္ဒန္တဆေကိန္ဒက အဋ္ဌကထာကျမ်းစာအုပ်များကို ကွန်ပျူတာစာစီမှုဖြင့် ဆဋ္ဌမူအတိုင်းပြန်လည်ပုံနှိပ်ထုတ်ဝေနိုင်ရေးနှင့် ပတ်သက်၍ သမ္မောဒနီယကထာ လျှောက်ထားမြွက်ကြားသည်။

ဆက်လက်၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က အဋ္ဌကထာကျမ်းစာအုပ်များသတ်မှတ်ချိန်အမီ ပုံနှိပ်ထုတ်ဝေနိုင်ရေးအတွက် ဆရာတော်ကြီးများ၏ ဩဝါဒကို နာခံပြီး ကွန်ပျူတာကျွမ်းကျင်သူများနှင့် ဝန်ကြီးဌာနမှ ဝန်ထမ်းများက စေတနာအပြည့်ဖြင့် ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အဋ္ဌကထာကျမ်းစာအုပ်ထုတ်ဝေရေးအဖွဲ့ နာယကဆရာတော်ကြီးများ၏ကျမ်းစာအုပ်များ စိစစ်တည်းဖြတ်ခဲ့ကြမှုများကို Power Point ဖြင့် အသေးစိတ်ရှင်းလင်းလျှောက်ထားတင်ပြသည်။

ထို့နောက် အခမ်းအနားသို့ကြွရောက်တော်မူလာကြသည့် သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသအမှူးပြုသည့် ဆရာတော်ကြီးများက ဩဝါဒကထာများ မြွက်ကြားချီးမြှင့်တော်မူကြသည်။

ယင်းနောက် အဋ္ဌကထာကျမ်းစာအုပ် ၅၁ အုပ်ကို ကွန်ပျူတာစာစီမှုဖြင့် ဆဋ္ဌမူအတိုင်းပြန်လည်ပုံနှိပ်ထုတ်ဝေနိုင်ရေးအတွက် အလှူရှင်များဖြစ်ကြသည့် ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော်ဘဒ္ဒန္တဆေကိန္ဒ၊ ရန်ကုန်မြို့ ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် ပဓာနနာယက (လှုရတနာ)ဆရာတော်ဘဒ္ဒန္တနာရဒါဘိဝံသ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ သားသမီးမြေးများမိသားစု၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူးဒုတိယဗိုလ်ချုပ်ကြီးအောင်လင်းဒွေးနှင့် မိသားစု၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်မိသားစု၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့်မိသားစု၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့်မိသားစု၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့်မိသားစု၊နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့် မိသားစု၊နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးညိုစောနှင့် မိသားစု၊ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင်နှင့်မိသားစု၊ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့်မိသားစု၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်စွာလင်းနှင့်မိသားစု၊ ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့်မိသားစု၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၊ရန်ကုန်တိုင်းဒေသကြီးနှင့်မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ အလှူရှင်များ၊ဒုတိယဝန်ကြီးများနှင့်အလှူရှင်များက အလှူတော်ငွေများပေးအပ်လှူဒါန်းပြီး ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့်ဌာနဆိုင်ရာ အကြီးအကဲများက ပါဝင်လှူဒါန်းခဲ့ကြသည့် အလှူရှင်များကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင် မန္တလေးမြို့ မဟာအောင်မြေမြို့နယ် မစိုးရိမ်တိုက်သစ် ဓမ္မသမိဒ္ဓိကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသထံမှ အနုမောဒနာတရားနာကြား၍ ရေစက်သွန်းချအမျှပေးဝေခဲ့ကြပြီး "ဗုဒ္ဓသာသနံစိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်းကာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အဋ္ဌကထာကျမ်းစာအုပ် ၅၁ အုပ်ကို ကွန်ပျူတာစာစီမှုဖြင့် ဆဋ္ဌမူအတိုင်းပြန်လည်ပုံနှိပ်ထုတ်ဝေနိုင်ရေး အလှူတော်ငွေလှူဒါန်းပွဲအခမ်းအနားတွင် ဇူလိုင် ၁၆ ရက်ထိ စေတနာရှင်အလှူရှင် ၄၁ ဦးတို့က စုစုပေါင်း လှူဒါန်းငွေမှာ ငွေကျပ် ၁၀၆၉၄၂၄၀၀၀ (တစ်သောင်းခြောက်ရာကိုးဆယ့်လေးသိန်းနှစ်သောင်းလေးထောင်တိတိ)ဖြစ်သည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီးအမှူးပြုသော ဆရာတော်ကြီးများနှင့် အလှူရှင်များက ခင်းကျင်းပြသထားသည့် ပုံနှိပ်ထုတ်ဝေပြီးသော ပါရာဇိကကဏ္ဍအဋ္ဌကထာ(ပဌမောဘာဂေါ)အုပ်ရေ ၁၀၀၀၊ သီလက္ခန္ဓဝဂ္ဂဋ္ဌကထာ အုပ်ရေ ၁၀၀၀၊ ပါစိတျာဒိအဋ္ဌကထာ အုပ်ရေ ၅၀၀ တို့နှင့်ကွန်ပျူတာစာမူဆောင်ရွက်ပြီး ကျမ်းစာအုပ်များနှင့် **Pagoda Digital Directory** ရှင်းလင်းပြသမှုများကို လေ့လာကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် ပန်းဆိုးတန်း-ဒလဆိပ်ကမ်းတို့တွင် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါကြိုတင်ကာကွယ်ရေးနှင့်ပတ်သက်၍ အသိပညာပေးဟောပြော



ရန်ကုန် ဇူလိုင် ၁၇

မိုးရာသီတွင်ဖြစ်ပွားတတ်သည့် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် ပတ်သက်၍ ကြိုတင်ကာကွယ်နိုင်ရန် အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကျင်းပခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် မင်္ဂလာဒုံခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး၊ ကျန်းမာရေးဝန်ထမ်းများ၊မြို့နယ်အုပ်ချုပ်ရေးမှူး၊မီးသတ်ဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးဦးစီးဌာန၊ လေဆိပ်ကျန်းမာရေးဌာန၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေဆိပ်ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရေးကော်မတီနှင့် ရန်ကုန်အေရိုဒရုန်း ကုမ္ပဏီလီမိတက်တို့မှ တာဝန်ရှိသူများက လတ်တလောဖြစ်ပွားလျက်ရှိသော ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ရေးစီမံချက်အရ ရန်ကုန်ပြည်ပြည်ဆိုင်ရာလေဆိပ် ပြည်တွင်းခရီးစဉ်ဆိုက်ရောက်၊ ထွက်ခွာဆောင်၌ နံရံကပ်ပိုစတာကပ်ခြင်း၊ ခရီးသွားပြည်သူများကို လက်ကမ်းစာစောင်များဝေငှခြင်း၊ ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးကြေညာခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသည်။

အလားတူ ပန်းဆိုးတန်း-ဒလဆိပ်ကမ်းတွင် ကူးတို့လမ်းပြေးဆွဲနေသော ချယ်ရီ-၃ ရေယာဉ်ပေါ်၌လည်း ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါနှင့်ပတ်သက်သည့် အသိပညာပေးဟောပြောပွဲကို ဆောင်ရွက်ခဲ့ပြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊လူဝင်မှုဆိုင်ရာဆိပ်ကမ်းကျန်းမာရေးဌာန၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့်ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ တာဝန်ရှိသူများက ပန်းဆိုးတန်း-ဒလဆိပ်ကမ်းနှင့် ချယ်ရီ-၃ ရေယာဉ်ပေါ်၌ နံရံကပ်ပိုစတာများကပ်ခြင်း၊ ခရီးသွားပြည်သူများကို လက်ကမ်းစာစောင်များဝေငှခြင်း၊ ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးကြေညာခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားခြင်းနှင့်ပတ်သက်၍ တုံ့ပြန်ဆောင်ရွက်ထားရှိမှုများကို သတင်းထုတ်ပြန်

၁၇-၇-၂၀၂၄ ည ၈ နာရီ

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် ဝမ်းပျက်ဝမ်းလျှောရောဂါလက္ခဏာများဖြင့် လူနာအချို့ဆေးရုံတက်ရောက်မှုများနှင့်ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာန၏ အနီးကပ်ကြီးကြပ်ပံ့ပိုးမှုနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်ပံ့ပိုးမှုတို့ဖြင့် ကွင်းဆင်းအဖွဲ့များသည် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၆ ရက် ည ၆ နာရီမှ ယနေ့ည ၆ နာရီထိ ၂၄ နာရီအတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိဆေးရုံများတွင် ဝမ်းပျက်ဝမ်းလျှောရောဂါဖြင့် ဆေးရုံတက်ရောက်ကုသသူလူနာသစ် ၆၇ ဦးရှိခဲ့ပြီး ၎င်းတို့အနက် သုံးဦးမှာ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားသူလူနာများဖြစ်ကြောင်းနှင့် လူနာအားလုံး၏အခြေအနေမှာ သက်သာကောင်းမွန်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

ယနေ့တွင် ရောဂါသက်သာပျောက်ကင်းသည့်လူနာ ၈၇ ဦးကို ဆေးရုံမှဆင်းခွင့်ပြုခဲ့သဖြင့် ယနေ့ည ၆ နာရီထိ ဝမ်းပျက်ဝမ်းလျှောရောဂါဖြင့် ဆေးရုံတက်ရောက်ခဲ့သော လူနာစုစုပေါင်း ၇၉၂ ဦးကို ဆေးရုံမှဆင်းခွင့်ပြုခဲ့ပြီးဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ဆက်လက်အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# လွတ်လပ်ရေးအဓိပ္ပာယ်

လွတ်လပ်ရေးဆိုတဲ့အဓိပ္ပာယ်ဟာ စည်းမဲ့ကမ်းမဲ့သဘောမျိုးမဟုတ်ဘူး။ စည်းနဲ့ကမ်းနဲ့ သဘောမျိုးသာဖြစ်တယ်။ စည်းနဲ့ကမ်းနဲ့ ရှိမှသာလျှင် လွတ်လပ်ရေးဆိုတာဖြစ်နိုင်တယ်။ အဲဒီတော့ လွတ်လပ်ရေးဆိုတာကို ကျွန်တော်တို့ရတဲ့အခါမှာလည်း နားလည်ရမှာက ငါတို့တိုင်းပြည်ဟာ ပိုပြီးစည်းကမ်းရှိဖို့လိုတယ်။ ငါတို့တိုင်းပြည်ဟာ လွတ်လပ်ရေးရအောင်လည်းပဲ စည်းကမ်းရှိရှိနဲ့ လုပ်ရမယ်။ အဲဒီလိုအားဖြင့် စည်းကမ်းသဘောတွေကို နားလည်ပြီး စည်းနဲ့ကမ်းနဲ့အလုပ်လုပ်ကြမှ လွတ်လပ်ရေးဆိုတာ တကယ်ရမယ်။

၁၉၄၇ခုနှစ်၊ ဇူလိုင်လ ၁၃ရက်တွင် မြို့တော်ခန်းမကြီး၌ ကျင်းပသော ပြည်သူ့အစည်းအဝေးကြီးတွင် ဗိုလ်ချုပ်အောင်ဆန်း၏ နောက်ဆုံးပြောကြားခဲ့သည့်မိန့်ခွန်းမှကောက်နုတ်ချက်



# နေပြည်တော်တိုင်းစစ်ဌာနချုပ်နှင့် အနောက်တောင်တိုင်းစစ်ဌာနချုပ်တို့၌ တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲဖွင့်ပွဲများ ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၇**

နေပြည်တော် တိုင်းစစ်ဌာနချုပ် ၂၀၂၄ ခုနှစ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲဖွင့်ပွဲကို ယနေ့ညနေပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ ပုဗ္ဗသီရိအားကစားခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းနှင့်အဖွဲ့ဝင်များ၊ အရာရှိ၊စစ်သည်၊မိသားစုဝင်များ၊ဒိုင်အဖွဲ့ဝင်များ၊ပြိုင်ပွဲဝင်အသင်းများနှင့်အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပထမနေ့ပွဲစဉ် ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ တိုင်းမှူးဒိုင်းလက်ဝှေ့ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်နယ်များမှပြိုင်ပွဲဝင်အသင်း ငါးသင်းဖြင့် ဇူလိုင် ၂၄ ရက်ထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

အလားတူ အနောက်တောင်တိုင်းစစ်ဌာနချုပ် ၂၀၂၄ ခုနှစ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲဖွင့်ပွဲကို ယနေ့ညနေပိုင်းတွင် တိုင်းစစ်ဌာနချုပ် အားကစားခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ဝေလင်းနှင့်အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲဝင် အားကစားသမားများ၏ အဖွင့်ပွဲစဉ် ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်နယ်များမှ ပြိုင်ပွဲဝင်အသင်း ရှစ်သင်းဖြင့် ဇူလိုင် ၂၄ ရက်ထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)



နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်း ၂၀၂၄ ခုနှစ် တိုင်းမှူးဒိုင်းလက်ဝှေ့ပြိုင်ပွဲဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။




အနောက်တောင်တိုင်းစစ်ဌာနချုပ် ၂၀၂၄ ခုနှစ် တိုင်းမှူးဒိုင်းလက်ဝှေ့ပြိုင်ပွဲအဖွင့်ပွဲစဉ်ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

# မြန်မာ-ရုရှား စစ်ဘက်ကျန်းမာရေးစောင့်ရှောက်မှု အတွေ့အကြုံဖလှယ်ခြင်း ဆွေးနွေးပွဲပြုလုပ်

**နေပြည်တော် ဇူလိုင် ၁၇**

မြန်မာ-ရုရှား စစ်ဘက်ကျန်းမာရေး စောင့်ရှောက်မှု အတွေ့အကြုံဖလှယ်ခြင်း ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမှတ်(၂)တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၌ကျင်းပပြုလုပ်ရာ မြန်မာ့တပ်မတော်မှ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ကိုကိုလွင်နှင့်တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနအောက်ရှိ ပင်မတပ်မတော် ဆေးဘက်ဆိုင်ရာ ညွှန်ကြားမှုဦးစီးဌာနမှ Major General Denis Vladimirovich DAVYDOV ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ နှစ်နိုင်ငံအဖွဲ့ခေါင်းဆောင်များက အဖွင့်အမှာစကားများအသီးသီးပြောကြားကြပြီး စစ်ဘက်ကျန်းမာရေးစောင့်ရှောက်မှုအတွေ့အကြုံများကို အပြန်အလှန် သုံးသပ်ဆွေးနွေးခြင်း၊ ဆေးဘက်ဆိုင်ရာ သုတေသန ပူးပေါင်းဆောင်ရွက်နိုင်ရေးနှင့် ပတ်သက်၍ ရောဂါကာကွယ်ဆေးများ ထုတ်လုပ်နိုင်ရေးကိစ္စရပ်များ၊ ဆေးပညာရပ်ဆိုင်ရာအဆင့်မြင့်သင်တန်းများစေလွှတ်တက်ရောက်နိုင်ရေးကိစ္စရပ်များ၊ စစ်ဘက်ဆေးပညာရပ်ဆိုင်ရာ သင်ကြားရေးနှင့် လေ့ကျင့်ရေးကိစ္စရပ်များ၊ နှစ်နိုင်ငံဆေးတပ်ဖွဲ့များအကြား ဆေးဘက်ဆိုင်ရာပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။ယင်းနောက် ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးသမိုင်းမှတ်တမ်း Video Clip ကို ကြည့်ရှုကြပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ ထို့နောက် ရုရှားတပ်မတော်မှ ကိုယ်စားလှယ်အဖွဲ့သည် အမှတ်(၂) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) ထိခိုက်ဒဏ်ရာနှင့် အရိုးရောဂါကုသမှုဌာနသို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။




မြန်မာ-ရုရှား စစ်ဘက်ကျန်းမာရေးစောင့်ရှောက်မှု အတွေ့အကြုံဖလှယ်ခြင်းဆွေးနွေးပွဲပြုလုပ်စဉ်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနအောက်ရှိ ပင်မတပ်မတော် ဆေးဘက်ဆိုင်ရာ ညွှန်ကြားမှုဦးစီးဌာနမှ ကိုယ်စားလှယ်အဖွဲ့သည် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အမှတ်(၂)တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)၌ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦးအား ဂါရဝပြုတွေ့ဆုံ၍ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား အပြန်အလှန် ချစ်ကြည်ရေးခရီးစဉ်များ သွားရောက်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ စစ်ဘက်ဆေးပညာရပ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။

အဆိုပါ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနအောက်ရှိ ပင်မတပ်မတော်ဆေးဘက်ဆိုင်ရာ ညွှန်ကြားမှုဦးစီးဌာနမှကိုယ်စားလှယ်အဖွဲ့သည် ညနေပိုင်းတွင် နေပြည်တော်ရှိ တပ်မတော်စစ်သမိုင်းပြတိုက်နှင့် မြန်မာ့ကျောက်မျက်ရတနာပြတိုက်တို့သို့ သွားရောက်လေ့လာခဲ့ကြပြီး ပြည်ထောင်စုနယ်မြေ နေပြည်တော်ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်တွင် တည်ထားပူဇော်ထားသည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်လေ့လာဖူးမြော်ကြည်ညိုခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

# စိုက်ပျိုးမွေးမြူရေးကိုအလေးထား နိုင်ငံ့ GDP တိုးပွား

အေးကျော်(ရူပဗေဒ)




နိုင်ငံတစ်ခုရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို တိုင်းတာရာမှာ GDP နဲ့ တိုင်းတာကြပါတယ်။ GDP ဆိုတာ Gross Domestic Product - GDP ဖြစ်ပြီး အမိပ္ပာယ်က စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးဖြစ်ပါတယ်။ လူတိုင်းနားလည်လွယ်အောင်ပြောရမယ်ဆိုရင်တော့ နိုင်ငံတစ်ခုကထုတ်လုပ်လိုက်တဲ့ ကုန်ပစ္စည်းတွေနဲ့ ဝန်ဆောင်မှုတွေရဲ့ငွေကြေးတန်ဖိုးပဲဖြစ်ပါတယ်။ ဒါကို နှစ်အလိုက် သူတို့သတ်မှတ်ထားတဲ့ ကာလအပိုင်းအခြားတစ်ခုမှာ တိုင်းတာလေ့ရှိပါတယ်။

အဲဒီလိုတိုင်းတာတဲ့အခါမှာ လယ်ယာကဏ္ဍကြီး (Agriculture Sector)၊ စက်မှုကဏ္ဍကြီး ( Industry Sector)နဲ့ ဝန်ဆောင်မှုကဏ္ဍကြီး (Services and Trade Sector) စတဲ့ ကဏ္ဍကြီးသုံးမျိုးနဲ့တန်ဖိုးများကို စုဆောင်းတွက်ချက်တာဖြစ်ပါတယ်။ လယ်ယာကဏ္ဍကြီးတွေမှာတော့ လယ်ယာ၊ သားငါးနဲ့သစ်တောကဏ္ဍတို့ပါဝင်ပါတယ်။ စက်မှုကဏ္ဍကြီးမှာတော့ စွမ်းအင်၊ သတ္တုနှင့် တွင်းထွက်ပစ္စည်း၊ စက်မှုလက်မှု၊ လျှပ်စစ်ဓာတ်အား၊ ဆောက်လုပ်မှုကဏ္ဍတို့ပါဝင်ပြီး ဝန်ဆောင်မှုကဏ္ဍမှာတော့ ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ငွေရေးကြေးရေး၊ လူမှုရေးနှင့် စီမံခန့်ခွဲရေး၊ အခြားဝန်ဆောင်မှုနဲ့ ကုန်သွယ်မှုဆိုတဲ့ကဏ္ဍတို့ပါဝင်ကြောင်း ပြည်သူများသိရှိနိုင်စေဖို့ ဗဟုသုတအနေနဲ့လည်း မျှဝေပေးချင်ပါတယ်။

နိုင်ငံတစ်ခုရဲ့ GDP တိုးတက်ခြင်းသို့မဟုတ် ဆုတ်ယုတ်ခြင်းသည် စားသုံးသူ၊ ရင်းနှီးမြှုပ်နှံမှု၊ အစိုးရအသုံးစရိတ်နဲ့ ပို့ကုန်သွင်းကုန် စသောအကြောင်းအရာများပေါ် မှာမူတည်ပါတယ်။ အထူးသဖြင့် ပို့ကုန်သွင်းကုန် (Exports and Imports)တို့ဟာ အဓိကပဲဖြစ်ပါတယ်။ နိုင်ငံခြားသို့တင်ပို့မှုများဟာ နိုင်ငံရဲ့ဝင်ငွေကိုတိုးစေပြီး သွင်းကုန်များကတော့ နိုင်ငံရဲ့လိုအပ်ချက်တွေကို ပြည်ပမှတင်သွင်းခြင်းပဲဖြစ်ပါတယ်။ ဆိုလိုတာက နိုင်ငံရဲ့လိုအပ်ချက်တွေဖြစ်တဲ့ သွင်းကုန်တွေကို နိုင်ငံတွင်းမှာပဲ ထုတ်လုပ်နိုင်တယ်ဆိုရင် ပြည်ပကတင်သွင်းရတဲ့ သွင်းကုန်တွေ လျော့ကျလာမှာဖြစ်ပါတယ်။ ဒါ့အပြင် နိုင်ငံကထုတ်ကုန်များ ပြည်ပသို့ များများတင်ပို့နိုင်တဲ့အခါ နိုင်ငံအတွင်းသို့ ငွေကြေးစီးဝင်မှုများလာမှာဖြစ်ပါတယ်။ တစ်နည်းအားဖြင့်ပြောရရင် ပို့ကုန်များပြီး သွင်းကုန်နည်းမယ်ဆိုရင် နိုင်ငံရဲ့ဝင်ငွေများပြီး ထွက်ငွေနည်းတဲ့သဘောပဲဖြစ်ပါတယ်။

ဝင်ငွေများပြီး ထွက်ငွေနည်းတဲ့အခါ နိုင်ငံတစ်ခုရဲ့ GDP ဟာ တိုးတက်လာပါတယ်။ ဝင်ငွေနည်းပြီး ထွက်ငွေများလာရင်တော့ နိုင်ငံတစ်ခုရဲ့ GDP ဟာ လျော့နည်းလာမှာဖြစ်ပါတယ်။ ဒါဟာ GDP တိုးတက်တာ၊ လျော့နည်းတာကို ဘယ်လိုသိရှိနိုင်မလဲဆိုတာကို လူတိုင်းသိနိုင်အောင် နားလည်အလွယ်ဆုံးနည်းနဲ့ ပြောပြပေးတာ ဖြစ်ပါတယ်။

နိုင်ငံတစ်ခုရဲ့ GDP တိုးတက်လာတဲ့အခါ အဲဒီနိုင်ငံရဲ့ စီးပွားရေးအားကောင်းမွန်လာပြီး အလုပ်အကိုင်အခွင့်အလမ်းတွေ ပွင့်လန်းလာပါတယ်။ အလုပ်လက်မဲ့အရေအတွက်ကို လျှော့ချပေးနိုင်တဲ့အတွက် ပြည်သူတစ်ဦးချင်းစီရဲ့ ဝင်ငွေလည်းတိုးလာမှာဖြစ်တယ်။ ဝင်ငွေတိုးလာတဲ့အခါ ပညာရေး၊ ကျန်းမာရေး စတဲ့လူနေမှုအဆင့်အတန်းများကလည်း မြင့်တက်လာတယ်။ စီးပွားရေးကောင်းတဲ့နိုင်ငံတစ်ခုမှာ ရင်းနှီးမြှုပ်နှံလိုတဲ့ ပြည်တွင်းပြည်ပ စီးပွားရေးလုပ်ငန်းတွေလည်း ဝင်ရောက်လာနိုင်တယ်။ နိုင်ငံတကာအလယ်မှာ စီးပွားရေးအားကောင်းမွန်တဲ့နိုင်ငံအဖြစ် မျက်နှာပန်းပွင့်လာတဲ့အခါ စီးပွားရေးနဲ့အတူ ကာကွယ်ရေးအားနဲ့ နိုင်ငံရေးအားကိုပါ တိုးတက်ကောင်းမွန်အောင် ယှဉ်တွဲတည်ဆောက်နိုင်မယ်။ နိုင်ငံတကာနဲ့ ပူးပေါင်းဆောင်ရွက်ရာမှာလည်းပိုမိုအဆင်ပြေလာပြီး နိုင်ငံရဲ့အရေးပါအရာရောက်မှုဟာ ကမ္ဘာ့အလယ်မှာနေရာတစ်နေရာရလာနိုင်တယ်။

ခြုံပြောရရင် GDP ကောင်းတဲ့ နိုင်ငံတစ်ခုဟာ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး၊ ကာကွယ်ရေး အစစအရာရာမှာ သာလွန်ကောင်းမွန်လာမှာဖြစ်ပါတယ်။

ဥပမာ- မြန်မာနိုင်ငံမှာဆိုရင်လည်း စက်သုံးဆီ၊ စားသုံးဆီနဲ့ ပတ်သက်ပြီး လိုအပ်ချက်တွေရှိနေတာကြောင့် နှစ်စဉ် ပြည်ပကနေ တင်သွင်းနေရတာတွေရှိပါတယ်။ စက်သုံးဆီသုံးစွဲမှုမှာ ကိုယ်ပိုင်ယာဉ်များကို မလိုအပ်ဘဲမသုံးစွဲဘူး။ ခရီးသည်တင်ယာဉ်များကိုသာ အသုံးပြုမယ်ဆိုရင် စက်သုံးဆီလိုအပ်မှုကိုလျှော့ချနိုင်မယ်၊ လေထုညစ်ညမ်းမှုကိုလည်းလျှော့ချနိုင်မယ်၊ နိုင်ငံအတွင်း ယာဉ်ကြောပိတ်ဆို့မှုများမှလည်း ရှောင်ရှားနိုင်မှာဖြစ်ပါတယ်။ နောက်တစ်ခုက လိုအပ်တဲ့စက်သုံးဆီကို အစားထိုးစက်သုံးဆီများဖြင့် ဖြည့်ဆည်းနိုင်ဖို့ ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဥပမာအနေနဲ့ အိန္ဒိယနိုင်ငံမှာဆိုရင် ကြက်ဆူပင်ကထွက်တဲ့ ဘိုင်အိုဒီဇယ်ကို သူ့နိုင်ငံမှာ ၅ ရာခိုင်နှုန်းရောစပ်သုံးစွဲဖို့ မူဝါဒချမှတ်ထားခြင်းဖြင့် နိုင်ငံခြားမှ စက်သုံးဆီတင်သွင်းနိုင်မှုကို တစ်ဖက်တစ်လမ်းမှ လျှော့ချထားတာတွေ့ရပါတယ်။ မြန်မာနိုင်ငံမှာလည်း ယခင်က ကြက်ဆူပင်ကနေ ဘိုင်အိုဒီဇယ်ကိုထုတ်လုပ်ဖို့ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြပေမယ့် အကြောင်းအမျိုးမျိုးကြောင့် အောင်မြင်မှုမရှိခဲ့ပါဘူး။ ဒီလိုပဲစားသုံးဆီအနေနဲ့ ပြည်တွင်းမှာပဲ ဆီထွက်သီးနှံတွေကို ပန်းတိုင်အထွက်နှုန်းပြည့်ဝအောင် ထုတ်လုပ်နိုင်မယ်ဆိုရင် ပြည်တွင်းစားသုံးဆီ ဖူလုံမှုကိုဖြစ်စေပြီး ပြည်ပကတင်သွင်းနေရမှုတွေကို လျှော့ချနိုင်မှာဖြစ်ပါတယ်။






ပြည်သူများအနေနဲ့ ကိုယ့်နိုင်ငံရဲ့စီးပွားရေးအခြေအနေအကြောင်းကိုလည်း သိရှိထားဖို့ လိုအပ်တဲ့အတွက်ကြောင့် စာရေးသူတို့နိုင်ငံရဲ့ GDP ဟာ အရှေ့တောင်အာရှနိုင်ငံများမှာဆိုရင် အဆင့်ဘယ်လောက်နဲ့ ရပ်တည်နေတယ်ဆိုတာကို ပြည်သူတွေသိအောင် မျှဝေပေးသွားပါမယ်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ရဲ့ထုတ်ပြန်ချက်တွေအရ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွက် မြန်မာနိုင်ငံရဲ့ GDP ဟာ ၃ ဒသမ ၄ ရာခိုင်နှုန်းရှိပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်ရဲ့ GDP ဟာခန့်မှန်း ၃ ဒသမ ၅ ရာခိုင်နှုန်း ရှိနေတာကို တွေ့ရမှာဖြစ်ပါတယ်။ အာဆီယံနိုင်ငံတွေထဲမှာ အင်ဒိုနီးရှားနိုင်ငံဟာ ပထမနေရာမှာရပ်တည်နေပြီး မြန်မာနိုင်ငံကတော့ သတ္တမနေရာနဲ့ လာအိုနိုင်ငံကတော့ ဒသမနေရာမှာရပ်တည်နေတာ ဖြစ်ပါတယ်။


စာရေးသူတို့နိုင်ငံဟာ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို အောင်မြင်အောင် ထုတ်လုပ်နိုင်တဲ့ အခြေခံကောင်းများကို ပိုင်ဆိုင်ထားရှိတဲ့ နိုင်ငံတစ်ခုဖြစ်တဲ့အတွက် နိုင်ငံတကာမှာ စားနပ်ရိက္ခာလုံခြုံရေး Food Security ကို များစွာအထောက်အကူပြုနိုင်တဲ့ နိုင်ငံတစ်ခုလည်းဖြစ်ပါတယ်။ ဒီအတွက် စိုက်ပျိုးမွေးမြူရေးကို အခြေခံတဲ့ စားသောက်ကုန်တွေ၊ လူသုံးကုန်တွေကို ဒေသထွက်ကုန်ကြမ်းများ အသုံးပြုပြီး အရည်အသွေးမြင့်ထုတ်လုပ်ကာ ဒေသတွင်းစီးပွားရေးကနေ တစ်နိုင်ငံလုံးစီးပွားရေးအထိ တိုးတက်ဖွံ့ဖြိုးအောင် ဆောင်ရွက်ကြရပါမယ်။ ဒါ့အပြင် စာရေးသူတို့နိုင်ငံဟာ စိုက်ပျိုးရေးကိုအဓိကထားတဲ့ နိုင်ငံတစ်ခုဖြစ်တဲ့အပြင် အဲဒီလိုအဓိကထားနိုင်လောက်အောင်လည်း ရေခံမြေခံကောင်းများစွာကိုပိုင်ဆိုင်ပါတယ်။ ဒါ့ကြောင့် စိုက်ပျိုးရေးကိုအခြေခံပြီး နိုင်ငံ့ GDP တိုးတက်ဖို့အတွက် ဦးတည်ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံဟာ အဓိကအားဖြင့် ဆန်စပါးကို အဓိကထားစိုက်ပျိုးထုတ်လုပ်တဲ့ နိုင်ငံတစ်ခုဖြစ်တဲ့အတွက် ဆန်စပါးကို အထွက်နှုန်းတိုးအောင် စိုက်ပျိုးနိုင်ဖို့လည်း လိုအပ်ပါတယ်။ ခေတ်အဆက်ဆက် အစိုးရတို့ဟာ

စာမျက်နှာ ၂၁ သို့







**စာမျက်နှာ ၂၀ မှအဆက်**

စပါးအထွက်နှုန်း တိုးတက်စေရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်ခဲ့ကြပါတယ်။ စာရေးသူတို့နိုင်ငံမှာ မိုးစပါးစိုက်ဧက ၁၄ သန်းကျော် ရှိပါတယ်။ မိုးစပါးတစ်ဧက ပန်းတိုင်ရည်မှန်းချက်အထွက်နှုန်းဟာ တင်း ၁၀၀ ဖြစ်ပါတယ်။ ဒါပေမဲ့ ၂၀၂၃-၂၀၂၄ ခုနှစ် အထွက်နှုန်းမှာတော့ ပျမ်းမျှအထွက်နှုန်းဟာ ၇၈ တင်းကျော်ပဲရှိပါတယ်။ ဒါဟာ ပန်းတိုင်ရည်မှန်းချက်ထက် ၂၂ တင်းခန့် လျော့နည်းခဲ့တာဖြစ်ပါတယ်။ တွက်ကြည့်လိုက်ရင် တစ်ဧကကို ၂၂ တင်းနဲ့ ဧက ၁၄ သန်းအတွက် သန်း ၃၀၀ ကျော်လျော့နည်းထွက်ရှိခဲ့တာဖြစ်ပါတယ်။ ငွေနဲ့တန်ဖိုးသင့်လိုက်ရင်တော့ ငွေကျပ်ဘီလီယံ ၇၀၀၀ ခန့်လောက် လျော့နည်းခဲ့တာတွေ့ရပါတယ်။ စိုက်ဧကတိုးချဲ့စိုက်ပျိုးခြင်း၊ ပန်းတိုင်ရည်မှန်းချက်အထွက်နှုန်းတိုးတက်အောင်ဆောင်ရွက်ခြင်း၊ သီးထပ်စွမ်းအားတိုးချဲ့ပြီးအထွက်နှုန်းတိုးတက်အောင်ဆောင်ရွက်ခြင်းတို့ဟာ စိုက်ပျိုးရေးထုတ်ကုန်များတိုးတက်စေတဲ့ နည်းလမ်းများဖြစ်ပါတယ်။ ဒီနည်းလမ်းသုံးမျိုးထဲကမှ စာရေးသူတို့နိုင်ငံဟာ ပန်းတိုင်ရည်မှန်းချက်အထွက်နှုန်းတိုးအောင်ဆောင်ရွက်တာနဲ့ သီးထပ်စွမ်းအားတိုးချဲ့တာကို အဓိကထားဆောင်ရွက်နေတာဖြစ်ပါတယ်။ ပန်းတိုင်ရည်မှန်းချက်ဆိုရာမှာလည်း မဖြစ်နိုင်တဲ့ကိန်းဂဏန်းအရေအတွက်ကိုပေးထားတာမဟုတ်ဘဲ နိုင်ငံတကာနဲ့ မြန်မာနိုင်ငံရဲ့သီးနှံအထွက်နှုန်းများကို နှိုင်းယှဉ်သုတေသနပြုပြီးသေချာစနစ်တကျ နှိုင်းယှဉ်တွက်ချက်ပြီးပေးထားတာဖြစ်ပါတယ်။ ဒါ့ကြောင့် စိုက်ပျိုးသီးနှံများကို တစ်ဧကအထွက်နှုန်းများတိုးတက်ပြီး ပန်းတိုင်အထွက်နှုန်းအတိုင်းပြည့်မီအောင်ဆောင်ရွက်ရမှာဖြစ်တဲ့အပြင်သီးထပ်စွမ်းအားများ တိုးတက်အောင်ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြဖို့လိုပါတယ်။ ငွေအရင်းအနှီးတတ်နိုင်သူများဟာလည်း စိုက်ပျိုးရေးကဏ္ဍကြီးမှာ ဝင်ရောက်ရင်းနှီးမြှုပ်နှံမှုများဆောင်ရွက်မယ်ဆိုရင်နိုင်ငံရဲ့စိုက်ပျိုးရေးကဏ္ဍကြီးကလည်းတိုးတက်လာသလို နိုင်ငံ့စီးပွား၊ ပြည်သူလူထုရဲ့ လူမှုစီးပွားဘဝများစွာလည်းမြင့်မားလာမှာဖြစ်ပါတယ်။ ဒီလိုစိုက်ပျိုးသီးနှံများ ပန်းတိုင်အထွက်နှုန်းပြည့်မီဖို့ဆိုရင် အဓိကလိုအပ်တာက မိရိုးဖလာစိုက်နည်းစနစ်တွေသာမကဘဲ ခေတ်မီနည်းစနစ်များနဲ့အညီ စိုက်ပျိုးနိုင်ဖို့လိုအပ်ပါတယ်။

နိုင်ငံတော်အကြီးအကဲ အမှာစကားပြောကြားတိုင်း ပြောနေကျစကားစုလေးကိုလည်းမှတ်သားမိပါတယ်။ အဓိကလည်းကျသလို စနစ်တကျအသုံးချတတ်ဖို့လည်းလိုအပ်ပါတယ်။ မျိုးကောင်းမွန်မှုရှိစေရေးအတွက် မျိုးကောင်းမျိုးသန့်ရရှိအောင်ဖန်တီးပေးနိုင်ရေး၊ မြေအရည်အသွေးကောင်းမွန်အောင် စနစ်တကျပြုပြင်ရေးနဲ့ခေတ်မီသင့်လျော်တဲ့ သွင်းအားစုမြေဩဇာတွေကိုရရှိအောင်ဖန်တီးပေးရေး၊ စိုက်ပျိုးရေနဲ့ အောင်ရေကို ဖူလုံစွာဖန်တီးပေးနိုင်ရေး၊ စိုက်နည်းစနစ်တွေ မှန်ကန်မှုရှိစေရေးနဲ့ ခေတ်မီနည်းစနစ်တွေကို အသုံးပြုနိုင်ရေးဆိုတဲ့ မျိုး၊ မြေ၊ ရေ၊ နည်း ဆိုတဲ့ အချက်လေးချက်ဖြစ်ပါတယ်။

ဒီလေးချက်နဲ့အညီ ဆောင်ရွက်နိုင်ဖို့က နိုင်ငံတော်အစိုးရရဲ့ကဏ္ဍစုံကနေ ပံ့ပိုးမှုတွေ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းဆောင်ရွက်နေသူတွေရဲ့ အားကြိုးမာန်တက်လိုက်ပါလုပ်ဆောင်နိုင်စွမ်းတွေ၊ ခေတ်မီသွင်းအားစုတွေကို တင်သွင်းပို့ဆောင်ပေးမယ့်ကုမ္ပဏီများရဲ့ စုပေါင်းစွမ်းအားပေါ်မှာ အများကြီးမူတည်ပါတယ်။ စိုက်ပျိုးရေးမှာ အဓိကလိုအပ်တဲ့ ဓာတ်မြေဩဇာကိုလည်း နိုင်ငံတော်အဆင့် စီမံကိန်းများဖြင့် ဆောင်ရွက်ပေးမယ်ဆိုရင် တောင်သူတွေအနေနဲ့ အများကြီးအဆင်ပြေချောမွေ့မှာဖြစ်ပါတယ်။ ပြိုင်တူတွန်းလျှင်ရွေ့နိုင်ပါတယ်ဆိုတဲ့စကားအတိုင်း စာရေးသူတို့နိုင်ငံဟာ စိုက်ပျိုးရေးကိုအခြေခံတဲ့နိုင်ငံဖြစ်တဲ့အတွက် စိုက်ပျိုးရေးကိုခေတ်မီနည်းစနစ်တွေ၊ ခေတ်မီသွင်းအားစုတွေနဲ့ ပေါင်းစပ်ပြီး ပန်းတိုင်အထွက်နှုန်းပြည့်မီအောင်၊ ထိုကတစ်ဆင့် ပန်းတိုင်အထွက်နှုန်းကျော်လွန်အောင် ကြိုးစားကြရမှာဖြစ်ပါတယ်။ စာရေးသူပြောပြခဲ့တာ မြန်မာနိုင်ငံရဲ့ အဓိကစိုက်ပျိုးရေး အမျိုးအစားဖြစ်တဲ့ စပါးကိုမူတည်ပြီးပြောပြခဲ့တာပါ။ ဒါ့အပြင် အခြားအဓိကစိုက်ပျိုးထုတ်ကုန်များဖြစ်တဲ့ ပဲ၊ ပြောင်း၊ နှမ်း၊ ဝါ၊ နေကြာ၊ ပန်းနှမ်းစတဲ့ဆီထွက်သီးနှံတွေကိုလည်း ပန်းတိုင်အထွက်နှုန်းပြည့်မီအောင်ဆောင်ရွက်ပြီး နိုင်ငံ့ GDP တိုးတက်စေဖို့အတွက် ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

နောက်တစ်ခုကတော့မွေးမြူရေးဖြစ်ပါတယ်။ မွေးမြူရေးဆိုရာမှာလည်း စီးပွားဖြစ်မွေးမြူရေးကို စာရေးသူမဆိုလိုသေးပါဘူး။ တစ်နိုင်တစ်ပိုင်မွေးမြူရေးစနစ်ကို အရင်ဆုံးပြောချင်ပါတယ်။ စာရေးသူတို့နိုင်ငံရဲ့ အဓိကစားသုံးတဲ့အသားတွေကတော့ ကြက်၊ ဝက်၊ ဆိတ်၊ အမဲ၊ ငါးတို့ပဲဖြစ်ပါတယ်။ ဒီလိုအသားငါးတွေစားသုံးရာမှာ ပြည်ပကဝင်တဲ့ အသားတိုးမျိုးစိတ်တွေရှိသလို မြန်မာနိုင်ငံရဲ့ဒေသထွက်မျိုးစိတ်တွေလည်းရှိပါတယ်။ အဲဒီဒေသမျိုးစိတ်တွေကို တစ်နိုင်တစ်ပိုင်မွေးမြူရာမှာ ယခင်က မိရိုးဖလာမွေးမြူနေကျအတိုင်း လွှတ်ကျောင်းစနစ်အစား နည်းပညာပိုင်းဆိုင်ရာ အကူအညီရယူပြီး ကိုယ့်ဒေသမျိုးစိတ်တွေနဲ့ပဲ စီးပွားဖြစ်မွေးမြူလို့ရပါတယ်။ မြန်မာနိုင်ငံဟာဆိုရင် အရှေ့တောင်အာရှနိုင်ငံတွေထဲက ကြက်ကိုအိမ်မွေးတိရစ္ဆာန်အဖြစ် စတင်မွေးမြူတဲ့နိုင်ငံတွေထဲမှာ အစောဆုံးနိုင်ငံတစ်ခုဖြစ်တယ်လို့ ကြက်မွေးမြူကုသရေးစာအုပ် နှစ်အုပ်လောက်မှာ ဖတ်ခဲ့ရဖူးပါတယ်။ အရင်ဆုံး ဒေသကြက်အကြောင်း စပြောလိုပါတယ်။ ဥပမာ- အိမ်တိုင်းအလွယ်တကူလုပ်နိုင်သော ဒေသကြက်မွေးမြူရေးလုပ်ငန်းကနေ ဝင်ငွေရရှိမယ့် အသေးစားစီးပွားရေးလုပ်ငန်းအဖြစ် ပြောင်းလဲနိုင်တာမျိုးဖြစ်ပါတယ်။ ဒေသကြက်လေးတစ်အုပ်မွေးထားတာ၊ မနက်ကျအိမ်ခြံဝိုင်းထဲလွှတ်ပေးထား၊ သူတို့ဘာသာ အစာရှာစား၊ ညဘက်ရောက်လာရင် အိပ်တန်းတက်မယ့်အချိန်ရောက်ရင် ပြန်သိမ်း၊ အရွယ်လေးတွေရပြီးအလေးချိန်လေးတွေ စီးလာပြီဆိုရင် ရောင်းစား၊ ဒီလိုပဲလုပ်နေမယ့်အစား ဒေသကြက်ကို စနစ်တကျဘယ်လိုမွေးမလဲဆိုတဲ့ နည်းစနစ်ကို လေ့လာရမှာဖြစ်ပါတယ်။ တစ်နိုင်ကြက်ခြံလေးတွေဆောက်ပြီး ကြက်တွေစားဖို့ ဖြည့်စွက်စာအနေနဲ့ စပါး၊ ဆန်၊ ဆန်ကွဲထမင်းတို့အပြင် ရောစပ်အစာတွေကို ဖွဲနု၊ ဆန်ကွဲတို့နဲ့ရောကာ အစာခွက်လေးနဲ့ကျွေးဖို့လိုပါတယ်။ ဒါ့အပြင် ကြက်တွေဖြစ်တတ်တဲ့ ကြက်လည်လိမ်ရောဂါ၊ ကြက်ဝမ်းကျရောဂါတွေမဖြစ်ဖို့ ကာကွယ်ဆေးတွေလည်း ထိုးရမှာဖြစ်ပါတယ်။ ဒီလိုစနစ်တကျနဲ့မွေးရင် ရောင်းချချိန်ထိ ကြက်တစ်အုပ်လုံး သို့မဟုတ် တစ်ကောင်တလေ စသည်ဖြင့် အလေအလွင့်မရှိတော့ဘဲ ဝင်ငွေတိုးနိုင်မှာဖြစ်ပါတယ်။ အခုနောက်ပိုင်းခေတ်စားနေတဲ့ ကြက်မည်းမွေးမြူရေးအကြောင်းလည်းအနည်းငယ်ပြောပြလိုပါတယ်။ သူက ဥစား မဟုတ်ဘဲ အသားစားဖို့အတွက် မွေးမြူရတာဖြစ်ပါတယ်။ ကြက်မည်းအသားဟာဈေးကွက်မှာ သာမန်ကြက်တွေထက်ရှားပြီး တန်ဖိုးလည်းမြင့်ပါတယ်။ ကြက်မည်းတွေဟာ စီးပွားဖြစ်မွေးမြူရတဲ့ အသားတိုးကြက်တွေလောက် ကြီးထွားနှုန်းမမြန်သလို ဥစားကြက်တွေလိုလည်း ဥနှုန်းမကောင်းပါဘူး။ ကြက်မည်းတွေကို အသားတိုးကြက်လို၊ ဥစားကြက်လိုမျိုး ကြီးထွားနှုန်းကောင်းဖို့ ဦးစားမပေးဘဲ အရောင်အသွေးမည်းနက်ဖို့ ဦးစားပေးရတာဖြစ်တဲ့အတွက် အများအပြားမထုတ်လုပ်နိုင်ပါဘူး။ ဒါကြောင့် ဈေးကွက်အတွင်းမှာ ရှားပါးပြီး တန်ဖိုးလည်းရှိတဲ့ ကြက်မည်းကို တစ်နိုင်တစ်ပိုင် စနစ်တကျမွေးမြူနေတာကိုတွေ့ရမှာဖြစ်ပါတယ်။ ကြက်မည်းလိုမျိုးပဲ ဒေသကြက်ကို နည်းစနစ်တကျမွေးမြူမယ်ဆိုရင် အရည်အသွေးကောင်းမွန်တဲ့ဒေသကြက်တွေကို ထုတ်လုပ်ရောင်းချနိုင်ပြီး ဝင်ငွေတိုးမှာဖြစ်ပါတယ်။ စာရေးသူတို့နိုင်ငံမှာ ဒေသထွက်ဖြစ်တဲ့ မိတ္ထီလာဒေသက လက်ပံပြားကြက်ကြော်ဆိုရင် အရမ်းနာမည်ကြီးပါတယ်။ ဒီလိုနာမည်ကြီးဒေသထွက်မွေးမြူရေးကရတဲ့ ထုတ်ကုန်တစ်ခုကို ခေတ်မီနည်းပညာနဲ့သာပေါင်းစပ်ပေးလိုက်မယ်ဆိုရင် စာရေးသူတို့ရဲ့ လက်ပံပြားကြက်ကြော်ဟာလည်း KFC တို့၊ Lotteria ကြက်ကြော်တို့နဲ့ရင်ပေါင်တန်းနိုင်တဲ့ ထုတ်ကုန်တစ်ခုဖြစ်လာနိုင်ပါတယ်။ ဒါ့အပြင် ကြက်ဥ၊ ဘဲဥဟာလည်း အာဟာရလည်းပြည့်ဝတဲ့အပြင် အရောင်းသွက်စားသောက်ကုန်တစ်ခုလည်းဖြစ်တဲ့အတွက် ကြက်ကောင်ရေများများမွေးမြူနိုင်လေလေ နေ့စဉ်ဝင်ငွေများများရရှိလေဖြစ်ပါတယ်။ ဥစားကြက်ကဥတဲ့ ကြက်ဥထက် ဒေသကြက်ကဥတဲ့ ကြက်ဥကိုဈေးကြီးပေးပြီး အော်ဂဲနစ်အစားအစာအဖြစ် တန်ဖိုးထားဝယ်ယူစားသုံးနေတာကိုလည်း တွေ့ရှိရပါတယ်။

ဒီလိုပါပဲ ဒေသဝက်ဆိုရင်လည်း တစ်နိုင်တစ်ပိုင်မွေးမြူရာမှာ စားကြွင်းစားကျန်ကျွေးပြီး လွှတ်ကျောင်းနေမယ့်အစား စိုက်ပျိုးရေးကရရှိတဲ့ တိရစ္ဆာန်စာတွေဖြစ်တဲ့ ဆန်ကွဲ၊ ဖွဲ၊ ပြောင်း၊ ပဲဖတ်တို့နဲ့ သေချာကျွေးမွေးမယ်၊ သေချာခြံခတ်မွေးမယ်ဆိုရင် ကျန်းမာသန်စွမ်းပြီး အသားအလေးချိန်တိုးတဲ့ ဒေသဝက်ကိုမွေးမြူနိုင်မှာဖြစ်ပါတယ်။ ထို့အတူပါပဲ ဒေသနွားကိုမွေးမြူရာမှာလည်း လွှတ်ကျောင်းမယ်၊ အချိန်တန် ပြန်သိမ်းမယ်ဆိုတာထက်ကောက်ရိုးကို ယူရီးယားနဲ့ ပြုပြင်ကျွေးမွေးမယ်၊ နေပီယာမြက်လိုမျိုး မွေးမြူရေးကိုအထောက်အကူဖြစ်စေတဲ့ မြက်မျိုးတွေစိုက်ပြီး ကျွေးမွေးမယ်ဆိုရင် နို့ထွက်နှုန်းပိုမိုများမယ်၊ မျိုးအောင်နှုန်းလည်းမြင့်မယ်၊ ကြီးထွားနှုန်းကောင်းမယ်၊ ရောဂါဒဏ်ခံနိုင်ရည်ရှိလာမယ်။ ဒါဟာဒေသမျိုးစိတ်တွေကိုစွနဲ့နည်းပညာနဲ့ပေါင်းစပ်ကာ စီးပွားဖြစ်မွေးမြူနိုင်ရေးနည်းကို အကျဉ်းချုံးပြောပြတာပဲရှိပါသေးတယ်။ ဆိုလိုချင်တာက နည်းပညာရယ်၊ ပြည်တွင်းထွက် စိုက်ပျိုးရေးထုတ်ကုန်ကရရှိတဲ့ တိရစ္ဆာန်အစာတွေနဲ့ရယ် ပေါင်းစပ်လိုက်မယ်ဆိုရင် မွေးမြူရေးမှာပါ ကုန်ကျစရိတ်သက်သာစွာနဲ့ စီးပွားဖြစ်ထွန်းစေနိုင်ကြောင်းကို ထောက်ပြလိုတာဖြစ်ပါတယ်။

ဒါတွေကတော့တစ်နိုင်တစ်ပိုင်မွေးမြူရေးတွေကို ခေတ်မီနည်းပညာနဲ့ပေါင်းစပ်ပြီး အသေးစားစီးပွားရေးလုပ်ငန်းအနေနဲ့ ဆောင်ရွက်နိုင်တဲ့အကြောင်းကို ပြောပြခဲ့တာပါ။ ကိုယ်တတ်နိုင်ရင်တတ်နိုင်သလို တစ်နိုင်တစ်ပိုင်မှ လုပ်ငန်းကြီးတစ်ခုဖြစ်တဲ့အထိ မွေးမြူရေးလုပ်ငန်းတွေကိုလည်း အောင်မြင်စွာ ဆောင်ရွက်နိုင်ပါတယ်။ မွေးမြူရေးမှထွက်ရှိတဲ့ တန်ဖိုးမြှင့်ထုတ်ကုန်တွေကို နိုင်ငံခြားသို့တင်ပို့နိုင်သည်အထိ အရည်အသွေးပြည့်မီအောင်ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ဒါဆို မွေးမြူရေးကနေလည်း ပြည်ပဝင်ငွေများရရှိလာနိုင်မှာဖြစ်ပါတယ်။

စာရေးသူတို့နိုင်ငံအနေနဲ့ GDP တိုးတက်ဖို့အတွက် ရေခံမြေခံကောင်းများနဲ့ လူသားအရင်းအမြစ်များကို အသုံးချပြီး Quick Win ဖြစ်တဲ့ လယ်ယာကဏ္ဍကို အခြေခံပြီး သူနဲ့ဆက်စပ်နေတဲ့ကဏ္ဍကြီးတွေဖြစ်တဲ့ စက်မှုလုပ်ငန်းနဲ့ဝန်ဆောင်မှုလုပ်ငန်းတွေကိုလည်း တိုးတက်အောင် ဆောင်ရွက်နိုင်ပါတယ်။

ကိုင်းကျွန်းမှီကျွန်းကိုင်းမှီဆိုတဲ့စကားလိုပါပဲ။ တစ်ခုနဲ့တစ်ခုဟာဆက်စပ်ဖြစ်တည်နေကြတာဖြစ်ပါတယ်။ စိုက်ပျိုးမွေးမြူရေးဘက်မှာ အောင်မြင်လာပြီဆိုရင် စိုက်ပျိုးမွေးမြူရေးကရတဲ့ကုန်ကြမ်းတွေကို အခြေခံပြီးထုတ်လုပ်နေတဲ့ စက်မှုလုပ်ငန်းတွေလည်း တိုးတက်လာမှာဖြစ်ပါတယ်။ စိုက်ပျိုးရေးကထွက်ရှိလာတဲ့ ထွက်ကုန်တွေကို ခေတ်မီစက်ရုံကြီးတွေ တည်ဆောက်ပြီး အရည်အသွေးပြည့်မီတဲ့ စားသောက်ကုန်တွေ ထုတ်လုပ်နိုင်ဖို့ ကြိုးပမ်းရမှာဖြစ်ပါတယ်။ ကုန်ကြမ်းကို နိုင်ငံခြားကမတင်သွင်းရခြင်း၊ မိမိနိုင်ငံတွင်းကပဲ အလုံအလောက်ရရှိခြင်း၊ သယ်ယူပို့ဆောင်စရိတ် သက်သာခြင်းဆိုတဲ့ အချက်သုံးချက်နဲ့တင်ကိုပဲ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို စရိတ်သက်သက်သာသာနဲ့ထုတ်လုပ်နိုင်မှာဖြစ်ပြီး ပြည်တွင်းလိုအပ်ချက်များ ပြည့်မီလာမယ့်အပြင် ပြည်ပပို့ကုန်ကိုပါ တိုးတက်စေနိုင်မှာဖြစ်ပါတယ်။

ဒီလိုစိုက်ပျိုးမွေးမြူရေးထွက်ကုန်များကိုအခြေခံတဲ့ စက်မှုကုန်ထုတ်လုပ်ငန်းများ ( Agro Based Industry) ကို တန်ဖိုးမြင့်ကုန်ချောပစ္စည်းရရှိလာသည်အထိ အရည်အသွေးပြည့်မီအောင် ခေတ်မီနည်းစနစ်များနဲ့ပေါင်းစပ်ပြီး ပြည်တွင်းသာမက ပြည်ပအထိတင်ပို့ရောင်းချနိုင်ရေးအထိပါ ကြိုးစားဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ဒီလိုပစ္စည်းကောင်းတွေထုတ်လုပ်နိုင်ပြီဆိုရင် ဒီကုန်ပစ္စည်းတွေကို သယ်ယူခြင်း၊ ရောင်းချခြင်း၊ ငွေပေးချေခြင်း၊ နိုင်ငံအတွက် အကျိုးရှိစေမယ့် ကဏ္ဍစုံမှာ အကျိုးရှိရှိ ကောင်းမွန်စွာအသုံးချနိုင်ခြင်းဆိုတဲ့ ဝန်ဆောင်မှုကဏ္ဍတွေဟာလည်း ကောင်းမွန်တိုးတက်လာမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် တစ်ဖက်ကပြောမယ်ဆိုရင် စက်မှုလုပ်ငန်းတွေတိုးတက်လာပြီဆိုရင် ခရီးသွားလုပ်ငန်း စတဲ့ဝန်ဆောင်မှုလုပ်ငန်းများပါဆက်စပ်ပြီး ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။ လယ်ယာကဏ္ဍကောင်းရင် စက်မှုကဏ္ဍကောင်းမယ်။ စက်မှုကဏ္ဍကောင်းရင် ဝန်ဆောင်မှုကဏ္ဍလည်း ကောင်းလာမှာဖြစ်ပါတယ်။ ဒီကဏ္ဍသုံးရပ်ဟာ ဆက်စပ်မှုရှိတဲ့အတွက် တိုးတက်အောင်ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ အဲဒီထဲကမှ အခြေခံအကျဆုံးဖြစ်တဲ့ လယ်ယာကဏ္ဍကြီးကို အောင်မြင်တိုးတက်အောင် ဆောင်ရွက်မယ်ဆိုရင် စက်မှုကဏ္ဍကြီးနဲ့ဝန်ဆောင်မှုကဏ္ဍကြီးတို့ဟာလည်း အောင်မြင်တိုးတက်လာပြီး နိုင်ငံရဲ့ GDP ဟာလည်း တိုးတက်လာမှာဖြစ်ပါတယ်။

နှမ်းတစ်စေ့တည်းနဲ့တော့ ဆီမဖြစ်ပါဘူး၊ ဒီလိုပဲရေတစ်စက်နဲ့လည်း ရေမပြည့်ပါဘူး။ ဒါပေမဲ့ နှမ်းစေ့တွေအများကြီးပါဝင်လာရင် ဆီဖြစ်သလို ရေစက်တွေအများကြီး စုပေါင်းလိုက်ရင်လည်း ရေပြည့်လာနိုင်ပါတယ်။ ဒါကြောင့် နိုင်ငံ့ GDP တိုးတက်ဖို့ဆိုရင် နိုင်ငံသားတစ်ဦးချင်းရဲ့ GDP တိုးတက်ဖို့လိုတဲ့အတွက် အရွယ်ရောက်ပြီးအလုပ်လုပ်နိုင်တဲ့သူတိုင်း အလုပ်လုပ်ကြဖို့လိုအပ်ပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်များအလိုက် အခြေကျပြီးဖြစ်တဲ့ စိုက်ပျိုးရေးကဏ္ဍကိုအခြေခံပြီး ဒေသအလိုက် ပန်းတိုင်အထွက်နှုန်းရရှိရေး၊ ကုန်ထုတ်လုပ်မှုတိုးမြှင့်ရေးကို ဆောင်ရွက်ပြီး ဒေသခံများရဲ့အလုပ်အကိုင်အခွင့်အလမ်းများတိုးတက်ရရှိအောင်ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ကုန်ထုတ်လုပ်ငန်းများတိုးတက်လာတဲ့အခါ လုပ်ငန်းများဆောင်ရွက်နေတဲ့ ပြည်သူတစ်ဦးချင်းရဲ့ ဝင်ငွေများတိုးတက်လာပြီး တစ်နည်းအားဖြင့် ပြည်သူတစ်ဦးချင်းစီရဲ့ GDP တိုးတက်လာပြီး လူမှုစီးပွားဘဝများတိုးတက်လာမှာဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ စီးပွားရေးနဲ့ပတ်သက်တဲ့ မူဝါဒကလည်း ပြည်တွင်းစီးပွားရေးကို အားပေးခြင်းနဲ့ ကုန်ထုတ်လုပ်မှုကို အားပေးခြင်းပင်ဖြစ်ပါတယ်။ တိုင်းပြည်ရဲ့အားဟာ ပြည်တွင်းမှာသာရှိတဲ့အတွက်ပြည်ပကိုအားကိုးခြင်းထက် ပြည်တွင်းအားဖြင့် **စာမျက်နှာ ၂၂ သို့**

## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ပြန်လည်တူးဖော်ပြုပြင်ထိန်းသိမ်းလျက်ရှိသော ရှေးဟောင်းရေကန်များအတွက် ပါဝင်လှူဒါန်းနိုင်

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ပြည်တွင်း၊ ပြည်ပကျွမ်းကျင်ပညာရှင်များ၏ အကြံပြုချက်များနှင့် ကမ္ဘာ့အမွေအနှစ်စံနှုန်းများနှင့်အညီ ပြန်လည်တူးဖော်ပြုပြင်ထိန်းသိမ်းလျက်ရှိသော ပထမအဆင့် ရှေးဟောင်းရေကန် ၄၆ ကန်နှင့် ဒုတိယအဆင့် ရှေးဟောင်းရေကန် ၄၅ ကန်တို့အတွက် ပါဝင်လှူဒါန်းလိုပါက **ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(စီမံ/ဘဏ္ဍာဌာနခွဲ) နေပြည်တော် ဖုန်း ၀၉-၄၄၄၀၄၇၁၂၃၊ ၀၆၇-၃၄၀၈၄၁၈၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ရန်ကုန်ဌာနခွဲ ဖုန်း ၀၉-၅၀၆၁၈၃၂၊ ၀၁-၇၅၁၃၈၉၇၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန မန္တလေးဌာနခွဲ ဖုန်း ၀၉-၂၀၀၂၁၉၅၊ ၀၂-၄၀၆၀၀၆၁၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲ ဖုန်း ၀၉-၂၀၀၁၉၀၆၊ ၀၆၁-၂၄၆၀၂၆၉တို့ သို့လည်းကောင်း၊KBZ Bank NYAUNG OO BRANCH Account No-06713906701442701** သို့လည်းကောင်း ပေးပို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက အသိပေး နှိုးဆော်ထားသည်။ **(သတင်းစဉ်)**

## ကျောင်းနေအရွယ်ကလေးအားလုံး အလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်မြင်အောင်သင်ယူရေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ ကျောင်းနေအရွယ်ကလေးအားလုံး အခြေခံပညာအလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင် သင်ကြားနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ အလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်မြင်သော ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အခြေခံပညာအထက်တန်းအဆင့်၊ စက်မှုနည်းပညာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး စသည့်ပညာရေးလမ်းသွယ်(၄)မျိုးကို ဆက်လက်သင်ကြားနိုင်မည်ဖြစ်ပါသည်။ စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးပညာရပ်များကို တွဲဖက်သင်ကြားပေးမည့် အခြေခံပညာအထက်တန်းကျောင်းများကို ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ၅၁ ကျောင်းဖွင့်လှစ်ခဲ့ပြီး ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်တွင် ၃၄ ကျောင်း ထပ်မံဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပါသည်။ ထို့ကြောင့် ကျောင်းနေအရွယ်ကလေးအားလုံး အလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်သင်ယူနိုင်ရေး တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။

# အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် (၁၄)ကြိမ်မြောက် မိသားစုဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ ကျင်းပ



ဆရာတော်ထံ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

**နေပြည်တော် ဇူလိုင် ၁၇**

အရှေ့အလယ်ပိုင်း တိုင်းစစ်ဌာနချုပ် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၏ (၁၄)ကြိမ်မြောက် မိသားစုဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ မဟာသန္တရံသီစေတီတော်ကြီးဓမ္မာရုံ၌ ပြုလုပ်ရာ မဟာဗောဓိကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝိမလ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့်အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့်တက်ရောက်လာကြသူများက မဟာဗောဓိကျောင်းတိုက်ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသော ပဌာန်းပရိတ်တရားတော်များ နာယူကြသည်။

ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သံဃာတော်များထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြပြီး သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(၅၀၁)**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇူလိုင် ၁၇**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များက တစ်ဆင့် နည်းမျိုးစုံဖြင့်ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့်ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများကတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇူလိုင် ၁၆ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "စိုင်းမင်းနောင်သဒ္ဒါထက်ဖြိုးမောင်မောင်" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ကျီကုန်းကျေးရွာနေ ရာဇာထွန်း(ခ)ကိုထက်အား ညနေ ၃ နာရီခွဲတွင် ပုသိမ်ကြီးမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။ **(၅၀၁)**

## အာဇာနည်ဗိမာန်သို့ လာရောက်မည့် မိဘပြည်သူများ လိုက်နာဆောင်ရွက်နိုင်ရန် မေတ္တာရပ်ခံပန်ကြားခြင်း

(၁) လတ်တလောအသက်ရှုလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများဖြစ်သော ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းစသည့် လက္ခဏာများဖြစ်ပွားလာပါက အခမ်းအနားသို့ လုံးဝလာရောက်ခြင်းမပြုရန်။

(၂) ကိုယ်အပူချိန်မြင့်ခြင်း(အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်/၁၀၀ ဒသမ ၄ ဒီဂရီဖာရင်ဟိုက်)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်း အပါအဝင် သံသယဖြစ်ဖွယ်လက္ခဏာများ စစ်ဆေးတွေ့ရှိပါက သက်ဆိုင်ရာ၏ အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။

(၃) အာဇာနည်ဗိမာန်တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်။

(၄) ကျန်းမာရေးဝန်ကြီးဌာနက အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးသော ကိုဗစ်-၁၉ ရောဂါဆိုင်ရာအသိပေးချက်အား တိကျစွာလိုက်နာဆောင်ရွက်ရန်။

**စာမျက်နှာ ၂၁ မှအဆက်**

အကျိုးရှိထိရောက်တဲ့ လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရမှာဖြစ်ပါတယ်။ စာရေးသူတို့နိုင်ငံဟာ စိုက်ပျိုးမွေးမြူရေးနဲ့ ကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်ကြခြင်းထက် ဈေးရောင်းချသူပိုများနေတာဖြစ်ပါတယ်။ ထုတ်လုပ်မှုကို ပိုမိုဆောင်ရွက်နိုင်မယ်ဆိုရင် ဒါဟာနိုင်ငံအတွက် ဝင်ငွေပိုမိုတိုးတက်လာမှာဖြစ်ပါတယ်။ ကုန်ထုတ်လုပ်မှုဆိုရာမှာလည်း ကုန်ကြမ်း၊ သွင်းအားစု၊ အရင်းအနှီးနဲ့ လုပ်အားတို့ဟာ အဓိကလိုအပ်ချက်တွေဖြစ်ပါတယ်။ ကုန်ကြမ်းရှိမှ ပစ္စည်းထုတ်လုပ်နိုင်မှာဖြစ်သလို သွင်းအားစုများနဲ့ ငွေကြေးအရင်းအနှီး၊ ကျွမ်းကျင်လုပ်သားများရှိမှလည်း လုပ်ငန်းလည်ပတ်နိုင်မှာဖြစ်ပါတယ်။ ကုန်ကြမ်းရရှိရန် သေချာတဲ့ စိုက်ပျိုးရေးကဏ္ဍကိုအခြေခံတဲ့ တန်ဖိုးရှိ၊ တန်ဖိုးမြင့်ပစ္စည်းများကို ထုတ်လုပ်ပြီး မြို့ပြနှင့်ကျေးလက်ကွာဟမှု၊ ဒေသတစ်ခုနဲ့တစ်ခုကွာဟမှု ကျဉ်းမြောင်းအောင် ပြုလုပ်ပေးရမှာဖြစ်ပါတယ်။ ဒါမှလည်း ပြည်သူတစ်ဦးချင်းစီရဲ့ ဝင်ငွေတိုးတက်လာမှာဖြစ်ပါတယ်။ ပြည်သူတွေ ဝင်ငွေတိုးရင် နိုင်ငံရဲ့ဝင်ငွေလည်းတိုးမယ်။ နိုင်ငံ့ဝင်ငွေတိုးရင် နိုင်ငံ့ GDP လည်း တိုးတက်ပြောင်းလဲလာမှာ ဖြစ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ ပြောရမယ်ဆိုရင် စာရေးသူတို့နိုင်ငံမှာရှိတဲ့ လူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းခန့်ဟာ ကျေးလက်မှာနေထိုင်ကြပြီး အဲဒီကျေးလက်နေပြည်သူများမှာ လယ်ယာ၊ သားငါးနဲ့ သစ်တောကဏ္ဍကို ဆောင်ရွက်နေသူတွေဟာ ၄၁ ရာခိုင်နှုန်းခန့်ရှိပါတယ်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းဆိုတာဟာလည်း သေချာတဲ့ကုန်ထုတ်လုပ်ငန်းတစ်ခုဖြစ်တဲ့အပြင် စိုက်ပျိုးမွေးမြူရေးဆောင်ရွက်ဖို့ ရေခံမြေခံကောင်းတွေကိုလည်း ပိုင်ဆိုင်ထားတဲ့ စာရေးသူတို့နိုင်ငံမှာ စိုက်ပျိုးရေးနဲ့မွေးမြူရေးကို အခြေခံပြီး သူနဲ့ဆက်စပ်နေတဲ့ စက်မှုကဏ္ဍကြီးနဲ့ ဝန်ဆောင်မှုကဏ္ဍကြီးတို့ကိုလည်း တိုးတက်အောင်ယှဉ်တွဲဆောင်ရွက်ရပါမယ်။ ကိုယ့်နိုင်ငံတွင်း စားရေရိက္ခာဖူလုံမှုမှသည် ကမ္ဘာ့စားနပ်ရိက္ခာလုံခြုံရေးကိုပါအာမခံနိုင်တဲ့ စိုက်ပျိုးထုတ်လုပ်ရေးစွမ်းအားရှိတဲ့နိုင်ငံ( Agriculture Power Country) အဖြစ်ရပ်တည်နိုင်ပြီး နိုင်ငံ့ GDP ကိုတိုးမြင့်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါတယ်။ ။

**ကိုးကား**

- **Central Bank of Myanmar**
- **Quarterly Financial Statistics Bulletin (2023 Volume III)**

# (၇၇)နှစ်မြောက် အာဇာနည်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံတိုင်ဝက်လွှင့်ထူရန်နှင့် ဥသြဆွဲရန်

**နေပြည်တော် ဇူလိုင် ၁၇**

၂၀၂၄ ခုနှစ် ဇူလိုင် ၁၉ ရက် (သောကြာနေ့) (၇၇)နှစ်မြောက် အာဇာနည်နေ့တွင် ဝမ်းနည်းခြင်း အထိမ်းအမှတ်အနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို နိုင်ငံတစ်ဝန်းလုံး တိုင်ဝက်လွှင့်ထူရေး၊ အာဇာနည်ခေါင်းဆောင်ကြီးများကျဆုံးသည့် နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက ဥသြဆွဲအချက်ပေးရေးနှင့် ယင်းအချိန်တွင် သွားလာနေသည့် မော်တော်ယာဉ်များ ခေတ္တရပ်ပြီး ဟွန်းတီးစေရေးတို့အတွက် လက်အောက်ဌာန၊ ရုံးအဆင့်ဆင့်သို့ ဆက်လက်အသိပေးညွှန်ကြားရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးက အစိုးရရုံးဌာနအဖွဲ့အစည်းအားလုံးသို့ ညွှန်ကြားထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



ပဲခူး-မော်လမြိုင်လမ်းပိုင်း သိမ်ဆိပ်ဘူတာနှင့် ဒုံဝန်းဘူတာအကြား အမှတ်(၈၂)အစုန် လူစီးအမြန်ရထားလမ်းချော်ကျမှု အခြေအနေကို တွေ့ရစဉ်။



ပဲခူး-မော်လမြိုင်လမ်းပိုင်း သိမ်ဆိပ်ဘူတာနှင့် ဒုံဝန်းဘူတာအကြား ရထားလမ်းချော်ကျသည့် အမှတ်(၈၂)အစုန် ရထားပေါ်မှခရီးသည်များ ရထားကူးပြောင်းနေစဉ်။

☆ ကျောဖုံးမှအဆက်

ရထားလမ်းချော်ကျမှုကြောင့် ခရီးသည်နှင့် ဝန်ထမ်းထိခိုက်မှုမရှိဘဲ သိမ်ဆိပ်-ဒုံဝန်းလမ်းပိုင်းကို နံနက် ၁၁ နာရီ ၁၃ မိနစ်တွင် ယာယီပိတ်ထားခဲ့ရသည်။

လမ်းပိုင်းပိတ်ဆို့မှုကြောင့် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မှပုံမှန်ထွက်ခွာလာသော အမှတ်(၈၁)အဆန် လူစီးရထားသည် နံနက် ၁၁ နာရီ ၄၄ မိနစ်တွင် ကျိုက်ထိုသို့ရောက်ရှိနေပြီး အဆိုပါရထားတွင် ရိုးရိုးတန်းခရီးသည် ဦးရေ ၄၆၀ နှင့် အထက်တန်းခရီးသည် ၂၃၅ ဦး စုစုပေါင်း ၆၉၅ ဦး ပါရှိကြောင်း သိရသည်။

လမ်းချော်ကျသည့် မော်လမြိုင်မှထွက်ခွာလာသော အမှတ်(၈၂)အစုန် လူစီးအမြန်ရထားပေါ်တွင်လိုက်ပါလာသည့် ရိုးရိုးတန်းခရီးသည် ၃၁၃ ဦးနှင့် အထက်တန်းခရီးသည် ၁၄၆ ဦး စုစုပေါင်း ၄၅၉ ဦးကို ဆက်လက်ထွက်ခွာနိုင်ရေးအတွက် ကျိုက်ထိုတွင်ရောက်ရှိနေသော အမှတ်(၈၁)အဆန် လူစီးအမြန်ရထားသည် ရထားလမ်းချော်ကျသည့် နေရာသို့ရောက်ရှိပြီး ညနေ ၄ နာရီခွဲတွင် ခရီးသည်များကို ရထားကူးပြောင်းပြီးစီး၍ ညနေ ၅ နာရီခွဲတွင် အမှတ်(၈၂)အစုန် လူစီးအမြန်ရထားအဖြစ် ရန်ကုန်မြို့သို့ ဆက်လက်ပို့ဆောင်ပေးနိုင်ခဲ့သည်။

အမှတ်(၈၁)အဆန် လူစီးအမြန်ရထားမှ ခရီးသည်များဆက်လက်ထွက်ခွာနိုင်ရေးအတွက် လမ်းချော်ကျသော အမှတ်(၈၂)အစုန်တွဲဆိုင်း၏ လမ်းချော်မကျသောတွဲများဖြင့် ခရီးသည်များကိုကူးပြောင်းပြီး ညနေ ၅ နာရီ ၁၅ မိနစ်တွင် သထုံဘူတာဘက်သို့ ဆက်လက်ထွက်ခွာပေးနိုင်ခဲ့သည်။

အဆိုပါ ခရီးသည်များ အဆင်ပြေစွာ ဆက်လက်ပို့ဆောင်ပေးနိုင်ရေးအတွက် မော်လမြိုင်တွင်ရှိသော စက်ခေါင်းနှင့်အရန်တွဲဆိုင်းဖြင့် သထုံဘူတာမှ စောင့်ကြိုပြီး အမှတ်(၈၁)အဆန်ရထားအဖြစ် မော်လမြိုင်သို့ ဆက်လက်ပို့ဆောင်ပေးခဲ့သည်။

မိုင်းဖောက်ခွဲဖျက်ဆီးခံရမှုကြောင့် ရထားလမ်းချော်ကျမှု ဖြစ်စဉ်ဖြစ်ပွားရာနေရာသို့ နယ်မြေဒေသတာဝန်ရှိသူများ၊ နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်တို့က အချိန်နှင့်တစ်ပြေးညီ နယ်မြေရှင်းလင်းစစ်ဆေးခြင်း၊ မြန်မာ့မီးရထားဝန်ထမ်းများကလည်း လမ်းချော်ကျသော ရထားစက်ခေါင်းနှင့် လူစီးတွဲနှစ်တွဲကို မတင်၍ လမ်းပိုင်းအား အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များအနေဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှစ၍ ယခုအချိန်ထိ မြန်မာ့မီးရထားလမ်းကွန်ရက်တစ်ခုလုံးတွင် ရထားလမ်းနှင့်ရထားဘူတာနယ်မြေအတွင်း ဗုံးထောင်မိုင်းခွဲဖျက်ဆီးခြင်း ၂၀၆ ကြိမ်၊ ရထားတံတား၊ သံလမ်းများကို မိုင်းခွဲဖျက်ဆီးခြင်း ၁၆၆ ကြိမ်၊ ဘူတာအဆောက်အအုံနှင့် ဝန်ထမ်းနေအိမ်များကို မီးရှို့ဖျက်ဆီးခြင်း ၄၂ ကြိမ် ကျူးလွန်ခဲ့ကြသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အများပြည်သူခရီးသွားလာမှုနှင့် ကုန်စည်ပို့ဆောင်မှု အဆင်ပြေချောမွေ့မြန်ဆန်စေရေးအတွက် ရထားလမ်းနှင့် အခြေခံအဆောက်အအုံများပိုမိုတိုးတက်ကောင်းမွန်လာစေရေး၊ ရထားပို့ဆောင်ရေးစနစ် အဆင့်မြှင့်တင်ရေး စီမံကိန်းလုပ်ငန်းများကို ရည်မှန်းချက်ထားရှိ၍ အစဉ်တစိုက် အလေးထားစီမံဆောင်ရွက်ပေးလျက်ရှိသော်လည်း အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် နိုင်ငံတော်ပိုင် ရထားစက်ခေါင်းနှင့်တွဲများ၊ ရထားလမ်းနှင့် တံတားများ၊ ခရီးသည်များနှင့် ကုန်စည်များ ထိခိုက်ပျက်စီးဆုံးရှုံးစေရေး၊ ရထားစီး ခရီးသွားပြည်သူများအနေဖြင့် ရထားဖြင့်ခရီးသွားလာရာတွင် ကိုယ်စိတ်နှလုံးချမ်းမြေ့ပြီး အသက်အန္တရာယ်ကင်းရှင်းစွာဖြင့် လုံခြုံစိတ်ချစွာသွားလာနိုင်မှု မရှိစေရေးရည်ရွယ်ပြီး ယခုကဲ့သို့ယုတ်မာပက်စက်စွာဖြင့် အကြိမ်ကြိမ်ကျူးလွန်ဖျက်ဆီးနေကြခြင်းအပေါ် ဒေသခံများနှင့် ပြည်သူတစ်ရပ်လုံးက ပြင်းထန်စွာဆန့်ကျင်ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်း သတင်းရရှိသည်။

(၅၀၁)

# မင်းလှမြို့နယ် ဆားချောင်းကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတု၊ သတင်းမှားများ လုပ်ကြံရေးသားဖြန့်ဝေ




**နေပြည်တော် ဇူလိုင် ၁၇**

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် ဆားချောင်းကျေးရွာနှင့် စမ်းဘုတ်ကျေးရွာကြားတွင် တိုက်ပွဲဖြစ်ပွားခဲ့ပြီးနောက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆားချောင်းကျေးရွာကို ဝင်ရောက်မီးရှို့ခဲ့ကြောင်း၊ အဆိုပါမီးရှို့မှုကြောင့် နေအိမ် ၃၀ ခန့် မီးလောင်ပျက်စီးခဲ့သည်ဟု သတင်းတု၊ သတင်းမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက လူမှုကွန်ရက်စာမျက်နှာများတွင် လုပ်ကြံရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ မင်းလှမြို့နယ်အတွင်း အကြမ်းဖက်သမားများ ခိုအောင်းလှုပ်ရှားမှု မရှိစေရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၅ ရက်တွင် မင်းလှမြို့နယ် ဆားချောင်းကျေးရွာ၏ အနောက်ဘက်သို့ ရောက်ရှိစဉ်တွင် PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ နှစ်ဖက်အပြန်အလှန် ပစ်ခတ်မှုများဖြစ်ပွားခဲ့ပြီး အကြမ်းဖက်သမားများ ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်း၊ ထို့နောက် ဆုတ်ခွာထွက်ပြေးသွားသည့် အကြမ်းဖက်သမားများကို လိုက်လံရှင်းလင်းခဲ့ရာ ဆားချောင်းကျေးရွာ၏ အရှေ့ဘက် မီတာ ၃၀၀ ခန့်တွင် အကြမ်းဖက်သမားများ ခိုအောင်းနေထိုင်ခဲ့သည့် တောင်ယာတဲတစ်လုံးကိုတွေ့ရှိခဲ့ပြီး ၎င်းတောင်ယာတဲအတွင်းမှ လက်လုပ် ၁၂ ဗို့ သေနတ်တစ်လက်၊ ၅ ဒသမ ၅၆ ကျည် ငါးတောင့်နှင့် ဆက်စပ်ပစ္စည်းအချို့ကိုသိမ်းဆည်းရမိခဲ့ကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

ထိုသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ နယ်မြေလုံခြုံရေး ဆောင်ရွက်နေမှုများကို ပြည်သူများအထင်အမြင်လွဲမှားစေရန်အတွက် ဖြစ်စဉ်ဖြစ်ရပ်များကို အခြေခံ၍ သတင်းတု၊ သတင်းမှားများကို ရည်ရွယ်ချက်ရှိရှိ လုပ်ကြံရေးသားနေခြင်းသာဖြစ်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ဆားချောင်းကျေးရွာကို မီးရှို့ဖျက်ဆီးခဲ့ခြင်းမရှိကြောင်း သတင်းရရှိသည်။

(၅၀၁)

# မော်လမြိုင်ကျွန်းမြို့တွင် လူငယ်နှစ်ဦးကို စစ်မှုထမ်းဆောင်ရန်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက အဓမ္မဖမ်းဆီးခေါ်ဆောင်သွားကြောင်း သတင်းတု၊ သတင်းမှားများ လုပ်ကြံရေးသားဖြန့်ဝေ

**နေပြည်တော် ဇူလိုင် ၁၇**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့တွင် စစ်မှုထမ်းဆောင်ရန် အမည်စာရင်းတွင်ပါဝင်ပြီး လာရောက်သတင်းပို့ခြင်းမရှိသည့် လူငယ်နှစ်ဦးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဇူလိုင် ၁၄ ရက်တွင် အဓမ္မဖမ်းဆီး ခေါ်ဆောင်သွားကြောင်း သတင်းတု၊ သတင်းမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက လုပ်ကြံရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာ မြို့နယ်စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ မော်လမြိုင်ကျွန်းမြို့တွင် စစ်မှုထမ်းဆောင်ရန် အမည်စာရင်းပါဝင်ပြီး လာရောက်သတင်းပို့ရန် ပျက်ကွက်သူများမရှိကြောင်းနှင့် တရားမဝင်ပြည်ဖျက်မီဒီယာများတွင် ရေးသားဖော်ပြခဲ့သည့် အဆိုပါလူငယ်နှစ်ဦးမှာလည်း ပြည်သူ့စစ်မှုထမ်းအမည်စာရင်းတွင် ပါဝင်ခြင်းမရှိကြောင်း ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်ပြီး တာဝန်ရှိသူများအနေဖြင့် အတည်ပြုပြဋ္ဌာန်းထားသည့်ဥပဒေများနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တရားမဝင် ပြည်ဖျက်မီဒီယာများနှင့် ရပ်ရွာတည်ငြိမ်အေးချမ်းရေးကို မလိုလားသူများက ပြည်သူ့စစ်မှုထမ်းဥပဒေ စတင်အာဏာတည်သည့်နေ့မှစ၍ ပြည်သူလူထုအထင်အမြင်လွဲမှားစေရန် လုပ်ကြံရေးသားထားသည့် သတင်းတု၊ သတင်းမှားများဖြင့် လူမှုကွန်ရက်တွင် လှုံ့ဆော်ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

(၅၀၁)




မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များကို မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# ရန်ကုန်-မော်လမြိုင် ပြည်ထောင်စုကားလမ်းမပေါ်ရှိ ကရင်လေးဆိပ်ကျေးရွာအနီးရှိ တံတားကို KNLA အဖွဲ့မှ အကြမ်းဖက်မှုလိုလားသူများနှင့် PDF အမည်ခံအကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီး

မွန်ပြည်နယ်၊ သထုံမြို့နယ်၊ ကရင်လေးဆိပ်ကျေးရွာအနီးရှိ တံတားအား KNLA အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသူများနှင့် PDFအကြမ်းဖက်ပူးပေါင်းအဖွဲ့မှ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် ဖြစ်စဉ်ပြပုံ






KNLA အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသူများနှင့် PDF အမည်ခံအကြမ်းဖက်ပူးပေါင်းအဖွဲ့တို့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှုကြောင့် ပျက်စီးခဲ့သည့်တံတားအား တွေ့ရစဉ်။



မွန်ပြည်နယ် သထုံမြို့နယ် ကရင်လေးဆိပ်ကျေးရွာအနီးရှိ တံတားအား မော်တော်ယာဉ်များ ဖြတ်သန်းသွားလာနိုင်ရေး ယာယီတံတား ဆောင်ရွက်ပေးထားမှုကို တွေ့ရစဉ်။

**နေပြည်တော် ဇူလိုင် ၁၇**

အကြမ်းဖက်အဖွဲ့အစည်းများဖြစ်သည့် NUG၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများနှင့်အကြမ်းဖက်မှုကိုလိုလားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့သည် တိုင်းပြည်တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုကို ပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် ရုံးဌာနအဆောက်အအုံများ၊ စာသင်ကျောင်းများ၊ အများပြည်သူသွားလာနေထိုင်အသုံးပြုလျက်ရှိသော နေအိမ်များ၊ လမ်း၊ တံတားများကို မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်း၊ ကျေးရွာများအတွင်း Drop Bomb များ ကြဲချတိုက်ခိုက်ခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များကို နည်းလမ်းမျိုးစုံဖြင့် လုပ်ဆောင်ခဲ့ကြသည်။

ယခုအခါတွင်လည်း KNLA အဖွဲ့မှ အကြမ်းဖက်မှုလိုလားသူများနှင့် PDF အမည်ခံ အကြမ်းဖက်သမားများသည် ယနေ့နံနက်ပိုင်းတွင် ခရီးသွားပြည်သူများနှင့်ဒေသခံပြည်သူများ အားထားအသုံးပြုလျက်ရှိသည့် မွန်ပြည်နယ် သထုံမြို့နယ် ကရင်လေးဆိပ်ကျေးရွာ မြောက်ဘက် မီတာ ၁၀၀ ခန့်အကွာရှိ ရန်ကုန်-မော်လမြိုင် ပြည်ထောင်စုကားလမ်းမကြီးပေါ် မိုင်တိုင်အမှတ် ၁၃၆/၂ နှင့် ၁၃၆/၃ ကြားတွင်ရှိသည့် အရှည် ၁၀ ပေ၊ အကျယ် ပေ ၄၀၊ ခံနိုင်ဝန် တန် ၆၀ရှိ သံကူကွန်ကရစ် အမျိုးအစားတံတားအမှတ် (၁/၁၃၇) ကို မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခဲ့သဖြင့် တံတား၏ မြောက်ဘက်ကမ်းကပ်ခုံမှာ ၁၀၀ ရာခိုင်နှုန်း ပြိုကျပျက်စီးခဲ့သည်။

အကြမ်းဖက်သမားများအနေဖြင့် ခရီးသွားပြည်သူများ သွားလာမှုခက်ခဲစေရန်နှင့် အထိတ်တလန့်ဖြစ်ပြီး ကြောက်ရွံ့လာစေရန်၊ ကုန်စည်စီးဆင်းမှုကို ထိခိုက်ဆုံးရှုံးမှုဖြစ်စေပြီး ဒေသအတွင်း တည်ငြိမ်မှုပျက်ပြားစေရန်ရည်ရွယ်၍ စစ်ရေးနှင့် မသက်ဆိုင်သော အများပြည်သူအသုံးပြုလျက်ရှိသည့် လမ်းတံတားများအား ဖောက်ခွဲဖျက်ဆီးခဲ့ခြင်းသည် စစ်ရာဇဝတ်မှု (War Crime)ကို ကျူးလွန်ခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် လူနှင့်မော်တော်ယာဉ်များ ဖြတ်သန်းသွားလာမှု အဆင်ပြေစေရန်အတွက် သက်ဆိုင်ရာ လမ်း၊တံတား ဦးစီးဌာနမှ တာဝန်ရှိသူများက ယာယီတံတားကို အမြန်ဆုံးဆောင်ရွက်ပေးခဲ့ရာ မော်တော်ယာဉ်များ ပြန်လည်သွားလာနိုင်ပြီဖြစ်ကြောင်းနှင့် ပျက်စီးသွားသည့် တံတားအား အမြန်ဆုံးပြန်လည်ပြုပြင်နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

# PDF အမည်ခံအကြမ်းဖက်သမားများက ပခုက္ကူမြို့ အောင်သာကျေးရွာအတွင်းသို့ လက်နက်ကြီး၊ လက်နက်ငယ်များ၊ Drop Bomb များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ကျောင်းအုပ်ဆရာမကြီးအပါအဝင် အပြစ်မဲ့ပြည်သူ သုံးဦး သေဆုံး၊ တစ်ဦး ဒဏ်ရာရ

**နေပြည်တော် ဇူလိုင် ၁၇**

PDF အမည်ခံအကြမ်းဖက်သမားများက ယနေ့နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ အောင်သာကျေးရွာအတွင်းသို့ လက်နက်ကြီးလက်နက်ငယ်များ၊ Drop Bomb များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် မူလတန်းကျောင်းအုပ်ဆရာမကြီးအပါအဝင် အပြစ်မဲ့ပြည်သူ သုံးဦး သေဆုံးပြီး ဆရာမ တစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။

PDF အမည်ခံအကြမ်းဖက်သမားများက ပခုက္ကူမြို့၊ အောင်သာကျေးရွာအတွင်းသို့ လက်နက်ကြီး၊ လက်နက်ငယ်များ၊ DropBomb များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည့် ဖြစ်စဉ်ပြပုံ




ဖြစ်စဉ်မှာ PDF အမည်ခံအကြမ်းဖက်သမားများက ယနေ့နံနက် ၅ နာရီ မိနစ် ၂၀ မှ ၆ နာရီ မိနစ် ၂၀ ထိ ပခုက္ကူမြို့ အနောက်တောင်ဘက် မီတာ ၁၇၀၀၀ခန့် အကွာတွင်ရှိသော အောင်သာကျေးရွာ အတွင်းသို့ လက်နက်ကြီး၊ လက်နက်ငယ်များ၊ Drop Bomb များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် မူလတန်းကျောင်းအုပ်ဆရာမကြီး တစ်ဦးအပါအဝင် အပြစ်မဲ့ပြည်သူ အမျိုးသား တစ်ဦး၊ အမျိုးသမီး တစ်ဦး စုစုပေါင်း သုံးဦး သေဆုံးခဲ့ပြီး ဆရာမ တစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ထို့ပြင် PDF အမည်ခံအကြမ်းဖက်သမားများက ကျေးရွာအတွင်းရှိနေအိမ်များကို မီးရှို့ဖျက်ဆီးခဲ့မှုကြောင့် နေအိမ် ၃၆ လုံး မီးလောင်ပျက်စီးခဲ့ရကြောင်း သိရှိရပြီး ဖြစ်စဉ်တွင် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် ဆရာမ တစ်ဦးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ပခုက္ကူမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူစေလျက်ရှိကြောင်း သိရှိရသည်။

ထိုသို့ ဒေသခံပြည်သူများ အေးချမ်းစွာ နေထိုင်လျက်ရှိသော မြို့ရွာများအတွင်းသို့ လက်နက်ကြီး၊ လက်နက်ငယ်များ၊ Drop Bomb များ ကြဲချတိုက်ခိုက်ခြင်းကြောင့် ပြည်သူလူထု၏ အသက်အိုးအိမ်၊ စည်းစိမ်များ ပျက်စီးဆုံးရှုံးခဲ့ရပြီး ထိုသို့ အကြမ်းဖက်သမားများ၏လုပ်ရပ်များကို ဒေသခံပြည်သူလူထုက လုံးဝလက်ခံနိုင်ခြင်းမရှိဘဲ ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။(၅၀၁)



PDF အမည်ခံအကြမ်းဖက်သမားများက မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ အောင်သာကျေးရွာအတွင်းရှိ နေအိမ်များအား မီးရှို့ဖျက်ဆီးခဲ့မှုကြောင့် မီးလောင်ပျက်စီးခဲ့မှုကို တွေ့ရစဉ်။

**"နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။"**

# လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ပုစွန်အစုံပိသာချိန် ၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**လပွတ္တာ ဇူလိုင် ၁၇**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ပုစွန်အစုံပိသာချိန် ၈၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သိန်းမြင့်က ပြောပြ၍ သိရသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်းက ပုစွန်အစုံပိသာချိန် ၇၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန် ၁ ရက်မှ ၃၀ ရက်ထိ ပုစွန်အစုံပိသာချိန် ၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသမှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ဒေသမှထွက်ရှိသည့် ပုစွန်များဝယ်ယူကာ စနစ်တကျသန့်စင်ပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။



"လပွတ္တာမြို့နယ်ကနေ ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့ ဇွန်လအတွင်း ပုစွန်အစုံပိသာချိန် ၈၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ပုစွန်အပါအဝင် ရေထွက်ကုန်တွေ တင်ပို့ရောင်းချနေရတာကြောင့် ရေထွက်ပစ္စည်းတွေ တင်ပို့ရောင်းချတဲ့လုပ်ငန်းလုပ်ကိုင်သူတွေလဲ အလုပ်အကိုင်အခွင့်အလမ်း ကောင်းလာပါတယ်။ ဒေသကနေ ရေထွက်ကုန်တွေကို ကုန်တင်ကားတွေနဲ့အများဆုံးတင်ပို့ရောင်းချခဲ့ရပါတယ်။ တင်ပို့ရောင်းချရတာလဲ အခက်အခဲမရှိပါဘူး"ဟု လပွတ္တာမြို့နယ်ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပိုင်ရှင်ဒေါ်သိန်းမြင့်က ပြောပြသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့်ပုစွန်များ၏ တစ်ပိသာဈေးနှုန်းသည် ပုစွန်ဘော့ချိတ်ငွေကျပ် ၁၇၅၀၀ မှ ၁၉၅၀၀၊ ပုစွန်ဆိတ်သေး ငွေကျပ် ၁၆၅၀၀ မှ ၁၈၅၀၀၊ ပုစွန်ဆိတ်ကြီး ငွေကျပ် ၁၆၅၀၀ မှ ၁၇၅၀၀၊ ပုစွန်တုပ် ငွေကျပ် ၃၀၅၀၀မှ ၃၂၀၀၀ စသည်ဖြင့် လတ်ဆတ်မှုအပေါ်မူတည်ပြီး ဈေးအနိမ့်အမြင့်လည်း ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ဥတ္တရသီရိမြို့နယ် ပိုးစာတောကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**နေပြည်တော် ဇူလိုင် ၁၇**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဥတ္တရခရိုင် ဥတ္တရသီရိမြို့နယ် ပိုးစာတောကျေးရွာ၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှု အခြေအနေများကို ဇူလိုင် ၁၆ ရက် နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး(နည်းပညာ) ဦးကျော်မင်းထွန်း၊ ဥတ္တရခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြင့်မြင့်အေးနှင့် မြို့နယ်တာဝန်ရှိသူများက ကျေးရွာရပ်မိရပ်ဖများနှင့်အတူ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ပိုးစာတောကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ)က လိုအပ်သည်များဆွေးနွေးမှာကြားသည်။

အဆိုပါ ပိုးစာတောကျေးရွာ ကျေးလက်ကုန်ထုတ်လမ်း အရှည် တစ်မိုင် ၄ ဒသမ ၄၂ ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ကျောက်ရောမြေနှစ်ပေ၊ မြေနီကျောက်စရစ်ကိုးလက်မခင်းခြင်းနှင့် **Box Culvert** ခုနစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းတို့ကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၆၂ ဒသမ ၂၆၅ သန်းဖြင့် ဌာနမှ အင်ဂျင်နီယာများစုဖွဲ့ကာ ဇွန်လ ဒုတိယပတ်မှစ၍ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၅၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီးဖြစ်ကြောင်း၊ အဆိုပါလမ်းဖောက်လုပ်ပြီးစီးပါက ကျေးရွာရှိ အိမ်ခြေ၇၃၀၊ လူဦးရေ ၂၉၈၃ ဦးတို့၏ စိုက်ပျိုးမြေဧက ၇၀၀ ကို အကျိုးပြုပေးနိုင်မည်ဖြစ်ကြောင်း ဥတ္တရခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြင့်မြင့်အေးထံမှ သိရသည်။

**သူသူ**



# ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံ ၁၆၇၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ကန့်ဘလူ ဇူလိုင် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံ ၁၆၇၈ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံ ၁၉၆၃ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစ၍ စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၆၇၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။



"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကန့်ဘလူမြို့နယ်မှာ ဟင်းသီးဟင်းရွက်သီးနှံ ၁၉၆၃ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ လက်ရှိအချိန်ထိ ၁၆၇၈ ဧက စိုက်ပျိုးပြီးပါပြီ။ မုန်ညင်း၊ ငရုတ်၊ ခရမ်းချဥ်၊ ခရမ်းသီး၊ ဂေါ်ဖီထုပ်၊ ပန်းမုံလာ၊ ရုံးပတီသီး စတာတွေစိုက်ပျိုးကြပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP စနစ်နဲ့စိုက်ပျိုးနိုင်ဖို့၊ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်ဖို့၊ ကျန်းမာရေးနဲ့ကိုက်ညီအောင်စိုက်ပျိုးဖို့ တောင်သူတွေကို နည်းပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးပါတယ်"ဟု ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြသည်။

ယခုနှစ် ကန့်ဘလူမြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက်ပျိုးတောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးရေး၊ GAPနည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ စိုက်နည်းစနစ်များ မှန်ကန်စေရေး၊ ကျန်းမာရေးနှင့်ညီညွတ်သော ဟင်းသီးဟင်းရွက်ရရှိရေးတို့ကို အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကန့်ဘလူမြို့နယ်တွင် နှစ်စဉ်ရာသီအလိုက် ဟင်းသီးဟင်းရွက်မျိုးစုံ စိုက်ပျိုးလျက်ရှိရာ စိုက်ပျိုးကြသော ဟင်းသီးဟင်းရွက်သီးနှံများ အောင်မြင်ဖြစ်ထွန်းပြီး မိသားစုဝင်ငွေရရှိကြောင်း၊ ဟင်းသီးဟင်းရွက်စိုက်ပျိုးမည့်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ပိုးမွှားကျရောက်မှုကင်းစင်ရေး၊ သဘာဝဓာတ်မြေဩဇာ၊ သဘာဝပိုးသတ်ဆေးနှင့် ပိုးနှင်ဆေးပြုလုပ်သုံးစွဲရေး စသည်တို့ကို အသိပညာပေးလျက်ရှိကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

# အောင်လံမြို့နယ် ရွာသာကုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး

**အောင်လံ ဇူလိုင် ၁၇**

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွှေပန်းတောကြီးကျေးရွာအုပ်စု ရွာသာကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဇူလိုင် ၁၆ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထို့သို့ ကွင်းဆင်းစစ်ဆေးရာတွင် အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ထားထားရီနှင့် ဝန်ထမ်းများက ရွာသာကုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက မိမိတို့ နေ့စဉ်အသုံးပြုသွားလာရမည့်လမ်းဖြစ်ပြီး လမ်းရေရှည်တည်တံ့စေရန်၊ ပျက်စီးမှုမရှိစေရန် အားလုံး ဝိုင်းဝန်းထိန်းသိမ်းသွားကြရမည်ဖြစ်ကြောင်း ဆွေးနွေးမှာကြားသည်။

ရွာသာကုန်းကျေးရွာတွင် လမ်းအရှည်ပေ ၆၃၀၊ အကျယ်၁၂ပေ အမြင့်ခြောက်လက်မ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ်သိန်း ၁၇၀၊ ကျေးရွာနေပြည်သူမှ ထည့်ဝင်ငွေ ၆၅ သိန်း စုစုပေါင်း ၂၃၅ သိန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နည်းပညာပံ့ပိုးကာ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဇွန်လပထမပတ်မှစ၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ကိုလှိုင်**

# စဉ့်ကိုင်မြို့နယ် အိုးထိန်းတောင်ကျေးရွာ၌ VDP စီမံကိန်းမိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်း

**စဉ့်ကိုင် ဇူလိုင် ၁၇**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ဘဏ္ဍာနှစ်တွင် အိုးထိန်းတောင်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် စီမံကိန်းမိတ်ဆက်ခြင်းနှင့်ကော်မတီဖွဲ့စည်းခြင်းကို ဇူလိုင် ၁၆ ရက်က အဆိုပါကျေးရွာဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။


ရှေးဦးစွာ စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဒေါ်ခင်မိမိအောင်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ပေးရခြင်း၏ရည်ရွယ်ချက်နှင့် စီမံကိန်းအကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ (VDP)စီမံကိန်း တာဝန်ခံဝန်ထမ်းများက ကျေးရွာကော်မတီဝင် ရွေးချယ်မှုသတ်မှတ်ချက်များ၊ စီမံကိန်းကော်မတီဝင်များ တာဝန်ယူဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ဒေသဖွံ့ဖြိုးရေးအတွက် စီမံကိန်းလုပ်ငန်းဖော်ဆောင်ရန် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

အိုးထိန်းတောင်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေကျပ်သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေတို့ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ ပံ့ပိုးမှုဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

# ကြမ္မာဝဋ်ကြွေးတုံ့မနေး

ဇော်မင်းစိုး(ဗိုလ်ကလေး)



(၁)

ချောင်းဝဆိုသော ရွာကလေးသည် ဧရာဝတီတိုင်းဒေသကြီးအတွင်းက ရွာလေးတစ်ရွာဖြစ်ပြီး ရေလုပ်ငန်းဖြင့် အဓိက အသက်မွေးဝမ်းကျောင်းပြုကြသည်။ ဘိုးစဉ်ဘောင်ဆက် လယ်ယာလုပ်ငန်းကို လုပ်ကိုင်သူများရှိသကဲ့သို့ ကြက်၊ ဝက်၊ ဘဲ၊ ဆိတ်၊ နွား မွေးမြူသော မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများလည်း ရှိကြ၏။

အချို့က နွေစပါး၊ မိုးစပါးများ စိုက်ပျိုးထွန်ယက်ပြီးချိန်၌ ချောင်းစပ်၊ မြောင်းစပ်တို့တွင် ပုစွန်စမ်းခြင်း၊ မြှုံးထောင်ခြင်း စသည့်လုပ်ငန်းများလုပ်ကိုင်ကြသည်။

အမျိုးသမီးများက ကောက်စိုက်ခြင်း၊ စပါးရိတ်သိမ်းပြီးချိန်များတွင် ခနိုထိုးခြင်း၊ ကဏန်းကျချိန်တွင် ဖောင်စီးကဏန်းဆယ်ယူကာ ကဏန်းဆီထုတ်ယူရောင်းချခြင်းဖြင့် နွေ၊ မိုး၊ ဆောင်း ရာသီမလပ်အလုပ်လုပ်ကိုင်ကြသည်။

အချို့ကလည်း သစ်ခုတ်ဝါးခုတ်ထွက်သူများ၊ မီးသွေးဖုတ်သူများရှိသကဲ့သို့ ကုန်ရောင်းကုန်ဝယ်လုပ်ငန်းများ ပြုလုပ်သူများလည်းရှိကြသည်။

ဤသို့ဖြင့် ချောင်းဝရွာကလေးသည် ရာသီပေါ်လုပ်ငန်းများလုပ်ကိုင်ကြကာ ရိုးသားဖြူစင်သော ကျေးလက်တောခလေ့၊ တောသဘာဝကို ဖော်ကျူးနေသော ရွာကလေးတစ်ရွာဟုဆိုလျှင်လည်း မမှားချေ။

(၂)

လှကြိုင်တို့မိသားစုသည် ချောင်းဝရွာ ဇာတိဖြစ်ပြီး မိဘညီအစ်ကိုမောင်နှမများက မိရိုးဖလာ လယ်ယာလုပ်ငန်းလုပ်ကိုင်ကြသော်လည်း လှကြိုင်ကတော့ တံငါလုပ်ငန်းတစ်ခုတည်းကိုသာ ဇောက်ချလုပ်ကိုင်လေသည်။

လှကြိုင်၏ ဇနီးဖြစ်သူ မသန်းခင်ကလည်း အစက လယ်ယာလုပ်ငန်းလုပ်ကိုင်ဖို့နားချပေမဲ့ မရသည့်အဆုံး မောင်တစ်ထမ်းမယ်တစ်ရွက်ပမာ ခင်ပွန်းဖြစ်သူက ပိုက်ဆွဲ၊ ဇနီးဖြစ်သူက ငါးဖြုတ်၊ ငါးရွေးအလုပ်ဖြင့် နေသားကျလာပြီး ငွေဝင်လွယ်သဖြင့် ကြာတော့ လယ်ယာလုပ်ဖို့ လှကြိုင်ကို မတိုက်တွန်းတော့ချေ။

လှကြိုင်ကလည်း အကုသိုလ်အလုပ်နှင့် အကျိုးပေးသည်ဟု ဆိုရမည်။ တံငါလုပ်ငန်း လုပ်ကိုင်ကြခြင်း အတူတူ လှကြိုင်က သူများထက်ငါးအရများလေသည်။

သားသမီးတွေရလာတော့ လှကြိုင်တို့ အလုပ်ပိုကြိုးစားရသည်။ လင်မယားနှစ်ယောက် တက်ညီလက်ညီလုပ်ကိုင်ကြတော့ စီးပွားရေးချောင်လည်လာသည်။

စီးပွားရေးအဆင်ပြေလာတော့ လှကြိုင်တို့မှာ စွန့်ဦးလုပ်ငန်း လုပ်ကိုင်ချင်ကြသည်။ ထိုအရာကား အခြားမဟုတ် ချောင်းလေလံဆွဲခြင်းဖြစ်လေသည်။ အကျိုးပေးလို့အကြောင်းထင်သည်ဟု ဆိုရမည်ဖြစ်သည်။ လှကြိုင်တို့ဆွဲသော ချောင်းလေလံသည် အောင်မြင်လေ၏။

တစ်နိုင်တစ်ပိုင်လုပ်ကိုင်လိုသော ရေလုပ်သားတို့သည် လှကြိုင်တို့ထံတွင် တန်ဖိုးအခကြေးငွေပေး၍ ပိုက်ထောင်၊ ငါးဖမ်းခြင်းလုပ်ငန်းလုပ်ကိုင်ကြရသည်။ ရရှိသည့် ငါးပုစွန်များကို လှကြိုင်၏ဇနီး မသန်းခင်က အဝယ်ဒိုင်ဖွင့်၍ဝယ်ယူကာ ရောင်းချလေသည်။

လှကြိုင်သည် အခကြေးငွေမပေးဘဲ ငါးခိုးဖမ်းခြင်းများတွေ့ရှိပါက အစက ပိုက်သိမ်းခြင်း၊ ဖမ်းဆီးရမိသော ငါး၊ ပုစွန်များကို သိမ်းဆည်းခြင်းပြုခဲ့သော်လည်း နောက်ပိုင်းတွင် ဥပဒေအရ ဖမ်းဆီးထောင်ချခြင်းပင် ပြုလုပ်လေသည်။

"ကိုကြီးလှကြိုင်ရယ် ကျွန်တော့်မှာငွေပေးပြီးမလုပ်နိုင်လို့ ဒီတစ်ခါထဲ ခိုးဖမ်းမိတာပါဗျာ။ ကျွန်တော့်မိန်းမမှာလဲ ကိုယ်ဝန်ကြီးနဲ့မို့ ငွေလိုတာကြောင့် ကြံမိကြံရာကြံလိုက်တာပါ။ ရလာတဲ့ ငါးပုစွန်တွေကိုလဲ အစ်မကြီးသန်းခင်ဆီမှာပဲ ပုံမှန်ရောင်းပါ့မယ်။ ငါးဖမ်းခွင့်လိုင်းကြေးကိုလဲ နည်းနည်းချင်းသွင်းပါ့မယ်။ ကျွန်တော့်ပိုက်ကလေး ပြန်ပေးပါဗျာ"

"ဟ မင်းကို ခွင့်လွှတ်လိုက်ရင် နောက်ပိုင်း တစ်ယောက်ပြီးတစ်ယောက် ခိုးဖမ်းကြမှာပေါ့ကွ။ ငါလဲ အလကားရထားတဲ့ လေလံမဟုတ်ဘူးကွ။ မရဘူးကွာ ပြန်မပေးဘူး"

လှကြိုင်က ပြတ်ပြတ်သားသားဆိုလေသည်။ စီးပွားရေးပြေလည်သူမို့ ကိုယ်ချင်းစာတရားမထားနိုင်သောလှကြိုင်တို့မိသားစုကတော့ တစ်နေ့တခြား ရွာ၏ကြေးရတက်စာရင်းဝင်များဖြစ်လာခဲ့သည်။

စီးပွားရေးလုပ်လျှင် မည်သည့်မျက်နှာမှမကြည့်ရဟူသော သူ့မူအရ မိသားစုတွေ၊ ဘဝတွေများစွာ သူခြယ်လှယ်သလို ခြယ်လှယ်ခွင့်ရရှိခဲ့သည်။ လူငယ်တချို့ကို လက်သပ်မွေးထားပြီး ညအချိန်တွင် ဓာတ်မီးတဝင်းဝင်းဖြင့် ချောင်းလိုက်စစ်ကြသည်။

စီးပွားရေးအဆင်ပြေတော့ သားသမီးတွေကိုလဲ လူတန်းစေ့အောင် ကြော့မော့စွာထားနိုင်၏။ မြို့တက်ကျောင်းထားပြီး ဘော်ဒါဆောင်မှာ လိုလေသေးမရှိ ဖြည့်ဆည်းပေးနိုင်သည်။

သူကိုယ်တိုင်ကလည်း အရက်ကလေးတထွေထွေနှင့် တပည့်တပန်းစုံလင်စွာ လောကစည်းစိမ်ကို ဘဝတွေချနင်းပြီး အမြည်းအဖြစ် စားသောက်ပျော်ရွှင်နေခဲ့သည်။

ငွေရှိလျှင် အရာရာပြည့်စုံနေပြီထင်သော လှကြိုင်တို့မိသားစုအဖို့ သံသရာစက်ဝန်းကြီးက အစဉ်အမြဲလည်ပတ်နေသည်ကိုတော့ ဘဝမေ့တဲ့ လှကြိုင်တစ်ယောက် နားလည်နိုင်မည်မထင်ချေ။

(၃)

"ကိုလှကြိုင် ရှင်လဲ သောက်တာစားတာလျှော့အုံး"

"အေးပါဟာ ငါ့ကို အမြည်းလုပ်ပေးပါအုံး"

အရက်ပုလင်းကိုင်ကာထွက်လာလို့ ဇနီးမသန်းခင်က ပြောလိုက်ခြင်းဖြစ်သည်။ လှကြိုင်က အမြည်းလုပ်ခိုင်းသဖြင့် ပုံးထဲက ပုစွန်ကြီးကြီးသုံးကောင်ကို အခွံသင်ပြီး ကြော်နေလေသည်။

"တော့်သားသမီးတွေက ပိုက်ဆံလိုတယ်ပြောလို့ ကျုပ် မြို့တက်သွားပို့လိုက်အုံးမယ်။ အဝယ်ဒိုင်ကို တော့်ညီမ မြအေးကို ခဏထားခဲ့မယ်။ တော်လဲ သောက်တာစားတာလျှော့"

မသန်းခင်က ပွစိပွစိပြောရင်း အဝတ်အစားလဲကာ ထွက်သွားလေသည်။ သားသမီးတွေက မလိမ္မာ၊ ငွေသာ ခဏခဏတောင်းနေသည်ဟု မသန်းခင်ပြောတာကြားနေရသည်။ ဟိုတစ်လောကလဲ အကြီးကောင်တစ်ယောက်ရန်ဖြစ်လို့ အမှုမဖြစ်ရန် ငွေပေးကျေအေးရသေးသည်ဟု သိရသည်။

စီးပွားရေးဘက်လုံးပန်းနေရသည်မို့ သားသမီးတွေဘက် မလှည့်နိုင်။ မိဘအရှိန်အဝါဖြင့် ဆိုးမိုက်နေခြင်းဖြစ်သည်။ ဘော်ဒါကလက်မခံတော့ အပြင်မှာ အိမ်ငှားနေကြရသည်။ ဒီတစ်ခေါက် ပြန်လာလျှင် ဆူပူကြိမ်းမောင်းလိုက်ဦးမည်ဟု စိတ်ထဲမှတ်ထားလိုက်၏။

အရက်သောက်မည်ဟု အရက်ဝိုင်းထိုင်ကာမှ ခုနက သန်းခင်ကြော်ထားခဲ့တဲ့ ပုစွန်ကြော်က ပန်းကန်ထဲ မရှိတော့။ မျက်စိလှည့်ပတ် ကစားကြည့်လိုက်တော့မှ အိမ်ဘေးက ကြောင်ဝါကြီးတစ်ကောင် ကြောင်ပုစွန်စား ကြွပ်ကြွပ်ဝါးဆိုသလို အားရပါးရ စားနေသည်ကို တွေ့ရလေသည်။

ညကအရှိန်မပျယ်သေးသည့်အပြင် စိတ်ညစ်စရာတွေ၊ ပူပန်မှုတွေရောပြီး ဒေါသပြင်းစွာဖြင့်-

"ကဲကွာ ဘုန်း"

"ညောင် ညောင် ညောင်"

ကြောင်မမှာ ပြင်းထန်တဲ့ခြေကန်ချက်နှင့် နံရံသွားရိုက်မိပြီး သွေးစက်လက်နဲ့ ပြေးထွက်သွားလေသည်။ ဒေါသနောက်မှ အမှားပါတတ်သော လှကြိုင်အဖို့ တော်တော်နဲ့စိတ်ဖြေမရ။ ယခုတစ်လောအလုပ်အကိုင်ကလည်း မကောင်းဆိုတော့ ဘာမှမမြင်နိုင်ပေ။

နောက်မှသိရသည်မှာ ထိုကြောင်မမှာ ကိုယ်ဝန်ကြီးနဲ့ဖြစ်ပြီး လှကြိုင်ကန်ချက်ကြောင့် ကိုယ်ဝန်ပျက်ကာ မကြာခင်သေဆုံးသွားသည်ဟု သိရလေသည်။ လှကြိုင် စိတ်မကောင်းပေမဲ့ ပြုမိပြီးဖြစ်သည်မို့ ဘာမျှမတတ်နိုင်ပေ။

သတ္တဝါတစ်ခု ကံတစ်ခု ဘဝတွေမို့ ကံစီမံရာအတိုင်း ဝဋ်ကြွေးရှိသမျှ ပေးဆပ်နေကြရသည်ကို လှကြိုင်တစ်ယောက် နားလည်နိုင်ပါ့မလားဆိုတာ မည်သူမှ မသိနိုင်ပေ။

(၄)

ကံတရားဟူသည် အနိမ့်အမြင့်ရှိသလို ရေစီးတစ်ခါ ရေသာတစ်လှည့်ဟူသောစကားတို့သည်လည်း အမှန်ပင်ဖြစ်လေသည်။ စီးပွားရေးအရ အုပ်ချုပ်ခြယ်လှယ်နေသော လှကြိုင်တို့အဖို့ အကောင်းဘက်မှ အဆိုးဘက်သို့ ဦးတည်လာသည်ဟု ဆိုရမည်ဖြစ်သည်။ ပြိုင်ဆိုင်မှုများသော ယနေ့ခေတ်တွင် လှကြိုင်တို့ စီးပွားရေးလုပ်ငန်းများသည် အတိုင်အတောများ ရှိလာခဲ့သည်။ ထို့ကြောင့် ယခုနှစ် ငါးဖမ်းချောင်းလေလံကို အခြားတစ်ဦးက လေလံဆွဲအောင်မြင်သွားလေတော့သည်။

လေလံမရတော့သဖြင့် ဝင်ငွေပိတ်သွားသည့်အပြင် လှကြိုင်၏ အမြတ်ကြီးစားမှုများကြောင့် မသန်းခင်၏ ငါးပုစွန်အဝယ်ဒိုင်ကို မည်သူမှ လာမရောင်းကြတော့ပေ။

မသန်းခင်တစ်ယောက်လည်း ကိုယ်ဝန်ကြီးနဲ့မို့ ဘာမှမလုပ်နိုင်သလို ဆရာတစ်ဆူပမာ မင်းမူနေသော လှကြိုင်အနားတွင်လည်း အခြွေအရံကပ်ဖားတို့သည်လည်း ခွာကြဉ်သွားလေပြီ။

ဒီကြားထဲ လှကြိုင်အတွက် ကံဆိုးမိုးမှောင်ကျသော နေ့သို့ ရောက်လာခဲ့ချေပြီ။

မြို့မှာကျောင်းတက်နေတဲ့ လှကြိုင်၏ သားအကြီးဆုံး ဝင်းဇော်တစ်ယောက် မူးယစ်ဆေးဝါးသုံးစွဲမှု၊ ဖြန့်ဝေမှုတို့ဖြင့် ဖမ်းဆီးခံရလေသည်။

ထိုသတင်းကြားသောကြောင့် မိခင်ဖြစ်သူ ဒေါ်သန်းခင်တစ်ယောက် မြို့တက်သွားရာ လမ်းခုလတ်မှာပင် လှိုင်းထန်လှေလူးကြားမှာ လှေမှောက်၍ ကျန်သူအားလုံးဘာမှမဖြစ်ဘဲ မသန်းခင်တစ်ယောက်သာ ကိုယ်ဝန်ကြီးနဲ့ လှိုင်းအောက်လှေအောက်ရောက်၍ အသက်ဆုံးရှုံးရလေသည်။

အဖြစ်အပျက်တို့သည် မယုံနိုင်အောင်ဖြစ်ပွားခဲ့ပြီး ကြားရသူအပေါင်းက စုတ်တသတ်သတ်ဖြင့် စိတ်မကောင်းဖြစ်ကြရသည်။ ကိုယ်တိုင်ခံစားရသူ လှကြိုင်တစ်ယောက်ကတော့ အရူးမီးဝိုင်းပမာ မရှုးရုံတစ်မည်ကျန်ခဲ့လေတော့သည်။ ဇနီးဖြစ်သူ မသန်းခင်အတွက် ဝမ်းနည်းပူဆွေးရသလို သားဖြစ်သူအတွက်လည်း ရတက်မအေးရပေ။

ဒုက္ခဆင်းရဲအားလုံးတို့သည် တစ်ပြိုင်နက်တည်း ဝင်လာသည်ဟုဆိုရမည်ဖြစ်သည်။ လှကြိုင်တစ်ယောက် သားနဲ့ဇနီးအတွက် ဝမ်းနည်းပူဆွေးနေရချိန်မှာပင်

စာမျက်နှာ ၂၇ သို့ ➤

# မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၂၇၈၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မင်းကင်း ဇူလိုင် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၂၇၈၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၅၂၉ ဧက၊ ဖူးစားပြောင်း ၃၃၀၁ ဧက စုစုပေါင်း ဧက ၃၈၃၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ အစေ့ထုတ်ပြောင်း ၂၇၃ ဧက၊ ဖူးစားပြောင်း ဧက ၂၅၁၀ စုစုပေါင်း ၂၇၈၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"မင်းကင်းမြို့နယ်မှာ ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ အစေ့ထုတ်ပြောင်းနဲ့ဖူးစားပြောင်း ဧက ၃၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၂၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့အတွက် အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါကျရောက်မှုမရှိအောင် အသိပညာပေးတာတွေ ဆောင်ရွက်ပေးနေပါတယ်"ဟု မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြသည်။

မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ ဖောငမြှောင်တောင်ပိုးကြိုတင်ကာကွယ်ရေးစသည့် စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးလျက်ရှိကြောင်း သိရသည်။ (၂၀၆)

# လွမ်းဆွတ်သတိရခြင်းနှင့်အတူ

\- ဇူလိုင်ဆယ့်ကိုး
ကြမ္မာဆိုးကြောင့်ညှိုးကြွေ
အာဇာနည်တွေ၊
မမေ့နိုင်ပါပေ
ပြည်သူတွေရင်ထဲ၊
ယနေ့တိုင် လွမ်းတသသ
တမ်းတနေဆဲ။

\- သေသောသူ ကြာရင်မေ့
ပြောကြခလေ့သွေဖည်
ဆိုရပေမည်၊
အာဇာနည်တို့ဂုဏ်ရည်
ထုံသင်းကြည် မွှေးရနံ့ကား၊
ကမ္ဘာတည်သရွေ့ မပြယ်တမ်း
တင့်ဆန်းဝင့်ကြွား။

\- အာဇာနည်စိတ်ဓာတ်ဖြင့်
ကောင်းမြတ်သည့် သူရဲကောင်းတွေ
ကျေးဇူးကိုလေ၊
အမြဲမသွေ
သတိရနေရုံသာမက၊
သူတို့၏ အသက်သွေးဖြင့်
ရယူပေးသည့် လွတ်လပ်မှုကို
ထိန်းသိမ်းပြုကာ ကျေးဇူးဆပ်ခြင်း
ဆောင်ကြဉ်းရန် အသိတရားလည်း
(နိုင်ငံသူ၊ နိုင်ငံသားတိုင်းရင်ထဲမှာ. . . )
ပွားများသင့်လှ။ ။

**အညာဇင်ယော်**

# မလှိုင်မြို့နယ် ချင်းလျား(ရွာသစ်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မလှိုင် ဇူလိုင် ၁၇**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာစေရန် ရည်ရွယ်၍ ချင်းလျား(ရွာသစ်) ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစု၊ ဦးစီးအရာရှိ ဒေါ်အေးမိုးခိုင်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၄၃ သန်းဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ် လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် စာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးပြီး မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ချင်းလျား(ရွာသစ်)ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၁ ဦးကို ငွေကျပ် ၁၇ ဒသမ ၉ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၂ ဦးကို ငွေကျပ် ၁၉ ဒသမ ၈ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦးကို ငွေကျပ် ၅ ဒသမ ၃ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၇၀ ကို ငွေကျပ် ၄၃ သန်း ထုတ်ချေးပေးထားကြောင်း မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုထံမှ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**



# တိုက်ကြီးမြို့နယ် ဇလုပ်ကုန်းရွာမကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ခြင်းနှင့်ကော်မတီဖွဲ့စည်း

**တိုက်ကြီး ဇူလိုင် ၁၇**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးခရိုင် တိုက်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဇလုပ်ကုန်းရွာမကျေးရွာ၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇူလိုင် ၁၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တိုက်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဥမ္မာရွှေက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများ၊ ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ၊ စီမံကိန်းလက်စွဲစာစောင်ပါ ကော်မတီဝင်ရွေးချယ်ရာတွင် လိုက်နာရမည့်အချက်များ၊ ကော်မတီဝင်များ၏ တာဝန်များနှင့် အကျိုးဝင်သော စီမံကိန်းလုပ်ငန်းခွဲများကို ဆွေးနွေးပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများ၏ သဘောဆန္ဒဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင် ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

တိုက်ကြီးမြို့နယ် ဇလုပ်ကုန်းရွာမကျေးရွာ၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၅၀ ဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တိုက်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**ငယ်လေး**

➤ **စာမျက်နှာ ၂၆ မှအဆက်**

တစ်ပူပေါ်နှစ်ပူဆင့်သလို မြို့က သမီးငယ်ဖြစ်သူ နှင်းမှုန်တစ်ယောက် ငယ်ငယ်ရွယ်ရွယ်နှင့် လူငယ်တစ်ယောက်ဖြင့် ခိုးရာလိုက်သွားသည့် သတင်းကြားရလေသည်။

လှကြိုင်အဖြစ်က ချောင်းဝရွာတစ်ခုလုံး လှုပ်လှုပ်ခတ်ခတ်ဖြစ်သွားရုံမက ကြားရသူအပေါင်း တရားရကြလေသည်။ အကုသိုလ်အကျိုးပေးမြန်ပုံနှင့် ဝဋ်ကြွေးကြီးမားပုံကိုကြည့်ပြီး အားလုံးက "ဘုရား ဘုရား"ဟု တကြရသည်။

ပဥ္စလက်ဆန်ဆန်မျက်လှည့်ပြသွားပုံက လှကြိုင်ကို သံသရာအတွက် လှုပ်နှိုးသတိပေးလိုက်သလို ဖြစ်နေလေ၏။

(၅)

ရွာဦးကျောင်းက အုန်းမောင်းခေါက်သံနှင့် ရွာဦးစေတီမှ ဆည်းလည်းသံလေးများသည် ကြားရသူအဖို့ သာယာနာပျော်ဖွယ်ကောင်းလှသည်။ ထိုအသံများထက် တရားဓမ္မအသံများက ပို၍ပင် သာယာလှပေ၏။

လှကြိုင်တစ်ဖြစ်လဲ ဦးပဥ္စင်းဝိမလသည် သာသနာ့ဘောင်တွင် ပျော်မွေ့နေပြီဖြစ်သည်။ ဘုရားရိပ်၊ တရားရိပ်သည်သာ သူ့အတွက် အေးချမ်းနေပြီး လောဘ၊ ဒေါသ၊ မောဟတို့မရှိသည့်အတွက် စိတ်ကြည်နူးချမ်းမြေ့ရသည်။ မကောင်းမှုများရှောင်ကြဉ်ရန် အသိ၊ သတိတရားတို့လိုအပ်သည်ကိုလည်း ယခုတော့ သိမြင်လာရပြီဖြစ်သည်။

ချောင်းဝရွာကလေးသည် ယခင်လိုပင် လှုပ်ရှားသွားလာနေကြသည်။ သို့သော် တစ်ခုတော့ပြောင်းလဲသွားခဲ့ပြီဖြစ်သည်။ တစ်ချိန်က ကြေကွဲဖွယ်အဖြစ်တို့ကိုတွေ့မြင်ကြပြီး သံဝေဂရကာ ကိုယ်ချင်းစာတရားနှင့် မေတ္တာတရားတို့ လှိုင်လှိုင်ပေါ်များလာခဲ့ပြီဖြစ်သည်။

"သင်ပြုသောကံ ပဲ့တင်သံ သင့်ထံပြန်လာမည်"ဆိုသည့်စကားကို အားလုံးသိရှိသွားကြပြီဖြစ်သည်။

တူသောအကျိုးပေးခြင်းသည် ထိတ်လန့်ကြောက်ရွံ့စရာကောင်းပြီး သံသရာဝဋ်ဆင်းရဲမှလွတ်မြောက်ဖို့ရာ ယခုကတည်းက ကြိုးစားအားထုတ်မှုရမည်ဆိုသည်ကို လှကြိုင်တစ်ဖြစ်လဲ ဦးပဥ္စင်းဝိမလသည် ကောင်းစွာသဘောပေါက်နားလည်ခဲ့ပြီဖြစ်လေတော့သည်။

# ရေဘေးအန္တရာယ်ကို ကြိုတင်သတိထားစေလို

**မောင်သောင်းဝင်း(တမန်ဟောင်း)**

ဇွန်လ ၃၀ ရက်မှစ၍ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဧရာဝတီမြစ်ရေတက်လာပြီး မြစ်ကြီးနားမြို့ပေါ်ရှိ ရပ်ကွက်များတွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့သည်။ အလားတူ ချင်းတွင်းမြစ်ရေသည်လည်း မြင့်တက်လာခဲ့သဖြင့် ဇူလိုင်လဆန်းမှစ၍ ဗန်းမော်မြို့နယ်၊ ရွှေကူမြို့နယ်၊ ကသာမြို့နယ်၊ ခန္တီးမြို့နယ်၊ ဟုမ္မလင်းမြို့နယ်၊ ဖောင်းပြင်မြို့နယ် တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများကို အထူးသတိပြုနေထိုင်ကြရန် မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနက ထုတ်ပြန်ထားသည်။ လက်ရှိအချိန်တွင် မြန်မာနိုင်ငံအလယ်ပိုင်းနှင့် အောက်ပိုင်းဒေသများတွင် ဧရာဝတီမြစ်ကမ်းဘေးရှိ တချို့သောနေရာများ၌ ရေကြီးရေလျှံမှုများဖြစ်ပေါ်လျက်ရှိသည်။ နှစ်စဉ် မိုးတွင်းကာလတွင် ဧရာဝတီမြစ်ဘေးတစ်လျှောက်ရှိ ဒေသများ၌ ရေကြီးရေလျှံမှုများဖြစ်တတ်သည်။ နောက်ဆက်တွဲဆိုးကျိုးအနေဖြင့် ကောက်ပဲသီးနှံစိုက်ခင်းများရေနစ်မြုပ်ရခြင်း၊ လူနှင့် အိမ်မွေးတိရစ္ဆာန်များ သေကျေထိခိုက်ဒဏ်ရာရရှိခြင်းတို့အပြင် ဝမ်းပျက်ဝမ်းလျှောခြင်း၊ စိတ်ဒဏ်ရာရရှိခြင်းများကြုံတွေ့ခံစားရသည်။

**ကြိုတင်ပြင်ဆင်သင့်**

အမှန်တော့ နှစ်စဉ် ဇူလိုင်လနှင့် ဩဂုတ်လတွင် မြန်မာနိုင်ငံအောက်ပိုင်းဒေသများ၌ မိုးအဆက်မပြတ်ရွာသွန်းတတ်သည်။ မိုးသက်လေပြင်းများ ကျရောက်တတ်သည်။ မြေနိမ့်ပိုင်းရှိ အချို့သော ကျေးရွာများသည် ရေကြီးရေလျှံမှုဒဏ်ခံစားရလေ့ရှိသည်။ ထို့ပြင် မိုးကြီးပြီးသည့်အချိန်တွင် တောင်ပြိုမှုများ၊ ကားလမ်း၊ ရထားလမ်းပိတ်မှုများ၊ ဆည်တမံကျိုးပေါက်မှုများလည်း ဖြစ်တတ်သည်။ အချို့သော ဒေသများသည် ဆည်တမံကျိုးပေါက်မှုကြောင့် ရေနစ်မြုပ်မှုဖြစ်ပွားတတ်သည်။ ထိုအချိန်မျိုးတွင် အိမ်မွေးတိရစ္ဆာန်များအပါအဝင် ပြည်သူများအသက်ဆုံးရှုံးရလေ့ရှိသည်။ ထို့ကြောင့် ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့များအနေဖြင့် ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများကို စနစ်တကျကြိုတင်ပြင်ဆင်ထားသင့်ပေသည်။

**ရေဘေးအန္တရာယ်**

နှစ်စဉ် မိုးရာသီတွင် ပြည်သူများကြုံတွေ့ရသော ဒုက္ခသည် ရေဘေးအန္တရာယ်ပင်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ယခင်က ရေဘေးအန္တရာယ်သိပ်မကြုံခဲ့ရပေ။ ကြုံတွေ့ရသည့်တိုင်အောင် အချိန်မီကယ်တင်ပြောင်းရွှေ့နေရာချထားပြီး လိုအပ်သည်များကူညီဖြည့်ဆည်းပေးနိုင်ခဲ့သည်။ သို့သော် သစ်တောများပြုန်းတီးခြင်း၊ ရေဝေရေလဲဒေသများပျက်စီးခြင်းနှင့် မြစ်ချောင်းများတိမ်ကောခြင်းတို့ကြောင့် လွန်ခဲ့သောနှစ်အနည်းငယ်အတွင်းမှ စတင်ကာ မိုးရာသီတွင် အချို့သောဒေသများသည် ရေနစ်မြုပ်မှုများကြုံတွေ့ရလေ့ရှိသည်။ ထို့ကြောင့် နှစ်စဉ် ရေဘေးကြုံတွေ့ဖူးသည့်ဒေသများအနေဖြင့် ရေဘေးအန္တရာယ်ကာကွယ်ရေးအစီအမံများ ကြိုတင်လုပ်ဆောင်ထားမှသာလျှင် တန်ကာကျနိုင်သည်။

**လမ်းပန်းဆက်သွယ်ရေး**

မိုးသည်းထန်စွာရွာသွန်းပြီဆိုလျှင် ရာသီမရွေး သွားလာနိုင်သည့်လမ်းများသည်ပင်လျှင် သွားလာ၍မရနိုင်တော့သည့် အနေအထားသို့ ရောက်သွားတတ်သည်။ အထူးသဖြင့် လမ်းများပေါ်တွင် ရေများကျော်နေခြင်း၊ သဲချောင်းများရှိ တံတားများပေါ်သို့ ရေကျော်ခြင်း၊ တောင်ပေါ်လမ်းများတွင် သဲတောင်များ ပြိုကျခြင်း၊ လမ်းများကျွံကျခြင်း စသည့်ပျက်စီးယိုယွင်းမှုများကြောင့် တစ်နေရာမှ တစ်နေရာသို့ ကူးလူးသွားလာရန် အခက်အခဲများဖြစ်ပေါ်လေ့ရှိသည်။ ထိုအချိန်မျိုးတွင် ကုန်စည်စီးဆင်းမှု နှေးကွေးသွားလေ့ရှိသည်။ ထိုသို့သော အခြေအနေမျိုးတွင် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပရဟိတအဖွဲ့အစည်းများ၊ အလှူရှင်များ၊ ပြည်သူများနှင့် ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများ၏ပူးပေါင်းဆောင်ရွက်မှုများစွာ လိုအပ်သည်။ ရေဘေးသင့်ပြည်သူများ၏ အရေးပေါ်လိုအပ်ချက်များကိုလည်း ကူညီပံ့ပိုးဖြည့်ဆည်းဖြေရှင်းပေးသွားသင့်သည်။

**❖ ရေကြီးရေလျှံခြင်းအပါအဝင် သဘာဝဘေးအန္တရာယ်ကို မည်သူမျှတားဆီး၍ မရသည့်အတွက် ယခင်ဖြစ်ပွားခဲ့သည့်အတွေ့အကြုံများကို သင်ခန်းစာရယူပြီး ကြိုတင်ကာကွယ်ခြင်း၊ ပြင်ဆင်ခြင်း၊ ဇာတ်တိုက်လေ့ကျင့်ခြင်း၊ ဖြစ်ပွားချိန်တွင် အရေးပေါ်ကူညီကယ်ဆယ်ရေးနှင့် တုံ့ပြန်မှုဆောင်ရွက်ခြင်းနှင့် ပြန်လည်ထူထောင်ခြင်းလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ သတ်မှတ်လုပ်ငန်းစဉ်များနှင့်အညီ လျင်မြန်စွာ ဆောင်ရွက်သွားရန် လိုအပ်သည်။ ထို့ပြင် မျက်မှောက်ကာလတွင် အစွန်းရောက်ရာသီဥတုကြောင့် ကမ္ဘာ့နိုင်ငံအားလုံးသည် သဘာဝဘေးအန္တရာယ်ပေါင်းစုံကို နှစ်စဉ် ကြုံတွေ့နေကြရသည်။ ❖**

**အထူးဂရုစိုက်သင့်**

ထို့ပြင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပေါ်လာလျှင် ရေဘေးသင့်ပြည်သူများအနေဖြင့် ရေမြုပ်နေသောနေအိမ်များတွင် စင်ထိုး၍ မနေသင့်ချေ။ ထိုသို့ နေထိုင်မည်ဆိုလျှင် ညဘက်တွင် မြွေဆိုးအန္တရာယ်ကြောက်ရသည်။ ထို့ပြင် နေ့စဉ်စားဝတ်နေရေးအတွက်လည်း အဆင်ပြေမည်မဟုတ်ချေ။ အထူးသဖြင့် ရေနစ်မြုပ်နေသော ဒေသများတွင် မိလ္လာစနစ်မရှိတော့ချေ။ ထို့ကြောင့် မသန့်ရှင်းသောရေများကို သောက်သုံးလျှင် နောက်ဆက်တွဲဝမ်းပျက်ဝမ်းလျှောရောဂါနှင့် အရေပြားရောဂါများဖြစ်ပွားနိုင်ပေသည်။ ထို့ပြင် ရေမြုပ်နေသောနေရာသည် လျှပ်စစ်အန္တရာယ်ကိုလည်း စိုးရိမ်ရပေသည်။ ထို့ကြောင့် ရေဘေးသင့်ပြည်သူများသည် ရေဘေးရှောင်စခန်းများသို့ သွားရောက်ခိုလှုံသင့်ပါသည်။ ထိုနေရာများတွင် စားသောက်နေထိုင်ရေးနှင့် ကျန်းမာရေးအတွက် စိတ်ချရပေသည်။

**ပျက်စီးဆုံးရှုံးမှုဖြစ်ပွား**

မိုးရာသီတွင် ရေလွှမ်းမိုးသဖြင့် လမ်းတံတားများပျက်စီးခြင်း၊ နေအိမ်များ ပျက်စီးခြင်း၊ စာသင်ကျောင်းနှင့် ဆေးရုံများ ရေနစ်မြုပ်ခြင်း၊ အိမ်မွေးတိရစ္ဆာန်များသေကျေပျက်စီးခြင်း၊ အထူးသဖြင့် ကျေးလက်ဒေသများတွင် စပါးခင်းများ အပါအဝင် စိုက်ပျိုးထားသော ကောက်ပဲသီးနှံစိုက်ခင်းများ ရေနစ်မြုပ်ပျက်စီးသွားပြီဖြစ်သည်။ ရေလုပ်သားများအနေဖြင့်လည်း ငါးဖမ်းလှေများ၊ ပိုက်ကွန်များ ဆုံးရှုံးရလေ့ရှိသည်။ ပျက်စီးဆုံးရှုံးမှုတန်ဖိုးကြီးမားလှပေသည်။ ရေကျသွားချိန်တွင် ကျေးလက်နေတောင်သူများကို မျိုးစေ့နှင့် ပျိုးပင်ပေါက်များပံ့ပိုးခြင်းအပါအဝင်စိုက်ပျိုးစရိတ်များ ထုတ်ပေးသင့်ပေသည်။ ထို့ပြင် ရေလုပ်သားများကိုလည်း လှေနှင့် ပိုက်ကွန်များအပါအဝင်လုပ်ငန်းအထောက်အကူပြုပစ္စည်းများ ပံ့ပိုးပေးသင့်ပေသည်။ သို့မှသာလျှင် လက်လုပ်လက်စားပြည်သူများ စားဝတ်နေရေးအတွက် အခက်အခဲမရှိ ပြန်လည်ရပ်တည်နိုင်မည်ဖြစ်သည်။

**ရေဘေးအန္တရာယ်ကို ကြိုတင်သတိထားပါ**

ဆိုရလျှင် မျက်မှောက်ကမ္ဘာကြီးတွင် ဂေဟစနစ်ယိုယွင်းပျက်စီးလာမှုကြောင့် သဘာဝဘေးအန္တရာယ်များ ခပ်စိပ်စိပ်ဖြစ်ပေါ်လာသည်ကို တွေ့ရှိရသည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင် တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပရဟိတအဖွဲ့အစည်းများသည် သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ နိုင်ငံတကာတွင်လည်း ထိုသို့ဘေးအန္တရာယ်ဖြစ်ပေါ်လာလျှင် တပ်မတော်သားများသည် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရလေ့ရှိသည်။

ရေကြီးရေလျှံခြင်းအပါအဝင် သဘာဝဘေးအန္တရာယ်ကို မည်သူမျှတားဆီး၍ မရသည့်အတွက် ယခင်ဖြစ်ပွားခဲ့သည့် အတွေ့အကြုံများကို သင်ခန်းစာရယူပြီး ကြိုတင်ကာကွယ်ခြင်း၊ ပြင်ဆင်ခြင်း၊ ဇာတ်တိုက်လေ့ကျင့်ခြင်း၊ ဖြစ်ပွားချိန်တွင် အရေးပေါ်ကူညီကယ်ဆယ်ရေးနှင့် တုံ့ပြန်မှုဆောင်ရွက်ခြင်းနှင့် ပြန်လည်ထူထောင်ခြင်းလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီသတ်မှတ်လုပ်ငန်းစဉ်များနှင့်အညီ လျင်မြန်စွာဆောင်ရွက်သွားရန် လိုအပ်သည်။ ထို့ပြင် မျက်မှောက်ကာလတွင် အစွန်းရောက်ရာသီဥတုကြောင့် ကမ္ဘာ့နိုင်ငံအားလုံးသည် သဘာဝဘေးအန္တရာယ်ပေါင်းစုံကို နှစ်စဉ် ကြုံတွေ့နေကြရသည်။ ထို့ကြောင့် ရေကြီးရေလျှံမှုအပါအဝင် သဘာဝဘေးအန္တရာယ်ပေါင်းစုံကို ကိုင်တွယ်ဖြေရှင်းနိုင်ရန်အတွက် မဟာဗျူဟာတစ်ရပ် ချမှတ်ထားသင့်ပေသည်။

သဘာဝဘေးအန္တရာယ်များကျရောက်ပါက ရှာဖွေရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် အရေးပေါ်စီမံချက်များရေးဆွဲထားရန် လိုအပ်သည်။ ထို့ပြင် အရေးပေါ်စီမံချက်တွင်ပါဝင်သည့် ပြင်ဆင်ခြင်း၊ တုံ့ပြန်ခြင်း၊ ပြန်လည်ထူထောင်ခြင်းနှင့် လျော့နည်းသက်သာစေခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်နိုင်ရန် ပြင်ဆင်ထားသင့်ပေသည်။

ပြည်သူများအနေဖြင့်လည်း မိမိတို့နေအိမ်များကို သဘာဝဘေးအန္တရာယ်ကြုံကြုံခံနိုင်စွမ်း ရှိ၊ မရှိ စစ်ဆေးခြင်း၊ ရေကြီးရေလျှံမှုအခြေအနေကို စောင့်ကြည့်ခြင်း၊ စားနပ်ရိက္ခာ၊ သောက်သုံးရေနှင့် အရေးပေါ်အသုံးအဆောင်များ စုဆောင်းထားခြင်း၊ အရေးကြီးစာရွက်စာတမ်းများကို လုံခြုံအောင် သိမ်းဆည်းထားခြင်း၊ မိုးလေဝသအခြေအနေခန့်မှန်းချက်သတင်းများကို စောင့်ကြည့်နားထောင်ခြင်း၊ ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများ၏ ဖုန်းနံပါတ်နှင့် လိပ်စာများ မှတ်သားထားခြင်း စသည့် ကြိုတင်ပြင်ဆင်မှုများ လုပ်ဆောင်ထားသင့်သည်။ ထို့ပြင် ရေဘေးသင့်ပြည်သူများသည် တာဝန်ရှိသူများက စီစဉ်ပေးထားသော ရေဘေးခိုလှုံရေးစခန်းများတွင် ပြောင်းရွှေ့နေထိုင်ခြင်းနှင့် မိသားစုများကွဲသွားလျှင် အချိန်မီသတင်းပို့ခြင်းတို့ကို လုပ်ဆောင်သွားရန် လိုအပ်သည်။

ထို့ပြင် ငွေကြေးတတ်နိုင်သည့် ပြည်သူများအနေဖြင့် လုပ်အားဖြင့် ကူညီနိုင်ခြင်းမရှိသည့်တိုင်အောင် လိုအပ်သည့်အခြေခံစားသောက်ကုန်နှင့် အသုံးအဆောင်ပစ္စည်းများလှူဒါန်းခြင်းဖြင့် အကူအညီများပေးနိုင်သည်။ အရေးပေါ်အကူအညီလိုအပ်နေသူများကို လိုအပ်သည့်ငွေကြေးနှင့် အသုံးအဆောင်ပစ္စည်းများပံ့ပိုးကူညီပေးခြင်းသည် မင်္ဂလာတစ်ပါးပင် မဟုတ်ပါလား။ အချို့သော ပြည်သူများသည် ပိုင်ဆိုင်မှုအားလုံး ရေနှင့်အတူပါသွားကြပြီဖြစ်သည်။ ရေပြန်လည်ကျသွားချိန်တွင် ရေဘေးသင့်ပြည်သူများသည် ဘဝကို အသစ်မှ ပြန်စကြရဦးမည်ဖြစ်သည်။ ထို့ပြင် မိုးတွင်းကာလ၌ ရေဘေးအန္တရာယ်များ ကြုံတွေ့ရနိုင်သည့်အချိန်မျိုးတွင် ဘေးအန္တရာယ်သင့်ပြည်သူများကို အားပေးနှစ်သိမ့်ခြင်း၊ ပံ့ပိုးကူညီဖြည့်ဆည်းပေးခြင်းများ ဆောင်ရွက်သွားရန် လိုအပ်သည်။ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့်လည်း အလှူငွေများ၊ ပံ့ပိုးရေးပစ္စည်းများ လှူဒါန်းပံ့ပိုးပေးနိုင်ပေသည်။

မြန်မာနိုင်ငံတွင် နှစ်စဉ် မိုးရာသီရောက်ရှိလျှင် ရေကြီးရေလျှံမှုအပါအဝင် သဘာဝဘေးအန္တရာယ်ကို ကြုံတွေ့ခံစားရလျက်ရှိသည်။ အထူးသဖြင့် မြန်မာနိုင်ငံအောက်ပိုင်းဒေသရှိ ပြည်သူများသည် မိုးတွင်းကာလတွင် ရေဘေးအန္တရာယ်ကို ခါးစည်းခံနေကြရသည်။ ထိုသို့ ရေဘေးအန္တရာယ်ကို ကာလရှည်ကြာကြုံတွေ့ရသဖြင့် လူနှင့် တိရစ္ဆာန်များ အသက်ဆုံးရှုံးရလေ့ရှိသည်။ လုပ်ငန်းဆောင်တာများလုပ်ကိုင်နိုင်ခြင်းမရှိသဖြင့် စီးပွားရေးလည်း ထိခိုက်လျက်ရှိသည်။ ထိုသို့ ရေဘေးအန္တရာယ်ကြောင့် စိတ်အားငယ်ထိခိုက်နေသည့် ပြည်သူများကို တိုင်းရင်းသားပြည်သူများက ဖေးမကူညီပေးသွားရန် တာဝန်ရှိပေသည်။

ထို့ကြောင့် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို တစ်ဦးတစ်ယောက်တည်းဖြင့် စွမ်းဆောင်နိုင်စွမ်းမရှိသဖြင့် ပြည်သူအားလုံးပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်သည်။ စင်စစ်အားဖြင့် တိုင်းပြည်အတွင်း မည်သည့်ဘေးအန္တရာယ် ကျရောက်လာသည်ဖြစ်စေ နိုင်ငံသူ၊ နိုင်ငံသားအားလုံး၏ စည်းလုံးညီညွတ်မှုစွမ်းပကားဖြင့်သာ ကျော်ဖြတ်သွားမည်ဆိုလျှင် ဧကန်မုချအောင်မြင်မှုရရှိနိုင်မည်ဖြစ်သကဲ့သို့ ရေဘေးအန္တရာယ်ကိုလည်း တိုင်းရင်းသားညီအစ်ကိုပြည်သူများအနေဖြင့် ကြိုတင်ပြင်ဆင်မှုများဖြင့် သတိပြုကျော်လွှားသွားနိုင်ပါစေကြောင်း ရေးသားလိုက်ရပါသည်။

**ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

# ပျင်းရိခြင်း

## မြင်းခြံကျော်အောင်

ပျင်းရိကို မြန်မာအဘိဓာန်တွင် ထက်သန်တက်ကြွမှုမရှိဟု ဖွင့်ဆိုထားသည်။ ပျင်းတိပျင်းတွဲကို ပျင်းရိလေးကန်စွာဟုဆိုထားသည်။ ပျင်းရိခြင်းသည် အလုပ်မလုပ်ချင်ဟူသော အဓိပ္ပာယ်တစ်ခုသာမက အခြားအဓိပ္ပာယ်များလည်းရှိကြောင်း သိရသည်။

မြတ်ဗုဒ္ဓ၏ပိဋကတ်တော်လာ ကြီးပွားရေးလမ်းညွှန်ချက်များစာအုပ်တွင် ပျင်းရိခြင်းကို စိတ်၏ပျင်းရိခြင်း၊ တွန့်တိုခြင်းဆုတ်နစ်ခြင်းနှင့် မွန်မြတ်ထက်သန်မှုမရှိခြင်းဟုလေ့လာရသည်။ တွန့်တိုခြင်းမှာ နှမြောခြင်းဖြစ်ပြီး ဆုတ်နစ်ခြင်းမှာ (စိတ်ဓာတ်)ကျဆင်းလျော့ပါးခြင်းပင်ဖြစ်ပေသည်။ နှမြောသဖြင့် မပေးကမ်း၊ မလှူဒါန်းနေမိသည်။ ဆုတ်နစ်သဖြင့် မလုပ်ချင်၊ မကိုင်ချင်ဖြစ်ကာ ပညာ၊ ဥစ္စာကုသိုလ်ရရှိရေးကို မလုပ်ကိုင်ခြင်းဖြစ်တော့သည်။ ပင်ကိုစိတ်ကပင်ပျင်းသဖြင့် ကြိုးကြိုးစားစား စွန့်စွန့်စားစား ပင်ပင်ပန်းပန်းလုပ်ရမည့်အလုပ်ကို ရှောင်လွှဲကာ မလုပ်ဘဲနေသည်။ သို့ဖြင့် ကြီးမားသောအကျိုးရလဒ်မရှိတော့ပေ။

ပျင်းရိခြင်း၏အကျိုးဆက်ကား လောကီရေးတွင် ပညာပြည့်စုံစွာမရရှိတတ်ပေ။ ပညာမပြည့်စုံသဖြင့် စီးပွားဥစ္စာများမဖြစ်ထွန်းခြင်း၊ ယိုထွက်ကုန်ခြင်းနှင့် ပျက်စီးခြင်းတို့ဖြစ်ရပေတော့သည်။ လောကုတ္တရာရေးတွင် ကောင်းမြတ်သောဘုံဘဝ၌ မခံစားရဖြစ်တော့သည်။

**ရှေးမြန်မာဆိုရိုးစကားများ**

ရှေးမြန်မာလူကြီးသူမများသည် မိမိတို့၏ပညာရေး၊ စီးပွားရေးနှင့် ကုသိုလ်ရေးများကို ဆောင်ရွက်ရာတွင် လိုက်နာအပ်သည်များကို လိုက်နာကြရန်၊ ရှောင်ကြဉ်အပ်သည်များကို ရှောင်ကြဉ်ကြရန် ဆိုရိုးစကားများဖြင့် ဆုံးမဩဝါဒပေးခဲ့သည်။ ပညာဥစ္စာရှာရာတွင် အစုအပုံရရှိရန်အတွက်မူ "ပညာလိုသော် မပျင်းနှင့် ဥစ္စာလိုသော်မငြင်းနှင့်"ဟု ဖော်ပြခဲ့သည်။

ထို့ပြင် လူပျင်းတို့၏စရိုက်လက္ခဏာများကိုလည်း ဖော်ပြခဲ့သည်။ "လူပျင်းလှံ့လတစ်ခဏ"ဟု ဆိုခဲ့ပြီး "ယောက်ျားပျင်း ကျောခင်း၊ မိန်းမပျင်း ခြေဆင်း"ဟု ထောက်ပြခဲ့သည်။ ဆင်ခြင်လျှင် ပျင်းရိခြင်းကို တွန်းလှန်နိုင်ပါသည်။

လောကတွင် လူတို့တပ်မက်သော အိပ်ခြင်းကို လိုအပ်သည်ထက် မအိပ်စက်ရန်လည်း လမ်းပြခဲ့သည်။ ဤသည်ကား "မအိပ်မနေ အသက်ရှည်"ဟူသော စကားဖြစ်သည်။ မြန်မာရာဇဝင်တွင် တကောင်းပြည်မှ မောင်ပေါက်ကျိုင်းသည် မအိပ်ဘဲနေခြင်းဖြင့် ရန်သူနဂါးကို ထိုးခုတ်သတ်ဖြတ်ကာ မိမိမသေ အသက်ရှင်ရ၊ ရှည်ရပြီး မင်းစည်းစိမ်ကို စံစားရသည်။

မအိပ်မနေ ကြိုးပမ်းဆောင်ရွက်သဖြင့် ကြီးပွားချမ်းသာသွားသူများစွာရှိသည်။ ထင်ရှားသူတစ်ဦးမှာ သိပ္ပံပညာရှင်ကြီး သောမတ်စ်အယ်ဒီဆင်ဖြစ်သည်။ သူသည် သိပ္ပံသုတေသနအလုပ်များကို မအိပ်မနေ လုပ်ခဲ့သည်။ တစ်နေ့ တစ်နာရီမျှသာ အိပ်သောရက်ပေါင်းထောင်ချီရှိခဲ့သည်။ နှစ်ည၊ သုံးည၊ မအိပ်သောရက်ပေါင်းလည်းအများအပြားရှိခဲ့သည်။ အကျိုးဆက်ကား သိပ္ပံသုတေသနလုပ်ငန်းပေါင်းတစ်ထောင်ကျော်အောင်မြင်ခဲ့သည်။ အသက် ၈၀ ကျော်ထိ နေသွားခဲ့ရသည်။ မသေမီ သန်းကြွယ်သူဌေးကြီးဖြစ်ခဲ့သည်။

**မြန်မာစကားပုံများက ထောက်ပြမှု**

ပျင်းရိခြင်း၏ ဆန့်ကျင်ဘက်မှာ ဇွဲ၊ လုံ့လ၊ ဝီရိယရှိခြင်းပင်ဖြစ်သည်။ မြန်မာစကားပုံများက မပျင်းရိကြရန်အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်အပ်ပုံ၊လုပ်သင့်သည်ကို အချိန်မီမဆောင်ရွက်လျှင် အကျိုးမရှိပုံ၊ အချိန်မီဆောင်ရွက်လျှင် အကျိုးကျေးဇူးများပုံ၊ ဝီရိယလွန်ကဲပြန်လျှင်လည်း ပင်ပန်းမှုသာအဖတ်တင်ပြီး အကျိုးမရှိပုံ၊ ပေါ်လာသောအခွင့်အလမ်းကို လက်မလွှတ်တမ်း ဖမ်းဆုပ်အပ်ပုံနှင့် ရေကုန်ရေခန်းကြိုးပမ်းဆောင်ရွက်လျှင် အကျိုးကျေးဇူးများပုံတို့ကို ဖွင့်ဆိုပြခဲ့သည်။

"ပွဲမဝင်ခင် ပြင်ကကျင်းပ" ဟူသည် လုပ်ငန်းကြီးငယ်မဟူ မဆောင်ရွက်မီ ကြိုတင်ပြင်ဆင်ရမည်။ ကြိုတင်ဇာတ်တိုက်လေ့ကျင့်ရမည်ဟု ဆိုခဲ့သည်။ ကြိုတင်ပြင်ဆင်မှုမရှိလျှင် ဒုက္ခရောက်နိုင်ပုံကိုလည်း "ကျားလိုက်မှ တုတ်ခုတ်"၊ "ဆင်လိုက်မှ သစ်ပင်ရှာ" ခြင်းမပြုအပ်ဟု သတိပေးထားသည်။ အန္တရာယ်ဖြစ်နိုင်ခြေရှိသောလုပ်ငန်းဆိုလျှင် ကြိုတင်ပြင်ဆင်ထားရမည်ကို မီးမောင်းထိုးပြထားသည်။ ထို့ကြောင့် ကြိုတင်ပြင်ဆင်ခြင်းဟူသည် လုပ်ငန်းတိုင်းမဖြစ်မနေ လုပ်ရမည့်အလုပ်ဖြစ်ပေသည်။

လုပ်သင့်လုပ်ထိုက်သည့်အလုပ်များ နောက်ကျဆောင်ရွက်လျှင်လည်း အချည်းနှီးဖြစ်ရပုံများကို "နေဝင်မှစပါးလှန်း"၊ "မိုးသောက်မှကြက်တွန်" "မိုးလွန်မှထွန်ချ" နှင့် " ငါးလွန်မှကွန်စွန့်"ခြင်း ရှောင်ရှားရမည်ကို စကားပုံဖြင့် ဆုံးမထားသည်။

လုပ်သင့်သည့်အလုပ်ကို အချိန်ကိုက်ဆောင်ရွက်တတ်လျှင် အကျိုးရှိပုံကို "လုံ့လလည်းထူ မိုးလည်းကူ၊ နွားချေးလည်းချ ကံလည်းမ"ဟုဖော်ပြထားသည်။ အထူးသဖြင့် စိုက်ပျိုးရေးဆောင်ရွက်နေသူများအတွက်ဖြစ်သည်။ လုပ်သင့်သည်များကို အချိန်မီဆောင်ရွက်ခြင်းဖြင့် သီးနှံအထွက်တိုးကာ စီးပွားဖြစ်ထွန်းရသည်။

ဝီရိယလွန်ကဲကာ ဆောင်ရွက်လျှင်လည်း အကျိုးထက်အပြစ်ဖြစ်တတ်ပုံကို "ယုန်မရခင် သံပရာရှာ"ဟု ဆိုထားသည်။ ယုန်မမိသေးမီ ယုန်သားဟင်းချက်ရန် သံပရာပိုင်းဒယ်အိုးကို ရှာနေခြင်းမျိုးလည်းမဖြစ်သင့်ဟု သတိပေးထားသည်။ ဤစကားပုံသည် ကြိုတင်ပြင်ဆင်အပ်ပုံနှင့်ဆန့်ကျင်သည်။ ဘဝအတွေ့အကြုံပေါ်မူတည်ပြီး မယုတ်မလွန်ဆောင်ရွက်ကြရပါမည်။

အခွင့်အခါကောင်းကို လက်မလွှတ်ရန်မှာ အထူးအရေးကြီးသည်။ အခွင့်အခါတို့မည်သည် အမြဲပေါ်မလာတတ်ပေ။ ထို့ကြောင့် မြန်မာစကားပုံများက ဤသို့လမ်းပြခဲ့သည်။ "နေပူတုန်းစပါးလှန်း"၊ "မိုးရွာတုန်းရေခံ"နှင့် "လသာတုန်းဗိုင်းငင်"ဟူ၍ဖြစ်သည်။

ကြီးပွားချမ်းသာရေး၏ ရေသောက်မြစ်မှာ ဇွဲ၊ လုံ့လ၊ ဝီရိယပင်ဖြစ်သည်။ ထို့ကြောင့် ဤဖော်ပြပါစကားပုံများအတိုင်း ဆောင်ရွက်လျှင် ကြီးပွားချမ်းသာမည်မုချဖြစ်သည်။ "ငုပ်မိသဲတိုင် တက်နိုင်ဖျားရောက်"၊ "တစ်နေ့တစ်လံ ပုဂံဘယ်ရွှေ့မလဲ"နှင့် "လှေခွက်ချည်းကျန် အလံမလှဲ"တို့ဖြစ်ကြသည်။

ဘဝဟူသည် အနာခံမှ အသာစံရသည့် သဘောလည်းရှိသည်။ မကြိုးပမ်းဘဲ မစွန့်စားဘဲ ကြီးပွားချမ်းသာသွားသူများမှာ ရှားပါးသည်။ ထို့ကြောင့် "အရိပ်မလာခင် နေပူကစောင့်"ရမည်ဟု စကားပုံဖြင့် ရှေးလူကြီးများက ဆုံးမထားသည်။ ဤသည်တို့က ဘဝလမ်းပြကြယ် မြန်မာစကားပုံများဖြစ်ကြပါသည်။

**နိုင်ငံတကာစကားပုံများ**

ပျင်းရိခြင်းကို မည်သည့်လူမျိုးကမျှ မချီးမွမ်းပါ။ ပျင်းရိခြင်းမပြုရန်၊ ပျင်းရိခြင်းကို ဖယ်ထုတ်ကြရန်၊ ဇွဲ၊ လုံ့လ၊ ဝီရိယကိုသာ အရင်းတည်ရန် နိုင်ငံတကာ ရှေးလူကြီးသူမများကလည်း စကားပုံဖြင့် ဆုံးမခဲ့သည်။ အသိပညာပေးခဲ့သည်။

အင်္ဂလိပ်စကားပုံတစ်ခုက ဤသို့ဆိုသည်။ "An-idle brain is the devil's workshop- အားလပ်နေသည့် (ပျင်းနေသည့်) ဦးနှောက်သည် မာရ်နတ်မင်း၏ အလုပ်ရုံဖြစ်သည်။ နောက်စကားပုံတစ်ခုမှာ "Lazy people take the most pains' -ပျင်းရိသောသူများသည် ဘေးဒုက္ခများစွာ ခံစားရသည်"ဟုဖြစ်သည်။ အပျင်းပြေစေရန် အရက်၊ မူးယစ်ဆေးဝါး၊ ဆေးလိပ်သောက်သုံးမိသည်။ လက်ကိုင်ဖုန်းဖြင့် ဂိမ်းကစားသည်။ မသိကျွမ်းသူများဖြင့် စကားများပြောသည်။ အပျော်အပါး အသွားအလာလုပ်သည်။ သို့ဖြင့် အကျိုးဆုတ်ယုတ်ရတော့သည်။

ပျင်းသောသူ ခံစားရတတ်သည့်ဒုက္ခများကိုလည်း စပိန်စကားပုံက ဤသို့ပြောထားသည်။ "The busy man is trouble with but one devil, the idle man by a thousand - အလုပ်များသူ (ဝီရိယရှိသူ) တစ်ဦးသည် မကောင်းဆိုးဝါးတစ်ကောင်ကြောင့် စိတ်ညစ်ရသည်။ အားလပ်နေသူ (ပျင်းရိသောသူ) သည် မကောင်းဆိုးဝါးအကောင်တစ်ထောင်ကြောင့် စိတ်ညစ်ရသည်"ဟု ဖော်ညွှန်းခဲ့သည်။

ပျင်းရိခြင်းကား ဤမျှကြောက်စရာကောင်းသည်။ ထို့ကြောင့် ပျင်းနေသင့်သလား၊ တက်တက်ကြွကြွ ပြောဆိုလုပ်ကိုင်နေသင့်သလားကို စဉ်းစားသုံးသပ်ရပါမည်။ မပျင်းရိဘဲ လုပ်စရာအလုပ်များကို အချိန်မဆိုင်းလုပ်ကြရန်လည်း အင်္ဂလိပ်စကားပုံတစ်ခုက "Never put off tomorrow what may be done today- ဒီနေ့လုပ်နိုင်သည့်အလုပ်ကို မနက်ဖြန်ထိ မရွှေ့ဆိုင်းပါနှင့်"ဟုဆိုထားသည်။

နှောင့်နှေးလုပ်ကိုင်လျှင် အန္တရာယ်များတတ်ပုံကိုလည်း "Delays are dangerous"ဟု တွေ့ရပြန်သည်။ ဤသည်တို့ကို နှလုံးသွင်းပြီး မနှေးလွန်း မမြန်လွန်းစေဘဲ သတိကို တမံသဖွယ်အသုံးပြု၊ ဉာဏ်ကို မြေကတုတ်အလားပမာထားကာ မှန်မှန်လုပ်ခြင်းသည် ကောင်းကျိုးတရား ပွားများနိုင်ပါသည်ဟု ဆင်ခြင်မိပါသည်။

နောက်ဆုံးအင်္ဂလိပ်စကားပုံတစ်ခုကို ပြောပါဦးမည်။ ဤသည်ကား အလုပ်နှင့်ပတ်သက်သည်။ အလုပ်ရှိခြင်းသည် ပျော်ရွှင်မှုကို သယ်ဆောင်လာသည်။ "Employment brings enjoyment"ဟုဖြစ်သည်။ ပျော်ရွှင်မှုဟူသည် ဟာသရုပ်ရှင်ကားကြည့်ပြီး တဝါးဝါး တဟားဟားရယ်ရခြင်းကို ဆိုလိုခြင်းမဟုတ်၊ ပညာ စည်းစိမ်ဥစ္စာနှင့် ဂုဏ်ကျက်သရေများကို သယ်ဆောင်လာသည်ဟုဆိုခြင်းဖြစ်သည်။

❖ ပျင်းရိခြင်းကို မြတ်ဗုဒ္ဓက ဘေးဟု ဟောကြားတော်မူသည်။ ပျင်းရိခြင်းဘေးမှ လွန်မြောက်နိုင်သည့် တစ်ခုတည်းသောစွမ်းပကားမှာ ဝီရိယဟုလည်း လမ်းညွှန်ဟောကြားခဲ့သည်။ ထို့ကြောင့် ပျင်းရိခြင်း ဘေးနှင့်မတွေ့ရစေရန် ပျင်းရိခြင်းကို မောင်းထုတ်ရပါမည်။ တစိုးတစိမှ အဝင်မခံရပါ။ အကယ်၍ ဤပျင်းရိခြင်းဘေး မိမိထံဝင်လာလျှင် မိမိ၏ စည်းစိမ်ဥစ္စာများမဖြစ်ထွန်းနိုင်ပါ။ ယိုကျကုန်ဆုံးပါမည်။ နောက်ဆုံး စည်းစိမ်ဥစ္စာများ ပျက်စီးဆုံးရှုံးပါမည်။ ထိုအခါဆင်းရဲပါမည်။ ❖

**ပျင်းရိခြင်း၏ဆိုးပြစ်များ**

ပျင်းရိခြင်းကို မြတ်ဗုဒ္ဓက ဘေးဟုဟောကြားတော်မူသည်။ ပျင်းရိခြင်းဘေးမှ လွန်မြောက်နိုင်သည့် တစ်ခုတည်းသောစွမ်းပကားမှာ ဝီရိယဟုလည်း လမ်းညွှန်ဟောကြားခဲ့သည်။

ထို့ကြောင့် ပျင်းရိခြင်းဘေးနှင့် မတွေ့ရစေရန် ပျင်းရိခြင်းကို မောင်းထုတ်ရပါမည်။ တစိုးတစိမှအဝင်မခံရပါ။ အကယ်၍ ဤပျင်းရိခြင်းဘေး မိမိထံဝင်လာလျှင် မိမိ၏စည်းစိမ်ဥစ္စာများမဖြစ်ထွန်းနိုင်ပါ။ ယိုကျကုန်ဆုံးပါမည်။ နောက်ဆုံး စည်းစိမ်ဥစ္စာများ ပျက်စီးဆုံးရှုံးပါမည်။ ထိုအခါ ဆင်းရဲပါမည်။

မြတ်ဗုဒ္ဓ၏တရားတော်များကို အကျဉ်းချုပ်ဖော်ပြပါမည်။

အခါတစ်ပါးတွင် မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် သာဝတ္ထိပြည်မှ သူဌေးသားအဖ မြတ်စွာဘုရားထံရောက်လာသည်။ သားက ခုနစ်နှစ်အရွယ်ဖြစ်သည်။ ဖခင်ကို စီးပွားဥစ္စာဖြစ်ထွန်းစေကြောင်း တရားများမေးသည်။ ဖခင်က မဖြေတတ်၊ ထို့ကြောင့် မြတ်စွာဘုရားထံ ခေါ်လာခြင်းဖြစ်သည်။ မြတ်စွာဘုရားထံ တင်ပြလျှောက်ထားရာ ကလေးငယ်ကို အောက်ပါအကြောင်းတရားတို့သည် စည်းစိမ်ဥစ္စာများ ဖြစ်ထွန်းစေကြောင်းတရားများဟု ဟောဖော်လမ်းညွှန်ခဲ့သည်။

မြတ်စွာဘုရား၏ပထမတရားတော်မှာ ကျန်းမာရေးကောင်းမွန်ရမည်။ ကိုယ်ကျင့်သီလစောင့်ထိန်းရမည်။ ပညာရှင်တို့၏ အဆုံးအမဩဝါဒကို လိုက်နာရမည်။ အကြားအမြင် ဗဟုသုတပြည့်စုံရမည်။ မပျင်းမရိ ကြိုးစားရမည်။

ဤတရား၏အချုပ်မှာ မပျင်းမရိကြိုးစားခြင်းဖြစ်ကြောင်း တွေ့ရပါသည်။ မပျင်းရိမှ ကျန်အချက်လေးချက်ကို ဖြည့်ဆည်းနိုင်ပါမည်။ သို့ဖြင့် စည်းစိမ်ဥစ္စာများ တိုးပွားဖြစ်ထွန်းပါမည်။

မြတ်စွာဘုရား၏ ဒုတိယတရားတော်မှာ သံယုတ်ပါဠိတော်ပါ စီးပွားဥစ္စာယိုထွက်ပေါက် ခြောက်မျိုးဖြစ်သည်။ ဤသည်တို့ကား ပျင်းရိခြင်း၊ မေ့လျော့ခြင်း၊ လုံ့လဝီရိယမရှိခြင်း၊ မစောင့်စည်းခြင်း၊ အအိပ်များခြင်း၊ မမွေ့လျော်ခြင်းတို့ဖြစ်ကြပါသည်။ ဤတရားတော်တွင်လည်း ပျင်းရိခြင်းသည် အစအဦး ပထမထားဖော်ပြထားပါသည်။ ဤခြောက်မျိုးသော ယိုထွက်ပေါက်များကို ပိတ်နိုင်ပါလျှင် စည်းစိမ်ဥစ္စာများတိုးပွားရပါမည်။

မြတ်စွာဘုရား၏ တတိယတရားတော် မှာ ဒီဃနိကာယ်ပါထိကဝဂ္ဂပါဠိတော် သိင်္ဂါလသုတ်ပါ ပစ္စည်းဥစ္စာပျက်စီးကြောင်း တရားခြောက်မျိုးဖြစ်သည်။ ဤသည်တို့ကား သေရည်နှင့် မူးယစ်ဆေးဝါးအမျိုးမျိုးသောက်စားလေ့ရှိခြင်း၊ အချိန်အခါမဲ့ ခရီးလမ်းမတို့၌ သွားလာလှည့်ပတ်လေ့ရှိခြင်း၊ ပွဲလမ်းသဘင်ကို ရှာဖွေကြည့်ရှုလေ့ရှိခြင်း၊ လောင်းကစားအမျိုးမျိုးကို ပြုလေ့ရှိခြင်း၊ မကောင်းသောအဆွေခင်ပွန်းတို့နှင့်ပေါင်းသင်းမှိဝဲလေ့ရှိခြင်း၊ ပျင်းရိလေ့ရှိခြင်းတို့ ဖြစ်ကြပါသည်။ ပျင်းရိသဖြင့် အခြားသောငါးမျိုးကို ပြုလုပ်မိတော့သည်။ သို့ဖြင့် စည်းစိမ်ပျက်ရပေတော့သည်။

ပျင်းရိခြင်းကို မတိုက်ဖျက်ဘဲ၊ မဖယ်ရှားဘဲ ပျင်းရိခြင်းအား မိမိ၏စိတ်တွင် မွေးမြူမည်ဆိုပါလျှင် ပညာ၊ ဥစ္စာကုသိုလ်များ မဖြစ်ထွန်း ယိုထွက်ကုန်ဆုံးပြီး နောက်ဆုံးစီးပွားဥစ္စာများပင် ပျက်စီးသည့်အဆင့်ရောက်သွားနိုင်ပါသည်။ ဤသည်တို့ကား လောကီအကျိုးဆုတ်ယုတ်မှုများပင်။ ထို့ကြောင့် ပျင်းရိခြင်းကို ဖယ်ရှားပြီး ဇွဲ၊ လုံ့လ၊ ဝီရိယအစွမ်းဖြင့် ချမ်းသာသောဘဝကို တည်ဆောက်ကြပါစို့ဟု ရေးသားလိုက်ပါသည်။

**ကိုးကား**

- **ပိဋကတ်တော်လာ မြတ်ဗုဒ္ဓ၏ကြီးပွားရေးလမ်းညွှန်ချက်များ အရှင်ကဝိဓဇ(မဟာဓမ္မာစရိယ)**
- **နိုင်ငံတကာစကားပုံအဘိဓာန် ဦးတင့်ဝင်းနိုင်**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်ပြီး ဖြစ်ပါသည်။

## ၁၇-၇-၂၀၂၄ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့် အလှူရှင်များစာရင်း

နဝကမ္မ

| စဉ် | အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၄၃၅၇။ | အဖေ ဦးစိန်လှ(သိပ္ပံစိုးမြင့်နိုင်)ကွယ်လွန်ခြင်း (၅)နှစ်ပြည့် ရည်စူးဒါနနှင့် အမေ ဒေါ်ထွေးလေးအား အမှူးထားလျက် ဒေါက်တာအောင်ဇေယျ မိသားစုကောင်းမှု | ၁၀၀၀၀၀၀ |
| ၄၃၅၈။ | ကွယ်လွန်သူဦးတင်မောင်လတ်နှင့် ဒေါ်စုစုလတ်တို့အား ရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၁၀၀၀၀၀၀ |
| ၄၃၅၉။ | ရှမ်းပြည်နယ်တောင်ပိုင်း၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်း အဖွဲ့နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့အငြိမ်းစားဝန်ထမ်းများကောင်းမှု | ၅၀၀၀၀၀ |
| ၄၃၆၀။ | ကွယ်လွန်သူ ဦးအုံးရှိန်နှင့်ဇနီး ဒေါ်အုန်းကြည်တို့အား ရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၄၃၆၁။ | ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးရှိ ပြည်ထောင်စုစာရင်း စစ်ချုပ်ရုံးမှ အရာထမ်းများကောင်းမှု | ၃၅၀၀၀၀ |
| ၄၃၆၂။ | သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ စွမ်းဆောင်ရည်မြှင့်တင်သင်တန်းနှင့်စီမံကိန်းမှ သင်တန်းသားများကောင်းမှု | ၃၀၀၀၀၀ |
| ၄၃၆၃။ | နှစ်ဖက်သောမိဘများအားအမှူးထား၍ ဦးခင်မောင်ဝင်းနှင့်ဇနီး အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်သန်းသန်းနွဲ့မိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၄၃၆၄။ | မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပန်းဥယျာဉ်နှင့် ကစားကွင်းဌာနမှဝန်ထမ်းများကောင်းမှု | ၂၂၀၀၀၀ |
| ၄၃၆၅။ | ဖျာပုံမြို့နယ်၊ တင်ပုလွဲကျေးရွာဆရာတော်ဦးဆောင်သည့် ဓမ္မစကူးလ် ဆရာ/ဆရာမများနှင့် ကျောင်းသား/ကျောင်းသူများကောင်းမှု | ၁၈၅၀၀၀ |
| ၄၃၆၆။ | ကွယ်လွန်သူ အဘိုးအဘွား၊ မိဘများအားရည်စူး၍ ဦးစိုးမြင့်နှင့် ဒေါ်မြတ်သန္တာစိုး၊ (သမီး)သင်းလွင်စိုး၊ ဦးအောင်ကိုကိုထိုက်နှင့်ဇနီး ဒေါ်နှင်းလွင်စိုး၊ (သား)မောင်ကျော်ဗိုလ်ဗိုလ်ခန့်၊ မောင်အောင်ဗိုလ်ဗိုလ်ခန့်၊ မောင်ညီဗိုလ်ဗိုလ်ခန့်၊ ဦးခင်ကျော်နှင့် ဒေါ်ဝတ်ရည်စိုး မိသားစုတစ်စုကောင်းမှု | ၁၁၀၀၀၀ |
| ၄၃၆၇။ | ဦးတင်အေးနှင့်ဇနီး ဒေါ်ဝင်း၊ သား/သမီး/မြေး/မြစ်တစ်စုကောင်းမှု | ၁၀၀၀၀၀ |
| ၄၃၆၈။ | ဆရာတော်ဦးပညာသိဒ္ဓိကောင်းမှု | ၁၀၀၀၀၀ |
| ၄၃၆၉။ | ဗိုလ်မှူးကြီးအုံးကျော်နှင့်ဇနီး ဒေါ်ဝင်းစန္ဒာကျော်၊ (သမီး)မအေးချမ်းဆုမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၄၃၇၀။ | ဦးအောင်စိုးဦးနှင့်ဇနီး ဒေါ်ဇာခြည်ဖြိုး မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၄၃၇၁။ | မိခင်ကြီး ဒေါ်ခေမာဝတီ၏ (၉၁)နှစ်မွေးနေ့ကောင်းမှု | ၁၀၀၀၀၀ |
| ၄၃၇၂။ | ဒေါ်တင်ကြည်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၄၃၇၃။ | ဒေါ်ခင်လှ၊ မယမုံဦး၊ မနှင်းအေးဝေ၊ မစိုးရတနာ၊ မောင်ထက်အောင်ရှိုင်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၄၃၇၄။ | ကိုမျိုးမင်းထွဋ်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၄၃၇၅။ | ဦးကျော်လေးနှင့်ဇနီး ဒေါ်တင်ဦး မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၄၃၇၆။ | မဆုသျှားလွဲဇော်ကောင်းမှု | ၁၀၀၀၀၀ |
| ၄၃၇၇။ | ဦးဆလိုင်းစိန်မြနှင့်ဇနီး ဒေါ်နော်အေးအေးသွင်၊ (သမီး)မဆူးဆူးညား၊ မချိုငြိမ်းချမ်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၄၃၇၈။ | ဦးစံမျိုးနှင့်ဇနီး ဒေါ်ခင်စန်းဝင်း၊ (သမီး)ကိုဌေးလင်းထက်နှင့်ဇနီး မမျိုးစန္ဒီခင်၊ မမျိုးသီရိခင်၊ မမျိုးပြည့်လျှံခင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၄၃၇၉။ | မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ သားသတ်ဌာနခွဲမှဝန်ထမ်းမိသားစုကောင်းမှု | ၇၀၀၀၀ |
| ၄၃၈၀။ | ဖာပိန်ကျောင်းဆရာတော် ဦးနန္ဒဝံသကောင်းမှု | ၅၀၀၀၀ |
| ၄၃၈၁။ | ဦးကျော်ထန်နှင့်ဇနီး ဒေါ်ခိုင်ခိုင်ထွန်း မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၃၈၂။ | ကွယ်လွန်သူ ဦးတင်အောင်နှင့် ဒေါ်ကျန်စိန်တို့အား ရည်စူး၍ ဦးဌေးအောင်နှင့်ဇနီး ဒေါ်ဌေးဌေးလွင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၃၈၃။ | ကွယ်လွန်သူ ဦးခင်မောင်ဝင်းနှင့်ဇနီး ဒေါ်ဖလားဝါးတို့အား ရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၃၈၄။ | အဘိုးဦးဘမောင်နှင့် ဒေါ်ခင်ကြည်၊ ဦးအုန်းမြင့်ကျော်နှင့်ဇနီး ဒေါ်သီတာအေး မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၃၈၅။ | ဦးခင်မောင်ဝင်းနှင့်ဇနီး ဒေါ်ထွေးလှမိသားစုကောင်းမှု | ၅၃၀၀၀ |
| ၄၃၈၆။ | ကွယ်လွန်သူ ဦးမောင်မောင်ကြည်နှင့် ဒေါ်အေးအေးမာတို့အားအမှူးထား၍ ဒုတိယဗိုလ်မှူးကြီးမင်းနိုင် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၃၈၇။ | ဦးစောမြအောင်နှင့်ဇနီး ဒေါ်ခင်လေးမြင့် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၃၈၈။ | ဖေဖေဦးဆန်းလွင်နှင့်ဇနီး မေမေဒေါ်ရီရီလှ၊ (သား)ဗိုလ်မှူးဝင်းထွဋ်အောင်မွေးနေ့ကောင်းမှု | ၅၀၀၀၀ |
| ၄၃၈၉။ | ဦးအေးလွင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၃၉၀။ | ကိုချစ်ပေါက်၊ ကိုဖိုးချစ်၊ မဘုတ်ဆုံမ၊ မဘေဘီနှင့် မိဖြူတစ်စုကောင်းမှု | ၅၀၀၀၀ |
| ၄၃၉၁။ | ဦးသိန်းမြင့်နှင့်ဇနီး ဒေါ်အေးကြိုင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၃၉၂။ | ဦးနော်လေးနှင့်ဇနီး ဒေါ်စံရတီထွန်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၃၉၃။ | ဦးတင်အောင်မိုးနှင့်ဇနီး ဒေါ်စန်းစန်းဝင်း၊ (သား)မောင်ကောင်းထက်သာမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၃၉၄။ | ကွယ်လွန်သူ ဦးမောင်တိုးအားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၃၉၅။ | ဦးထွန်းအေးနှင့်ဇနီး ဒေါ်သိန်းဌေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၃၉၆။ | ဦးမောင်မောင်ရင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၃၉၇။ | ဦးစိုးဝင်းနှင့်ဇနီး ဒေါ်သန္တာဇံမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၃၉၈။ | ဦးအုန်းလွင်နှင့်ဇနီး ဒေါ်မာလာထွန်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၃၉၉။ | ကွယ်လွန်သူ ဦးစိုးမင်းသိန်းအားရည်စူး၍ ဒေါ်သီတာအေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၄၀၀။ | ကိုဇင်မျိုးထွန်းနှင့်ဇနီး မလဲ့လဲ့ဖြိုးလှိုင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၄၀၁။ | ဒေါ်ခင်ကလျာဦးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၄၀၂။ | ကွယ်လွန်သူ ဦးကျော်ရှိန်အားရည်စူး၍ ဒေါ်မြင့်မြင့်သန်းအား အမှူးထားကာ ဦးအောင်မိုးကျော်မွေးနေ့ကောင်းမှု | ၅၀၀၀၀ |
| ၄၄၀၃။ | ဒေါ်ကြည်လှိုင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၄၀၄။ | ဒေါ်နန်းခမ်းလာမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၄၀၅။ | ဦးဟေမောင်လေးနှင့်ဇနီး ဒေါ်ခင်ရီမိသားစုကောင်းမှု | ၅၀၀၀၀ |

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၀၁၃၃၅၆၀၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၀၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဦးအောင်စည်သူ(မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဂေါပကအဖွဲ့ရုံး)** ၀၉-၆၆၄၀၀၀၀၄၁၊ ၀၉-၄၄၄၆၆၆၁၁၆

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှင့်ပြင်းထန်မှုတို့ကိုလျော့နည်းစေနိုင်ခြင်း (အထူးအားဖြင့် နာတာရှည်ရောဂါခံစား နေရသူများနှင့် သက်ကြီးရွယ်အိုများ)၊ ရောဂါ၏နောက်ဆက်တွဲပြဿနာဖြစ်သည့် ကိုယ်တွင်းအင်္ဂါများထိခိုက်ပျက်စီးမှုမှသည် အသက်အန္တရာယ်ဆုံးရှုံးမှုဖြစ်သည်အထိ ဖြစ်ပေါ်ခြင်းမှလျော့ချနိုင်ခြင်းတို့ကြောင့် အသက်ငါးနှစ်နှင့်အထက်ရှိသော ပြည်သူလူထုအားလုံးသည် နီးစပ်ရာကျန်းမာရေးဌာနများနှင့်ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး(ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် ထပ်ဆောင်းကာကွယ်ဆေး)များကို မဖြစ်မနေသွားရောက်ထိုးနှံကြရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**








## စစ်ကိုင်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့
## လေလံလျှော်က်လွှာခေါ် ယူခြင်း

၁။ စစ်ကိုင်းမြို့နယ်တရားရုံး၏ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၂၃-က အရ သိမ်းဆည်းထားသည့် ပြည်သူ့ဘဏ္ဍာသိမ်း အကောက်ခွန်မဲ့ လူသုံးကုန်ပစ္စည်းများအား အောက်ပါအတိုင်း အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်-

(က) လေလံလျှော်က်လွှာရောင်းချမည့်ရက် - (၁၇-၇-၂၀၂၄)မှ (၂၉-၇-၂၀၂၄)အထိ
(ခ) လေလံလျှော်က်လွှာရောင်းချမည့်နေရာ - ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၊စစ်ကိုင်းမြို့
(ဂ) လေလံတင်ရောင်းချမည့်ရက်/အချိန် - (၃၁-၇-၂၀၂၄)ရက်နေ့(၁၀း၀၀)အချိန်
(ဃ) လေလံတင်ရောင်းချမည့်နေရာ - ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၊ စစ်ကိုင်းမြို့

၂။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါဖုန်းနံပါတ်သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**လေလံတင်ထုခွဲရောင်းချရေးအဖွဲ့**
**ဖုန်း-၀၉-၂၅၉၄၆၉၅၅၇**

## ကန့်ကွက်လွှာခေါ် ယူခြင်းကြော်ငြာစာ

မြင်းခြံမြို့၊ အမှတ်(၁)၊ တိုးချဲ့ရပ်ကွက်၊ ကွင်း/အကွက်အမှတ် C-၁၃၃မြေကွက်ပေါ်တွင် ဦးအောင်နိုင် (၉/မခန (နိုင်)၀၀၆၁၃၇) ကိုင်ဆောင်သူမှ (အလျား ၃၅'-၀"၊ အနံ ၃၅'-၀")၊ RC-၁ထပ်အဆောက်အဦ ဆောက်လုပ်ခွင့်ပြုမိန့်လျှော်က်ထားလာပါသည်။ ယင်းအဆောက်အဦ လျှော်က်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍(၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများ ယူဆောင်လာ၍ မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး၏ တာဝန်ရှိသူထံသို့ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

## ကန့်ကွက်လွှာခေါ် ယူခြင်းကြော်ငြာစာ

မြင်းခြံမြို့၊ အမှတ်(၄)ရပ်ကွက်၊ကွင်း/အကွက်အမှတ်၂၂၊ ဦးပိုင်အမှတ်-၁၆၀ ရှိမြေကွက်ပေါ်တွင် ဦးအောင်မြိုင် (၉/မရမ(နိုင်)၀၁၁၄၁၁) ကိုင်ဆောင်သူမှ (အလျား ၂၀'-၀"၊ အနံ ၂၅'-၀")၊ RC-၁ထပ်အဆောက်အဦ ဆောက်လုပ်ခွင့်ပြုမိန့်လျှော်က်ထားလာပါသည်။ ယင်းအဆောက်အဦလျှော်က်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍(၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများ ယူဆောင်လာ၍ မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး၏ တာဝန်ရှိသူထံသို့ လူကိုယ်တိုင် တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

### COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



### COVID-19 ရောဂါကူးစက်ခံရမှုမှ ကာကွယ်နိုင်ရန်

လေဝင်လေထွက်ကောင်းမွန်စေရန် လေကောင်းလေသန့်နှင့် နေရောင်ခြည်အလင်းရောင် ရရှိစေရေးတို့အတွက် အိမ်ရှိတံခါးများကိုဖွင့်ထားပါ။



### COVID-19 ရောဂါကူးစက်ခံရမှုမှ ကာကွယ်နိုင်ရန်



အိမ်တွင်း ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်းများပြုလုပ်ပါ။ အာဟာရပြည့်ဝစေမည့် အစားအစာများ စားသောက်ပါ။ ကောင်းစွာအိပ်စက်အနားယူပါ။

## အမည်မှန်

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်နေ ဦးချမ်းအေး၏သမီး မဟန်ရတနာ ၏ အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ မစံရတီလှိုင် ဖြစ်ပါကြောင်း။

**မစံရတီလှိုင်**

## ဖခင်အမည်မှန်

မန္တလေး၊ ပုသိမ်ကြီးမြို့နယ်၊ အထက-ပုသိမ်ကြီး ဒသမတန်း(D) မှ ကျောင်းဝင်အမှတ် (ခ-၂၇၃၀)ဖြင့် ပညာသင်ကြားနေသော မအိအိခိုင် ၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးဇင်အောင်ထိုက်ဖြစ်ပါကြောင်း။ **ဦးဇင်အောင်ထိုက်(၉/ပသက(နိုင်)၀၃၆၉၅၉)**

## အမည်ပြောင်း

မြစ်ကြီးနားမြို့၊ ရာပြည့် ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-11 တွင်ပညာသင်ကြားနေသော မောင်ညီညီမင်းထက် (ဘ) ဦးဝင်းဖေမြင့် အား မောင်ဘုန်းသျှံ ဟု အမည်ပြောင်းလဲခေါ် ဆိုပါရန်။

**မောင်ဘုန်းသျှံ**

## ကန့်ကွက်လွှာခေါ် ယူခြင်းကြော်ငြာစာ

မြင်းခြံမြို့၊ အမှတ်(၁၂)ရပ်ကွက်၊ကွင်း/အကွက်အမှတ် ၃၁၊ ဦးပိုင်အမှတ်-၂၀၈ မြေကွက်ပေါ်တွင် ဦးသိန်းမြင့်အောင် (တူမ) မယုဇနမိုး (၉/မခန(နိုင်)၃၂၁၀၅၈)ကိုင်ဆောင်သူမှ (အလျား ၂၅'-၀"၊ အနံ ၂၅'-၀")၊ RC-၁ထပ် အဆောက်အဦ ဆောက်လုပ်ခွင့်ပြုမိန့်လျှော်က်ထားလာပါသည်။ ယင်းအဆောက်အဦဆောက်လုပ်ခွင့်ပြုမိန့်လျှော်က်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍(၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများ ယူဆောင်လာ၍ မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၏ တာဝန်ရှိသူထံသို့ လူကိုယ်တိုင်တွေ့ဆုံတင်ပြ ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

## စာအုပ်
## စာပေ
## လူ့မိတ်ဆွေ

## ပျောက်ဆုံးကြောင်း

ကျောက်ပန်းတောင်းမြို့နယ်၊ နဘဲတန်းကျေးရွာနေ မအိပိုင်ကျော် (ဘ) ဦးငွေဝင်း (၉/ကပတ(နိုင်)၃၀၇၃၀၆)၏ နိုင်ငံကူးလက်မှတ်အမှတ်(MG-142449) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၂၅၉၂၃၀၉၈၈**

## ပျောက်ဆုံးကြောင်း

အိမ်မဲမြို့နယ်၊ ဝါးခရယ်ကျေးရွာနေ စောမူးသယ်ထူး (ဘ) စောမေရှပ် (၁၄/အမန(နိုင်)၂၁၅၀၃၀)၏ နိုင်ငံကူးလက်မှတ်အမှတ်(MH-701894) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၄၂၀၄၂၂၇၃၈**

❖ မျက်မှောက်ကာလတွင် ဒစ်ဂျစ်တယ်နည်းပညာဖြင့် အရာရာကို ဖန်တီးနေနိုင်ပြီဆိုသည်ကို သတိပြုမိကြရန်နှင့် မိမိတို့နိုင်ငံအနေဖြင့်လည်း ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်ရန်၊ နောက်ကျမကျန်ရစ်စေရန်၊ ဒစ်ဂျစ်တယ်လူ့ဘဝ၊ ဒစ်ဂျစ်တယ်စီးပွားရေးဘဝများကို ထူထောင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင်ပြုလုပ်သော မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်နှင့် ကွန်ပျူတာအသင်းများ၏ ၂၅ နှစ်ပြည့် ငွေရတုအထိမ်းအမှတ် ဖွင့်ပွဲအခမ်းအနားတွင်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန်အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

## ၂၀၂၄ ခုနှစ် (၇၇)နှစ်မြောက် အာဇာနည်နေ့အခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဇူလိုင် ၁၇**

၂၀၂၄ ခုနှစ် ဇူလိုင် ၁၉ ရက်တွင် ရောက်ရှိမည့် (၇၇)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ဇူလိုင် ၁၉ ရက် နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါအခမ်းအနားကျင်းပပုံများကို ဇူလိုင် ၁၉ ရက် နံနက် ၇ နာရီ မိနစ် ၄၀ မှ စတင်ပြီး မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV-HD၊ MRTV News၊ MRTV Parliament၊ MRTV NRC၊ MWD-HD၊ MWD Variety HD၊ MITV၊ MOI Website၊ MRTV Website နှင့် မြန်မာ့အသံရေဒီယို၊ သဇင် FM၊ Star FM၊ပတ္တမြား FM၊ FM ပုဂံ၊ ပဒ္မဝတီ FM၊ မန္တလေး FM၊ချယ်ရီ FM၊ရွှေ FMနှင့် MRTV App: အပါအဝင် Online တို့မှ တိုက်ရိုက် (LIVE) ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ပဲခူး-မော်လမြိုင်ရထားလမ်းပိုင်းအတွင်း သထုံမြို့နယ် သိမ်ဆိပ်နှင့် ဒုံဝန်းဘူတာကြား ရထားလမ်းပေါ်တွင် မိုင်းဖောက်ခွဲထားမှုကြောင့် လူစီးရထားလမ်းချော်ကျမှုဖြစ်ပွားပြီး ရထားများကြန့်ကြာမှုဖြစ်






အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က မိုင်းဖောက်ခွဲဖျက်စီးခဲ့သဖြင့် ရထားလမ်းပျက်စီးပြီး ပဲခူး-မော်လမြိုင်လမ်းပိုင်း သိမ်ဆိပ်ဘူတာနှင့်ဒုံဝန်းဘူတာကြား အမှတ်(၈၂)အစုန် လူစီးအမြန်ရထားလမ်းချော်ကျနေမှုကို တွေ့ရစဉ်။

**နေပြည်တော် ဇူလိုင် ၁၇**

ယနေ့မော်လမြိုင်မှ ထွက်ခွာလာသည့် အမှတ်(၈၂)အစုန် မော်လမြိုင်-ရန်ကုန်လူစီးအမြန်ရထားသည် မွန်ပြည်နယ် သထုံမြို့နယ် သိမ်ဆိပ်ဘူတာနှင့် ဒုံဝန်းဘူတာကြား မိုင်တိုင်အမှတ်၊ ၁၂၃/၁၇-၁၅ သို့ နံနက် ၁၁ နာရီ ၁၀ မိနစ်တွင် ရထားရောက်ရှိဖြတ်သန်းစဉ် အဆိုပါနေရာ၌ ရထားလမ်းမိုင်းပေါက်ကွဲထားခြင်းကြောင့် သံလမ်း တစ်ပေခွဲခန့် ပြတ်တောက်နေသဖြင့် စက်ခေါင်းနှင့်အတူ ရထားတွဲဆိုင်းတွင် ပါရှိသော လူစီးတွဲနှစ်တွဲ လမ်းချော်ကျမှုဖြစ်ပွားသည်။

**စာမျက်နှာ ၂၃ ကော်လံ ၁** ☆

**အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။